


မိုက်ရှားချိုချိုအေးမညာ


# ပါရူ

# ဒေါ်ကာ၏အတ္တကထာ

ပ+ဒု နှစ်တွဲပေါင်း၍ ဒုတိယအကြိမ်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com



ဆရာသမားရဲ့ရှေ့မှောက်မှာ
တရားတယ် မတရားဘူးဆိုတာကို
တပည့်တစ်ဦးအနေနဲ့
ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး

pyg0024
4500.00 Ks

mgyoe.com

ဒေါက်တာ၏အတ္တကထာ၊ ပါရဂူ
အပြင်အဆင် - အပ်အက်ဝ်အို၊ စာမျက်နှာ ၄၈၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ အောက်တိုဘာလ၊ နှစ်တွဲပေါင်းဒုတိယအကြိမ်၊
၁၉၉၅ ဝါမိုးအောင်စာပေ၏ ပထမအကြိမ် နှစ်တွဲကို ဆရာပါရဂူပြုပြင်ပြင်ဆင်ပေးခဲ့သောမူ၊
အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဒေါကာ၏အတ္တကထာ

ပါရဂူ

မြန်မာပြန်

နှစ်တွဲပေါင်းဒုတိယအကြိမ်၊ ၂၀၁၅

mgyoe.com

mgyoe.com

ဟိန္ဒီဝတ္ထုရေးဆရာကြီး မနုရှုရမာ

၏

# ဒရိုကာကီအတ္တမကထာ

ကို

ပါရဂူ

မြန်မာပြန်သည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာစကား

"ရာမာယဏ"နှင့် "မဟာဘာရတ"တို့သည် အိန္ဒိယနိုင်ငံ၏ ကမ္ဘာကျော် မဟာကဗျာကျမ်းကြီး နှစ်ကျမ်းဖြစ်သည်။ ယင်းမဟာကဗျာကျမ်းကြီး နှစ်ကျမ်းထဲက ဇာတ်လမ်းဇာတ်ကွက်များကို ယူပြီးလျှင် အိန္ဒိယ စာရေးဆရာများ သည် ခေတ်ပုံစံဖြင့် ဝတ္ထုများကို ရေးသားလေ့ရှိကြသည်။ ဤ "ဒေါဏ၏ အတ္တကထာ"သည်လည်း "မဟာဘာရတ" မဟာကဗျာကျမ်းထဲက ဇာတ်လမ်းဇာတ်ကွက်ကိုယူ၍ ခေတ်ပုံစံဖြင့် ရေးသားထားသော ဝတ္ထုဖြစ်သည်။

ဒေါဏသည် "မဟာဘာရတ"ထဲက ဇာတ်ဆောင်တစ်ဦးဖြစ်သည်။ ဝတ္ထုရေးဆရာသည် ဒေါဏကိုမဏ္ဍိုင်ပြုလျက် "မဟာဘာရတ"တွင်ပါသော ဇာတ်ဆောင်များ၏ လှုပ်ရှားမှုများကို ဤဝတ္ထု၌ ခြယ်မှုန်းပြထားပါသည်။

လောကတံထွာ ဖြစ်ပျက်တတ်သော သဘောတရားများသည် ခေတ်အဆက်ဆက်၌ တစ်သဘောတည်းပင်ဖြစ်သည်။ သမိုင်းခေတ် လူ့လောကတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်မျိုးကိုပင် ယခု မျက်မှောက်ခေတ်၌လည်း မျက်ဝါးထင်ထင်တွေ့မြင်နေကြရသည်။ အားရှိသူက အားမဲ့သူကို အနိုင်ကျင့်ပုံ၊ သူတော်ကောင်းက လူယုတ်မာ၏ အညှဉ်းဆဲခံရပုံ၊ ကောက်ကျစ် စဉ်းလဲသူများ ရိုးသားသူများ၏ ကုပ်ပေါ်နင်းလျက် အပေါ် တက်သွားပုံ၊ ဝါးအစည်းပြေသွားသဖြင့် ဝါးလုံးများ ကစဉ့်ကလျား ဖြစ်သွားရပုံ စသော

mgyoe.com

mgyoe.com


လူ့လောက၏ ခေတ်အဆက်ဆက် မှဲ့စွန်းများသည် "မဟာ ဘာရတ"၏ ဓမ္မနှင့် အဓမ္မ၊ အလင်းနှင့် အမှောင် ဇာတ်ကွက်ဇာတ်လမ်းများ ဖြစ်လာကြသည်။ ယင်းဇာတ်ကွက်ဇာတ်လမ်းများသည် ဤ "ဒေါဏ၏ အတ္တကထာ" ၌ ခေတ်မီ ခေတ်ပုံစံ အရေခွံလဲပြီး ပေါ်ပေါက်လာကြသည်။

"မဟာဘာရတ"၏ အဓိကကျောရိုးမှာ သွေးချင်းသားချင်းများ ဖြစ်ကြသော ကုရုညီနောင်နှင့် ပဏ္ဍုညီနောင်တို့၏ စစ်ပွဲဖြစ်သည်။ စည်းလုံးညီညွတ်မှု ပြိုကွဲသွားသည်ဖြစ်၍ တစ်ဖက်နှင့်တစ်ဖက် စစ်ခင်းကြခြင်း ဖြစ်သည်။ ကုရုညီနောင်နှင့် ပဏ္ဍုညီနောင်တို့၏ ယင်းစစ်ပွဲကို "ကုရုချေတ္တရ စစ်ပွဲ"ဟု ခေါ်သည်။ "ကုရုချေတ္တရစစ်ပွဲ"သည် အိန္ဒိယယဉ်ကျေးမှုသမိုင်း၌ လည်းကောင်း၊ အိန္ဒိယ ဓမ္မကျမ်းဂန် သမိုင်း၌ လည်းကောင်း ထင်ပေါ် ကျော်ကြား လူသိများသော မဟာစစ်ပွဲကြီး ဖြစ်သည်။

"ကုရုချေတ္တရစစ်ပွဲ" နာမည်ကျော်သွားရခြင်း၏ အဓိက အကြောင်းမှာ ယင်းစစ်ပွဲကို အကြောင်းပြုလျက် ဟိန္ဒူဘာသာ၏ အကျော်ကြားဆုံး ဓမ္မကျမ်းဂန်ဖြစ်သည့် "ဘဂဝတ်ဂီတာ"ကျမ်း ဖြစ်ပေါ်လာခြင်းဖြစ်သည်။ "ဘဂဝတ်ဂီတာ"သည် ယင်းစစ်ပွဲကို အကြောင်းပြုလျက် ဟိန္ဒူဘာသာ၏ ဘုရားတစ်ဆူဖြစ်သော ကရိရှဏက ပဏ္ဍုညီနောင်ထဲက တစ်ဦးဖြစ်သော အရဂျုန်အား ဆိုဆုံးမသော ဟိန္ဒူဓမ္မကျမ်းဂန် ဖြစ်သည်။ ထို့ကြောင့် "ကုရုချေတ္တရစစ်ပွဲ"သည် "မဟာဘာရတ"၏ ကျောရိုးဖြစ်လာသကဲ့သို့ပင် ဤ "ဒေါဏ၏ အတ္တကထာ"၌လည်း စစ်ဆန့်ကျင်ရေး ပညာပေး သင်ခန်းစာ ဖြစ်လာသည်။

ဤဝတ္ထုကို "ဒေါဏ၏ အတ္တကထာ"ဟု အမည်တပ်ရခြင်းအကြောင်း ကိုလည်း ရှင်းပြဖို့ လိုလိမ့်မည်။ မူရင်းဝတ္ထု၏အမည်မှာ "ဒရိုဏကီ အတ္တမကထာ" ဖြစ်သည်။ "ဒေါဏ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ"ဟု အဓိပ္ပာယ် ရသည်။ ဟိန္ဒီဘာသာ၌ "အတ္တမကထာ"သည် "ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ" အနက်အဓိပ္ပာယ် ထွက်သည်။ ထို့ကြောင့် ဟိန္ဒီဘာသာ၌ ဇာတ်ဆောင်က မိမိအကြောင်း ပြန်ပြောသည့် ပုံစံမျိုးဖြင့်ရေးသော ဝတ္ထုများကို များသော အားဖြင့် "အတ္တမကထာ" အမည်တပ်လေ့ ရှိကြသည်။ "အတ္တမကထာ"ကို ပါဠိဘာသာပြောင်းလိုက်လျှင် "အတ္တကထာ" ဖြစ်လာသည်။ "အတ္တကထာ"

mgyoe.com

mgyoe.com



၏ အဓိပ္ပာယ်မှာလည်း မိမိအကြောင်း၊ မိမိဇာတ်လမ်း၊ မိမိအတ္ထုပ္ပတ္တိဟူ၍ ပင် ဖြစ်သည်။ ထို့ကြောင့် "ဒရိုဏာကီ အတ္တမကထာ"၏ ဤ မြန်မာပြန်ကို "ဒေါဏာ၏ အတ္တကထာ" ဟူ၍ အမည်တပ်လိုက်ရခြင်း ဖြစ်သည်။

ဤဝတ္ထု၏ မူရင်း ဝတ္ထုရေးဆရာမှာ ဟိန္ဒီစာပေလောက၌ ထင်ရှားကျော်ကြားသော ဝတ္ထုရေးဆရာကြီး မနုရှရမာ ဖြစ်သည်။ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၌ နေသည်။ မနုရှရမာနှင့် ကျွန်တော် တွေ့ဆုံပုံမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်သည်။ မနုရှရမာ၏ "ဒေါဏာ၏ အတ္တကထာ" ဟိန္ဒီဝတ္ထုကို ဖတ်ရသောအခါ သူရေးသော အခြားဝတ္ထု တစ်ခုဖြစ်သည့် "ကဏ္ဍာကီ အတ္တမကထာ"ကို ဖတ်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ ၁၉၈၀ ပြည့်နှစ် အိန္ဒိယ စတုတ္ထအကြိမ်ခရီး၌ ဗာရာဏသီရောက်သွားခိုက် သူ့ ဝတ္ထုများကို ဒိုင်ခံထုတ်ဝေသော "ဟိန္ဒီ ပကျာရက်ဆန်ဆထန်"ခေါ် နာမည်ကျော်စာအုပ်တိုက်ကြီးကို သွားမေးသည်။ ထိုစာအုပ်တိုက်၏ ဒါရိုက်တာအား မနုရှရမာ၏ စာအုပ်အကြောင်း မေးနေစဉ် ဒါရိုက်တာက "ခင်ဗျားဘေးမှာ ထိုင်နေတဲ့ ပုဂ္ဂိုလ်ဟာ မနုရှရမာပေါ့"ဟု ပြောလိုက်သည်။ ထိုအချိန်က မနုရှရမာ စာအုပ်တိုက် ရောက်နေခိုက်ဖြစ်သည်။ နောက်တစ်နေ့၌ ကျွန်တော်တို့ နှစ်ယောက်၏ တွေ့ဆုံပုံကို ဂုဏ်ပြုသည့်အနေဖြင့် စာအုပ်တိုက်တွင် ဧည့်ခံပွဲ ကျင်းပပြုလုပ်သည်။

မြန်မာစာရေးဆရာနှင့် အိန္ဒိယစာရေးဆရာ အမှတ်မထင် တွေ့ဆုံ ပုံကို ထိုစာအုပ်တိုက်မှထုတ်ဝေသော စာစောင်တွင် ဒါရိုက်တာက စိတ်ဝင်စားဖွယ် ဆောင်းပါးတစ်ပုဒ် ရေးသားထားသည်။ ကျွန်တော်နှင့် မနုရှရမာ၏ မိတ်ဆွေအဖြစ်သည် ရောင်တခင်ဖြစ်သော်လည်း တည်မြဲသွားသည်။ နောက်ပိုင်း အိန္ဒိယရောက်တိုင်း ကျွန်တော် ရှိနေသည့် နေရာသို့ မနုရှရမာ လာလာတွေ့သည်။ သူ့အိမ်သို့လည်း ထမင်းဖိတ်ကျွေးသည်။

ဤ"ဒေါဏာ၏ အတ္တကထာ"သည် မနုရှရမာ၏ ဝတ္ထုများထဲက အကြိမ်ကြိမ် ပြန်ရိုက်ရသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ စာပေဆုများကိုလည်း ဆွတ်ခူးရရှိသည်။ အိန္ဒိယဘာသာ အတော်များများဖြင့်လည်း ဘာသာပြန် ထားသည်။ မြန်မာပြန်ကိုမူ ချစ်ဦးညို အယ်ဒီတာချုပ်လုပ်သော သဘင် မဂ္ဂဇင်း၌ အခန်းဆက် စတင်ထည့်ခဲ့ဖူးသည်။ ထိုအချိန်က "ဒေါဏာ၏

mgyoe.com

mgyoe.com



မိမိအကြောင်း”ဟူသော အမည်နှင့် ဖြစ်သည်။ သို့ရာတွင် အဆုံးမသတ်နိုင်ခဲ့ပေ။ ယခုမှ ဝတ္ထုစဆုံး လုံးချင်းဝတ္ထု စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်သည်။ ယင်းသို့ ထုတ်ဝေနိုင်သည့်အတွက် စာရေးဆရာ၏ ကျေးဇူး ဥပကာရကို ခံယူရရှိသူမှာ “ဝါမိုးအောင်စာပေ” ဖြစ်သည်။

ပါရဂူ

၁၈–၃–၉၅

❑

mgyoe.com

mgyoe.com

# [ ၁ ]

တကယ်တမ်းကျတော့ မိမိ၏ဇာတ်လမ်းကို ကျွန်ုပ် ဘယ်ကနေ အစပြုရမည်မသိ ဖြစ်နေသည်။

အသက် ခုနစ်ဆယ်ကျော်လာခဲ့ပြီဟု ပြောရမလား။ ဆံပင်များတွင် နှင်းခဲနှင်းစိုင် အဖြူရောင်များ ပြန့်နေကြပြီ။ ကိုယ်ခန္ဓာ၏အရေပြားပေါ်၌ သီတင်းကျွတ်လ မိုးတိမ်ပမာ လျော့ရိလျော့ရဲ အစင်းကြောင်းများ ထင်နေကြလေပြီ။ တွန့်ကြောင်းများ အပြည့်ရှိနေသော မျက်နှာပေါ်က အတွေ့အကြုံ ဝန်ထုပ်ဝန်ပိုးပိနေသဖြင့် ချိုင့်ဝင်နေသော မျက်လုံးနှစ်လုံးသည် ရှည်လျားသောသမိုင်းကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ပြီးလေပြီ။ ထိုသမိုင်း၏ မညီမညာ ခလုတ်တံသင်းအပြည့်ရှိနေသည့် လမ်းပေါ်၌ ဇရာဖိစီးနှိပ်စက်ခြင်းခံနေရသော ကျွန်ုပ်၏အမှတ်သညာသည် အပြေးအလွှားသွားနိုင်ဖို့ ဝေးစွ၊ ခပ်မှန်မှန် ခပ်ဖြည်းဖြည်း လျှောက်ဖို့ရန်ပင် အခက်အခဲရှိနေပေမည်။ အမှတ်သညာခြေထောက် ရှေ့ဘက်ရွေ့ရန်အတွက်ပင် မနည်းကြိုးစား အားထုတ်နေရသည်။ တချို့ အချက်အလက်များကိုမူ သတိရနေသည်။ အချက်အလက်တချို့သည် ဆေးသားမှုန်မွှားပါးလွှာသည့် ရုပ်ပုံကားချပ်များသဖွယ် ထင်လာကြသည်။ အကယ်၍ ယင်းရုပ်ပုံကားချပ်များကို ကျွန်ုပ်၏ နိုးကြားအသက်ဝင်နေသည့် အတွေ့အကြုံ လက်ချောင်းများဖြင့် ဆုပ်ကိုင်မထားနိုင်ပါက ထိုရုပ်ပုံကားချပ်များသည် ဘယ်လို ရုပ်ပုံကားချပ်များနည်း၊ ဘယ်သူ့

mgyoe.com

mgyoe.com

ရုပ်ပုံကားချပ်များ နည်းဟူသည်ကိုပင် သိရှိနားလည်ဖို့ လွယ်မည်မဟုတ်ပေ။

မိမိ၏ဘဝတစ်လျှောက်လုံး ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်အားလုံးကို ကျွန်ုပ် သတိရပါသလား။ မိမိ၏ဘဝတစ်လျှောက်လုံး ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်အားလုံးကို တစ်ခုမကျန် သတိရနေဖို့ရန်မှာ လုံးဝ မဖြစ်နိုင်သည့်အရာ ဖြစ်သည်။ အာကာသကောင်းကင်ပြင်၌ ဘယ်နှကြိမ် ဘယ်နှခါ လျှပ်စီးပြက်ခဲ့သနည်း။ ပထဝီမြေကြီးသည် ပြက်ခဲ့သမျှ လျှပ်စီးများကို တစ်ခုမကျန်သတိရပါသလား။ သို့သော် မိုးကြိုးသွားအသွင်ဖြင့် ရောက်လာသော လျှပ်စီးတိုင်းကမူ မြေကြီးရင်သားပေါ်၌ တစ်စုံတစ်ရာ ရေးခြစ်ထားပစ်ခဲ့လေသည်။

ယင်းကဲ့သို့ လျှပ်စီးပေါင်းများစွာသည် ကျွန်ုပ်၏ ဘဝကောင်းကင်၌ ပြက်ခဲ့ဖူးလေပြီ။ ယင်းလျှပ်စီးအားလုံးကို သင်တို့၏မျက်မှောက်၌ တစ်ခုပြီး တစ်ခု အစီအစဉ်နှင့် ခရေစေ့တွင်းကျတင်ပြနိုင်သည့် အခြေအနေမှု ကျွန်ုပ်တွင်မရှိပေ။ သို့သော်လည်း တတ်နိုင်သမျှ ကျွန်ုပ် ကြိုးစားပါမည်။

ကျွန်ုပ် ကလေးအရွယ် လူမမယ်ဘဝတုန်းက အကြောင်းအရာဖြစ်သည်။

ကျွန်ုပ်၏ ဖခင် ဘာရဒွါဇရသေ့၏သင်္ခမ်းကျောင်းသည် ဂင်္ဂါမြစ်ကမ်းပါး၌ ရှိသည်။ မြိုင်ရဂုံများ ပတ်ရံလျက်ရှိသော သင်္ခမ်းကျောင်းသည် အလွန်တရာ တင့်တယ်သာယာလှပေသည်။ ကျွန်ုပ်သည် တစ်နေ့လုံး သားသမင်ပေါက်ကလေးများနှင့်အတူ ကစားနေလေသည်။ ပတ်ဝန်းကျင်သဘာဝကပင် ကျွန်ုပ်ကို မွေးမြူစောင့်လျှောက်ထားသည်။ ကျွန်ုပ်သည် ပန်းပွင့်များဆီက ရယ်နည်းပြုံးနည်းကိုလည်းကောင်း၊ ကျေးငှက် သာရကာများဆီက တေးဂီတ သီဆိုကျူးရင့်နည်းကိုလည်းကောင်း၊ သားသမင်များဆီက ခုန်ပေါက်ပြေးလွှားနည်းကို လည်းကောင်း သင်ယူသည်။

ဖခင်၏ သင်္ခမ်းကျောင်းသို့ တောနေအရိုင်း အဘွားအိုတစ်ယောက် နေ့စဉ်နေ့တိုင်း နံနက်ခင်းနှင့် ညနေခင်းအချိန် လာလေ့ရှိသည်။ ထို အဘွားအိုသည် ကျွန်ုပ်ကို ကြည့်ရှုစောင့်ရှောက်သည်။ ထိုအဘွားအိုအပြင် ကျွန်ုပ်၏ အဖော် ဗြဟ္မစာရီတချို့လည်း ရှိသည်။ ကျွန်ုပ်သည် ကျေးငှက်ငယ်ကလေးများကဲ့သို့ သီချင်းတကြော်ကြော်နှင့် ပျော်ပျော်ပါးပါး ကစားနေလေသည်။
mgyoe.com

mgyoe.com


နွေဦး၏ တစ်နေ့သောအချိန်ကာလ ဖြစ်သည်။

နေအရှိန်ကျပြီး ညနေဘက် ရောက်လာသည်။ ကျွန်ုပ်သည် သမင်ပေါက်ကလေး တစ်ကောင်နှင့်အတူ သားသမင်များကျက်စားသော မြို့ရင်ရုံဘက် ပြေးသွားသည်။ ကျွန်ုပ်နှင့်အတူ သခ်မ်းကျောင်းက ဗြဟ္မစာရီတစ်ယောက်၊ နှစ်ယောက်လည်းပါလာသည်။ ထိုဗြဟ္မစာရီများထဲက တစ်ယောက်မှာ အသက်အတော်ကလေးကြီးနေပြီ။ မုတ်ဆိတ်မွေးကြီးများပင် အတော်ရှည်လျားနေပြီ။

"ဟေ့...ဟိုမှာကြည့်စမ်း။ ဘယ်သူလဲ"ဟု မုတ်ဆိတ်ကြီးနှင့် ဗြဟ္မစာရီက ကျွန်ုပ်ကို လှမ်းပြောသည်။

ကျွန်ုပ် ဟိုဟိုသည်သည် မျက်စိကစားလိုက်သည်။ "ဒီမှာ မဟုတ်ဘူး၊ ဟိုမှာ ကြည့်၊ ဟိုမှာ" ဗြဟ္မစာရီသည် ညောင်ပင်ရင်းကို လက်ညှိုးညွှန်ပြလေသည်။ ညောင်ပင်ရင်း၌ ကျွန်ုပ်၏ ဖခင်ကြီး မိန်းမတစ်ယောက်နှင့် အတူထိုင်နေသည်။

ထိုမိန်းမကို အလျင်က တစ်ကြိမ်တစ်ခါမျှပင်မတွေ့ဖူးပေ။ သူ၏ မည်းနက်တောက်ပြောင်သော ဆံကေသာသည် ညောင်ပင်ရင်းရှိ အုတ်ခုံပေါ် ကျနေသည်။ သမင်မ၏ မျက်လုံးကဲ့သို့ ဝိုင်းစက်ပြူးကျယ်ပြီး အငြိမ်မနေသော မျက်လုံးဖြင့် ထိုမိန်းမသည် ဖခင်ကြီး၏ မျက်နှာဝန်းကို ရွှန်းရွှန်းစားစား ကြည့်နေသည်။

ကျွန်ုပ်သည် ထိုမိန်းမကို အမှန်တကယ်ပင် စိတ်ဝင်စားသွားသည်။ ကျွန်ုပ်ရှိသောနေရာမှာ သူတို့နှင့်အလှမ်းဝေးသော်လည်း ကျွန်ုပ်သည် သူတို့ကို မကြည့်ဘဲမနေနိုင်ပေ။ ထိုအချိန်အတွင်း ကျွန်ုပ်၏ သမင်ပေါက်ကလေး ထွက်ပြေးသွားလေပြီ။ သို့သော်လည်း ကျွန်ုပ် ဂရုမစိုက်ပေ။ မတုန်မလှုပ် ရပ်နေမိသည်။ ပြဇာတ်တစ်ခုကို ကြည့်နေရသည့်ပမာ ဖြစ်နေသည်။

"မင်း သူ့ကို သိလား"

ဗြဟ္မစာရီတစ်ယောက်က မေးလေသည်။

"ဘယ်သူ့ကိုလဲ"

အမှတ်တမဲ့ ကျွန်ုပ်၏နှုတ်မှ ထိုစကားလုံး ထွက်သွားသည်။

"အဲဒီ မိန်းမကိုလေ"

mgyoe.com

mgyoe.com


ကျွန်ုပ်က မသိကြောင်း ခေါင်းခါပြလိုက်သည်။

ထိုအခိုက် ကျွန်ုပ်၏ ဖခင်ကြီးသည် ကျွန်ုပ်ကို မြင်သွားပုံရသည်။ ကျွန်ုပ်ကို လှမ်းခေါ်သည်။ ကျွန်ုပ်သည် အညို့ခံရသူပမာ ညောင်ပင်ရင်းသို့ ရောက်သွားသည်။ ကျွန်ုပ်နှင့်အတူ ပါလာသော ဗြဟ္မစာရီတို့သည် ပြုံးရယ်ပြီး ထိုနေရာ၌ ကျန်ရစ်ခဲ့ကြလေသည်။

"သား သူ့ခြေထောက်ကို တို့လိုက်၊ ဒါ သားရဲ့အမေ"

သူတို့အနီး လျှောက်သွားသည်နှင့် တစ်ပြိုင်နက် ဖခင်ကြီးက ဆီးပြောသည်။

ကျွန်ုပ် အမ်းတမ်းတမ်း ဖြစ်နေသည်။ သူ့ကို ငါ တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးပါကလား။ သို့သော်လည်း သူက ငါ့အမေတဲ့။ ယင်းအတွေးသည် ဦးနှောက်ထဲတွင် ရုတ်တရက် လက်ခနဲ ပြက်ခနဲ ဖြစ်သွားသည်။ ဖခင်ကြီး၏အမိန့်ကိုပင် တစ်ခဏမျှ မေ့သလိုလို ဖြစ်သွားသည်။

"ကျွန်မ သူ့အမေဆိုတာ သူ့ခမျာ ဘယ်သိရှာမလဲ။ သူက ကျွန်မကို တစ်ခါမှ တွေ့မှ မတွေ့ဖူးပဲဟာ" ထိုမိန်းမက ဆိုလေသည်။

ဖခင်ကြီးက ရယ်ပြီး တစ်ဖန် ပြောပြန်သည်။

"ဟုတ်တယ် သား၊ ဒါ သားရဲ့အမေ။ ခြေထောက်ကို တို့လိုက်"

အုတ်ခုံအောက်တွဲ လဲကျနေသော သူ့ခြေထောက်ပေါ် ကျွန်ုပ်သည် ကျွန်ုပ်၏ ဦးခေါင်းကို တင်ထားလိုက်သည်။ သူက အလွန်တရာ ကြင်နာချစ်ခင်သည့် အမူအရာဖြင့် ကျွန်ုပ်ကို ချီမပြီးလျှင် သူ့ရင်ခွင်ဖြင့် အပ်ထားလိုက်သည်။ မိခင်၏ နွေးထွေးသော ရင်ခွင်ဖြင့် ပထမဆုံးအကြိမ် ထိတွေ့ရခြင်း ဖြစ်သည်။ သူ့တွင် မိခင်စိတ် ဘယ်လောက်ထက်သန် ပြည့်ဝနေသည်ဆိုသည်ကို ကျွန်ုပ် ဘယ်လိုလုပ် ပြောပြနိုင်မည်နည်း။

ကျွန်ုပ်သည် မျောက်မကြီး၏သား မျောက်ကလေးကဲ့သို့ အချိန်အတန်ကြာမျှ သူ့ကို တွယ်ကပ်နေမိပေသည်။

"ဘယ်လောက်လှတဲ့ ကလေးလဲ ကြည့်စမ်း"

ကျွန်ုပ်၏အမေက ပြောလေသည်။

"မလှဘဲ နေပါ့မလား၊ ညည်းရဲ့ သားကို"

ဖခင်ကြီးက ပြန်ပြောသည်။

mgyoe.com

mgyoe.com


"ရှင့်သားကော မဟုတ်ဘူးလား"

"ကျုပ်သားလည်း ဟုတ်တယ်၊ ညည်းသားလည်း ဟုတ်တယ်"

ဖခင်ကြီးက ရယ်ပြီးပြောလေသည်။

"လုတာတော့ ညည်းဆီကရတာပဲ"

"ဉာဏ်ထက်မြက်တာကတော့ ရှင့်အမွေအနှစ်ပဲ မဟုတ်လား"

အမေက ပြောလိုက်လေသည်။

"ကျုပ်ရဲ့ ထက်မြက်တဲ့ဉာဏ်ကိုပဲ ရမလား၊ ဒါမှမဟုတ် တခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ဟာကိုပဲ ရမလားဆိုတာတော့ အနာဂတ်က ပြောပြပါလိမ့်မယ်"

ဖခင်ကြီးနှင့် အမေသည် အတန်ကြာသည့်တိုင်အောင် ရယ်နေကြလေသည်။

ကျွန်ုပ်၏အမေသည် နတ်မိမယ်ဃတာစီဖြစ်သည်ကို နောက်ကျမှ သိရှိရလေသည်။ သူ့ကို သင်္ခမ်းကျောင်း၌ တစ်ခါမှ မတွေ့ရပေ။ သင်္ခမ်းကျောင်းသို့ မလာဘဲတော့နေမည်မဟုတ်ပေ။ သို့သော်လည်း လူတွေ မမြင်အောင် ပုန်းလျှိုးကွယ်လျှိုးနှင့် တိတ်တိတ်ပုန်း လာကောင်းလာပေလိမ့်မည်။

အမေသည် ဖခင်ကြီးကို အထူးပင် မြတ်နိုးသည်။ ဖခင်ကြီး ကလည်း အမေ့ကို သံယောဇဉ် တွယ်တာသည်။ ယင်းအချက်ကို ကျွန်ုပ်၏ ကလေးဘဝ အသိအမြင်ဖြင့် ပထမဆုံးအကြိမ် တွေ့မြင်ရကတည်းကပင် ကျွန်ုပ် နားလည်သဘောပေါက်သွားလေသည်။

သို့သော်လည်း ကျွန်ုပ် မွေးဖွားလာရပုံနှင့် စပ်လျဉ်း၍ ကြားသိရသည့် ဇာတ်လမ်းမှာမူ ဆန်းလည်း ဆန်းကြယ်သည်။ အံ့သြစရာလည်း အလွန်ကောင်းသည်။

လူပြောသူပြောအရ သိရသည်မှာ ကျွန်ုပ်၏ဖခင်ကြီးသည် ငယ်ငယ်ကတည်းက ဗြဟ္မစာရီဖြစ်လာသော ငယ်ဖြူဗြဟ္မစာရီဖြစ်သည်။ ဗြာဟ္မဏတစ်ဦး၏အကျင့်တရားဖြင့် မြင့်မြတ်စင်ကြယ်နေသော ထို ဗြဟ္မစာရီ၏ ထက်မြက်ပြင်းပြသည့် အရှိန်အဝါသည် တခြားလူများအတွက် မနာလိုဝန်တိုစရာပင် ဖြစ်နေသည်။ ကာမဂုဏ် အာရုံတရားများသည်ပင်လျှင် ဖောက်ပြန်ပြောင်းလဲသွားအောင်မလုပ်နိုင်သည့် သူတော်စင် ရသေ့တစ်

mgyoe.com

mgyoe.com


ယောက်၏ ဗြဟ္မစရိယအကျင့်သည် ပတ်ဝန်းကျင် အခြေအနေတစ်ရပ် ဖန်တီးဖြစ်ပေါ်လာသောအခါ ဖောက်ထိုးမိုးမျှော် ဖြစ်သွားခဲ့လေသည်။

ယင်းမင်္ဂလာ သို့မဟုတ် အ,မင်္ဂလာ အခါအခွင့်မှာလည်း နွေဦးအခါ သမယဥ္စာသာလျှင် ဖြစ်ပေါ်လာခဲ့လေသည်။

ကမ္ဘာလောကတစ်ခွင်လုံး ကြည်နူးဖွယ်အသွင် ဆောင်နေသည်။ နံနက်စောစောအချိန် ဖခင်ကြီးသည် ဂင်္ဂါမြစ်ဆိပ်၌ရေမိုးချိုးပြီးလျှင် မြစ်ကမ်းပါး၌ထိုင်လျက် တရားအာရုံ ပြုနေလေသည်။ နံနက်နေအရုဏ်သည် အရှေ့ဘက် လောကဓာတ်တစ်ခွင်၌ အနီရောင် ဆေးမှုန့်ဖြန်းပက်ထားလေသည်။ ပါးလွှားမှုန်မွှားသော ရောင်ခြည်သည် ထက်ဝန်းကျင် တစ်ခွင်၌ ပျံ့နှံ့နေလေသည်။

ဃတာစီလည်း ထိုနေ့တွင် ဂင်္ဂါမြစ်ထဲရေလာချိုးသည်။ သူတစ်ယောက်တည်း လာသည်။ ဃတာစီသည် ဟိုဟိုသည်သည် လှမ်းကြည့်လိုက်သည်။ ရသေ့လုလင်တစ်ဦးသည် အရှေ့ဘက်မျက်နှာမူလျက် တရားနှလုံးသွင်းနေသည်။ သူ၏ တောက်ပသော၊ အရှိန်အဝါရှိသော ရုပ်ပုံသွင်ပြင်သည် သူရိယနေမင်းကဲ့သို့ ဝင်းလက်နေသည်။ ဃတာစီသည် ထိုအခိုက်အတန့်၌ပင်လျှင် ရသေ့လုလင်အပေါ် သို့မဟုတ် တစ်နည်းပြောရလျှင် ကျွန်ုပ်၏ ဖခင်ကြီးအပေါ် တိမ်းညွတ်စွဲမက်သည့်စိတ် ပေါ်ပေါက်လာလေသည်။

ဃတာစီသည် ဂင်္ဂါမြစ်ထဲဆင်းပြီး ရေအကျအနချိုးသည်။ သွက်လက်ပေါ့ပါးသော ငါးသတ္တဝါကဲ့သို့ ရေထဲတွင် စိမ်ပြေနပြေကူးနေသည်။ ပါးစပ်မှလည်း မ,သံပေးနေသည်။ သို့သော်လည်း ဃတာစီ၏ ယင်းအပြုအမူများသည် ဖခင်ကြီး၏အပေါ်၌ ဘယ်လိုအကျိုးသက်ရောက်မှုမှ ရှိမလာခဲ့ပေ။

နောက်ဆုံး၌ ဃတာစီသည် ရေထဲက တက်လာသည်။ သူ၏ ပါးလွှာသော ဝတ်ရုံသည် သူ၏ကိုယ်နှင့် တစ်သားတည်းကပ်နေသည်။ သူ၏ မျက်လုံးသည် အညှုအခရာ အပြည့်ရှိနေသည်။ အင်္ဂါကြီးငယ်များမှာလည်း မြူးကြွလှုပ်ရှားနေကြသည်။ သို့သော်လည်း ဖခင်ကြီးသည် အသိစိတ်ကင်းမဲ့သူပမာသာလျှင် ဖြစ်နေသည်။

mgyoe.com

ထို့နောက် ဃတာစီသည် ရေစိုနေသော သူ၏ဝတ်ရုံကို လဲလေသည်။ တိုက်ဆိုင်သည်ဟု ဆိုရမည်လားမသိပေ။ ထိုအခိုက် လေတစ်ချက် ဝှေ့လိုက်လေသည်။ ဝတ်ရုံ မြေကြီးပေါ် လျှောကျသွားလေသည်။ ဃတာစီသည် တမင်တကာ သူ့ဝတ်ရုံကို လျှောကျသွားအောင် လုပ်လိုက်သည်ဟု တချို့က ပြောကြသည်။ တချို့ကမူ ထိုသို့မဟုတ်ဘဲ လေတစ်ချက် သုတ်လိုက်သော ကြောင့်သာလျှင် ယင်းသို့ ဖြစ်သွားရသည်ဟု ပြောကြသည်။ ဘာပဲဖြစ်ဖြစ် ထိုအငြင်းအခုံထဲတွင် ကျွန်ုပ် မပါဝင်လိုပေ။ ကျွန်ုပ် သိရှိနားလည်သည်မှာကား ဃတာစီ၏ ဝတ်ရုံသည် မြေကြီးပေါ် လျှောကျသွားခြင်းမဟုတ်ဘဲ ကျွန်ုပ်ဖခင်ကြီး၏အသိဉာဏ်ပေါ်တွင် ကန့်လန့် ကာအဖြစ် ဖုံးအုပ်သွားခြင်းသာလျှင် ဖြစ်လေသည်။ အာသာရမ္မက်၏ တစ်ခဲနက် တိမ်တိုက်တိမ်ထုသည် ဖခင်ကြီး၏စိတ်နှလုံးကို ပတ်ရုံလိုက်လေသည်။

ယင်းအဖြစ်အပျက်သည် ကျွန်ုပ် မွေးဖွားလာရခြင်း၏ အရင်းခံအကြောင်းတရား ဖြစ်လေသည်။

အချိန်ကာလ၏ အရှိန်အဟုန်နှင့်အတူတကွ ကျွန်ုပ်သည် ဃတာစီ၏ ဝမ်းဗိုက်တွင်း၌ ဖွံ့ထွားလာလေသည်။ ကျွန်ုပ်၏ ဖခင်ကြီးသည် ယင်းအဖြစ်အပျက် ဖြစ်ပွားသောကြောင့် အကြီးအကျယ် စိတ်မချမ်းမသာဖြစ်နေသည်။ ဤနေ့ ဤရက်အထိ ကျင့်ကြံအားထုတ်လာခဲ့သော အကျင့်တရားကို နတ်မိမယ်တစ်ဦးက လုယူသွားသည်။ ဖခင်ကြီးသည် သူနှင့်ခေတ်ပြိုင်တရားကျင့်ဖော်ကျင့်ဖက်၊ သီတင်းသုံးဖော်သုံးဖက် ရသေ့များအား ထိုအကြောင်းကို မကွယ်မဝှက်ဖွင့်ဟပြောပြလေသည်။ သို့သော် လက်လွန်ခြေလွန်ဖြစ်သွားပြီ။ နောင်တတစ်ဖန် ပူပန်နေရုံမှတစ်ပါး တခြား ဘာမှမတတ်နိုင်ပေ။ ထိုရသေ့များက သူတို့၏ အတွေ့အကြုံအရ "အကျင့်တရား၏ အထွတ်အထိပ် ရောက်လာတဲ့အခါမှာ အခုလို ဖြစ်တတ်တာဟာ ဓမ္မတာပင် ဖြစ်တယ်"ဟု ပြောပြကြလေသည်။

ဖခင်ကြီးသည် ကိုယ့်ကိုယ်ကိုယ်လည်း ရွံရှာစက်ဆုပ်သွားသည်။ စိတ်မကောင်းခြင်းလည်း ကြီးစွာ ဖြစ်သွားသည်။ သို့သော်လည်း ကိုယ်နှုတ်နှလုံး ထိန်းချုပ်သည့်ဘဝကို ပြန်လည်စတင်လိုက်လေသည်။ ထိုအချိန်၌ သခ်မ်းကျောင်းသည် သူ၏ အကျင့်တရား မနေမနားကျင့်ကြံ အားထုတ်ရာ

mgyoe.com

mgyoe.com


နယ်မြေဖြစ်လာသည်။ ကျွန်ုပ်၏ အမေမှာမူ သူ၏ကိုယ်ဝန်အတွက် စိုးရိမ်မကင်း ဖြစ်နေရလေသည်။ နတ်မိမယ်များသည် သူတော်စင် တစ်ဦး တစ်ယောက်၏ အကျင့်တရားကို ဖောက်ပြန်လမ်းမှားသွားအောင် လုပ်ရာ၌ ကျွမ်းကျင်သူများ ဖြစ်ကြသည်။ ထိုသို့ ပြုလုပ်သည့်အတွက် သူတို့သည် ဂုဏ်သတင်းအကျော်အစော ရရှိကြ၏ဟူ၍လည်း ကြားဖူးသည်။ သို့သော် လည်း ဘာကြောင့်မှန်းမသိ၊ သူတို့သည် မိမိတို့၏ သားသမီးများအား မွေးမြူ ကြည့်ရှုရသည်ကို ဝန်လေးကြသည်။ မိမိတို့၏ သားသမီးများကို တခြားကျိုး များက မွေးမြူကြည့်ရှုပေးရသော စွန်ငှက်များနှင့် တူပေသည်။

နတ်မိမယ်များ ကလေးမွေးခြင်းသည် ကောင်းသည်ဟူ၍ အထင် မခံရပေ။ ကလေးမွေးသည့်အတွက် နတ်မိမယ်များ၏ ဂုဏ်သတင်း သိက္ခာ သည် ယုတ်လျော့သွားတတ်သည်။ "ဈေး"ကျသွားတတ်လေသည်။

ဃတာစီ၏ ရှေ့မှောက်၌ မွေးဖွားလာမည့်ကလေး မွေးမြူကြည့်ရှု ရေးအတွက် ပြဿနာရှိနေသည်ဆိုသည့်အကြောင်း ကျွန်ုပ် နတ်မိမယ် တစ်ဦးထံမှ ကြားဖူးသည်။ ဃတာစီသည် အကြီးအကျယ် ဗျာများနေလေ သည်။ တစ်နေ့သောအခါ၌ ဃတာစီသည် ထိုကိစ္စနှင့် ပတ်သက်၍ တခြား နတ်မိမယ်များနှင့် တိုင်ပင်ဆွေးနွေးကြည့်လေသည်။

"မွေးလာတဲ့အခါကျတော့ ညည်းကလေးကို ဘာရဒွါဇရဲ့ သင်္ခမ်း ကျောင်းမှာ သွားပြီး ထားပစ်ခဲ့ပေါ့" တစ်ယောက်က အကြံဉာဏ်ပေးသည်။

"ဘာရဒွါဇက ကျုပ်ကို သိပ်စိတ်ဆိုးနေတယ်" ကျွန်ုပ်၏ အမေက ပြန်ပြောသည်။

"အဲဒီလိုဆိုရင် ညည်း သူ စိတ်ညွှတ်လာအောင် တစ်ဖန်ပြန်ပြီး ကြိုးစား ကြည့်ပါလား"

"သူက အခု အရင်ကထက်သတိထားပြီးနေတယ်။ ကျုပ်ရဲ့ ကာမမြား သူ့အတွင်း ထိုးဖောက်ဖို့ မလွယ်တော့ဘူး"

"ထွင်းဖောက်ပြီးသားဖြစ်တဲ့ အတွင်းကို ထပ်ပြီး ထွင်းဖောက်ဖို့ မခဲ ယဉ်းဘူး ဃတာစီ"

"ဒါပေမဲ့ ဘာရဒွါဇနဲ့ ပတ်သက်လို့ကတော့ အဲဒီလိုဖြစ်ဖို့ သိပ်ခဲယဉ်း တယ်။ သူ့သင်္ခမ်းကျောင်းကိုတောင် ကျုပ်မသွားရဲတော့ဘူး။ ဘာရဒွါဇရဲ့

mgyoe.com

mgyoe.com

ဒေါ်သကို တွေးမိတာနဲ့ ကျုပ် ကြောက်ဒူးတုန်နေတယ်"

"ဒါဖြင့် ဒီလိုလုပ်ပါ"

"ပြောပါဦး၊ ဘယ်လို လုပ်ရမလဲ"

"ကလေးမျက်နှာမြင်တာနဲ့ တစ်ပြိုင်နက် ကလေးကို ညည်းဖြစ်တဲ့နည်းနဲ့ တိတ်တိတ်ကလေး ဘာရဒွါဇရဲ့ သခ်မ်းကျောင်းမှာ သွားထားရမယ်။ ဘယ်ပုံဘယ်နည်း သွားထားရမလဲဆိုရင် ကလေးကို ရှင်ရသေ့ ချက်ချင်းမြင်နိုင်တဲ့နေရာမှာထားခဲ့ရမယ်။ ပြီးတော့ ကလေးကို သူ့အဖေက ချစ်သလား၊ မချစ်ဘူးလားဆိုတာကိုလည်း တစေ့တစောင်း အကဲခတ်နေရမယ်"

"အဲဒီလိုဆိုရင် ကျုပ်အနေနဲ့ နေ့စဉ်နေ့တိုင်း သွားနေရမှာလား"

"သွားရမယ်၊ မသွားလို့ မဖြစ်ဘူး။ သူ့ကလေးအပေါ် ဘာရဒွါဇ သံယောဇဉ် ရှိမရှိဆိုတာကို အမြဲ ကြည့်ရှုအကဲခတ်နေရမယ်။ တကယ်လို့ သူ့သားကို သူ ချစ်နေတယ်ဆိုရင် ညည်းကိုလည်း မမုန်းဘူးဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုတော့ဘူး"

ထိုနတ်မိမယ် အကြံဉာဏ်ပေးသည့်အတိုင်းပင် ဖြစ်လာခဲ့လေသည်။ မွေးပြီးပြီးချင်း ဃတာစီသည် ကျွန်ုပ်ကို သခ်မ်းကျောင်းသို့ ယူလာခဲ့ပြီး ဖခင်ကြီး လွယ်လင့်တကူမြင်နိုင်မည့် ယဇ်အိုး (ဒေါဏ)အနီးမှာ တိတ်တိတ်ကလေး ချထားခဲ့လေသည်။ ယင်းအဖြစ်အပျက်မှာ ညဉ့်နက်သန်းခေါင်လောက် ဖြစ်ပျက်ခဲ့သည်ဟူ၍ တခြားလူများ ပြောစကားအရ ကျွန်ုပ် သိရသည်။

နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် သခ်မ်းကျောင်းတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။

"ဒေါဏနားမှာ မွေးကင်းစကလေးကိုတွေ့ရတယ်။ ဒေါဏနားမှာ" ဟူ၍ သူ့ထက်ငါ ပြောနေကြလေသည်။

နံနက်ဆည်းဆာ ပူဇော်ဝတ်ပြုပြီးသောအခါ ဖခင်ကြီးသည် ကျွန်ုပ်၏အနီးသို့ ရောက်လာသည်။ သူနှင့်အတူ ဗြဟ္မစာရီတချို့လည်း ပါလာသည်။

"ကလေးနဖူးက မဟာနဖူး"

mgyoe.com

 mgyoe.com


ဗြဟ္မစာရီများထဲက တစ်ယောက်က ပြောလေသည်။

"ဟုတ်တယ်၊ လက်မောင်းနှစ်ဖက်လည်း တော်တော်ရှည်လျားတယ်"

ဒုတိယ ဗြဟ္မစာရီက ထင်မြင်ချက်ပေးပြန်သည်။

"အတော် ထက်မြက်မယ့် ကလေးပဲ"

တတိယ ဗြဟ္မစာရီ၏ အသံဖြစ်သည်။

ဖခင်ကြီးသည် ကျွန်ုပ်ကို အတန်ကြာ စိုက်ကြည့်နေသည်။ ထို့နောက် ကျွန်ုပ်ကို ပွေ့ချီလိုက်ပြီးလျှင် ဖခင်ကြီးက "လာ...လာ...သား၊ သားဟာ ငါကျူးလွန်မိတဲ့မကောင်းမှုရဲ့ အကျိုးအာနိသင်ဖြစ်တယ်။ ဒါပေမဲ့ သားခမျာ မှာတော့ ဘာအပြစ်မှ မရှိပါဘူး"ဟူ၍ ညည်းလိုက်လေသည်။

သင်္ချိုင်းကျောင်းမှာပင် ကျွန်ုပ်ကို မွေးမြူကြည့်ရှုထားကြသည်။ ယဇ် အိုးအနီးမှာတွေ့ရသောကြောင့် ကျွန်ုပ်ကို အားလုံးက "ဒေါဏ"ဟူ၍ ခေါ်ကြ လေသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်၏အမည်လည်း ဒေါဏဟူ၍ တွင်လာ လေသည်။

နေ့စဉ်ရက်ဆက်လောက်ပင် ကျွန်ုပ်အမေသည် ခိုးကြောင်ခိုးဝှက်နှင့် လာပြီး ကျွန်ုပ်ကို ကြည့်ရှုအကဲခတ်လေသည်။

တစ်နေ့တွင် ထူးခြားသောအဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့လေသည်။ အိပ်ပျော်နေသော သူ၏သားအနီးမှ ပတ္တမြားတစ်လုံး ကောက်ရသည်ဟူ၍ ဖခင်ကြီး သိရှိသွားလေသည်။ ထိုပတ္တမြားလုံးမှာ ကျွန်ုပ်၏အမေ ချထား ခဲ့သည့် ပတ္တမြားဖြစ်သည်။ သူလာကြောင်း ဖခင်ကြီးသိစေရန် ယင်းကဲ့သို့ ပြုလုပ်ခြင်း ဖြစ်တန်ရာသည်။ သူလာသည်ဆိုသည့် အကြောင်း ဘာရဒွါဇ သိသွားလျှင် ဘယ်လိုတုံ့ပြန်မှုများ ဖြစ်လာမည်နည်းဟူ၍ ဃတာစီက သိချင်နေသည်။

သို့သော်လည်း အကျိုးသက်ရောက်မှု တစ်မျိုးဖြစ်သွားသည်။ ပတ္တမြား ကို ဖခင်ကြီးက မတွေ့ဘဲ အခြားဗြဟ္မစာရီတစ်ဦးက တွေ့သွားသည်။ ထိုဗြဟ္မစာရီသည် ပတ္တမြားကို ဝှက်ထားလိုက်လေသည်။ လူ့ မနောနှင့် မိုးတိမ်သဘောသည် ဖောက်ပြန်ပြောင်းလဲတတ်သည် မဟုတ်လား။

ဖခင်ကြီး ဘယ်လိုတုံ့ပြန်သည်ဆိုသည်ကို ကျွန်ုပ်အမေ မသိရတော့ ပေ။ သူ၏ ကြိုးပမ်းမှုသည် ဖခင်ကြီးအပေါ်၌ ဘယ်လို အကျိုးသက်ရောက်

mgyoe.com

mgyoe.com

မှုမှ မရှိဟု အမေက အထင်ရှိသွားသည်။ ဘယ်လိုနည်းလမ်း ဥပါယ်ကို အသုံးပြုရမည်နည်းဟူ၍ အမေ အကြံအိုက်သွားသည်။

ဖခင်ကြီးသည်လည်း စုံစမ်းရင်း စုံစမ်းရင်း ထိုပတ္တမြားကို ဗြဟ္မစာရီ တစ်ယောက် ရသွားကြောင်း သိရှိသွားသည်။ ဖခင်ကြီးက ထိုဗြဟ္မ စာရီကို ခေါ်လိုက်လေသည်။

"ဘယ်လိုလဲ တပည့်၊ တပည့် ပတ္တမြားတစ်လုံး ခိုးယူထားတယ်လို့ ကြားရပါလား"

ဖခင်ကြီးက မေးလိုက်လေသည်။

သူ၏ဆရာဂုရု ဘယ်ပုံဘယ်နည်း သိရှိသွားသနည်းဟူ၍ ဗြဟ္မစာရီသည် တအံ့တသြ ဖြစ်နေလေသည်။ ဗြဟ္မစာရီသည် ဖခင်ကြီး၏ ခြေအစုံပေါ် ပစ်လှဲလိုက်ပြီးလျှင် ကြောက်ကြောက်ရွံ့ရွံ့နှင့် အကြောင်းစုံကို မထိမ်မချန် ပြောပြလိုက်လေသည်။

"ဒီပတ္တမြားကို သင် ဘယ်တုန်းက ယဇ်အိုးနားမှာ တွေ့သလဲ"

ဖခင်ကြီးက မေးသည်။

"နံနက်ဝေလီဝေလင်းအချိန်မှာ တွေ့ပါတယ်။ အကျွန်ုပ်အိပ်ရာက ထပြီး ကလေးအနား ဖြတ်လျှောက်သွားပါတယ်။ ကလေးဘေးနားမှာ တောက်ပြောင်ဝင်းလက်နေတဲ့ ဒီပတ္တမြားလုံး ကျနေတာကို တွေ့ရပါတယ်"

ဗြဟ္မစာရီသည် သူတွေ့သည့် ပတ္တမြားကို ဖခင်ကြီးအား ပေးလိုက်လေသည်။ သို့သော်လည်း ဖခင်ကြီးကမယူပေ။

"ဒီပတ္တမြားကို တပည့် တွေ့တာပဲ။ တပည့် အပိုင်ဖြစ်သွားပြီ၊ တပည့်ပဲ ယူထား။ ဒါပေမဲ့ တစ်ခုသတိထားရမှာက ဗြဟ္မစာရီဆိုတာ ဥစ္စာကို မမက်မောရဘူး"

ထိုဗြဟ္မာစာရီသည် စကားတစ်ခွန်းမှမပြောဘဲ ဦးခေါင်းငုံ့ပြီး ထွက်သွားသည်။ နောက်ပိုင်း၌မူ လူအတော်များများသည် ဖခင်ကြီး ပြောလေ့ရှိသည့် စကားကို တစ်ကြိမ်မက ကြားကြရလေသည်။ ဃတာစီသည် ပုန်းလျှိုးကွယ်လျှိုးနှင့် ဘာလာနေစရာလိုသနည်း။ အဖြစ်မှန်ကို အားလုံးကပင် သိရှိပြီးဖြစ်နေကြသည်။ ပတ်ဝန်းကျင်ကိုရှက်ပြီး အမှန်တရားကို ဖုံးကွယ်မထားသင့်ပေ။ ရဲရဲဝံ့ဝံ့နှင့် ရင်ဆိုင်သင့်သည်။ ပြီးတော့လည်း အချိန်သမယ

မြူမှုန်များတင်လာပြီဖြစ်၍ အများသူငါ၏ အမှတ် သညာလည်း မှေးမှိန်လာလေပြီ။ အဖြစ်အပျက်မှာ ဟောင်းနွမ်းသွားပြီ။ အတိတ်တွင် ကျန်ခဲ့ပြီ။ စိုးရိမ်ထိတ်လန့်နေဖို့ မလိုတော့ပေ။

ကျွန်ုပ်၏အမေလည်း အဖြစ်မှန်ကို သိသွားပုံရလေသည်။ မကြာခဏ ဖခင်ကြီးနှင့် တွေ့ဆုံရန် ရောက်လာတတ်လေသည်။ သို့သော်လည်း လူမြင်ကွင်းမှာ အထင်အရှား လာလိုသည့်ဆန္ဒမှု မရှိပေ။ ကျွန်ုပ်ကိုလည်း မျက်မှောက်တွင် တွေ့အောင် မကြိုးစားပေ။ မျက်ကွယ်ကသာလျှင် ကျွန်ုပ်ကိုကြည့်ပြီး စိတ်ဖြေလေသည်။ ကျွန်ုပ်သည် နတ်မိမယ်တစ်ဦး၏သားဖြစ်၏ဟူ၍လည်း သူ ကျွန်ုပ်ကို ပြောပြလိုသည့်ဆန္ဒရှိဟန်မတူပေ။ သို့သော်လည်း ကျွန်ုပ်ကမူ အဖြစ်မှန်ကို အသေအချာ သိရှိနားလည်နေပေပြီ။

ဃတာစိသည် များသောအားဖြင့် ဆောင်းဦးနှင့်နွေဦးတွင် သင်္ခမ်းကျောင်းသို့ လာတတ်သည်ဟု ကြားရသည်။ နေ့ရက်ပေါင်းများစွာ ထိုကဲ့သို့ အသွားအလာ အဝင်အထွက်လုပ်နေသည်။ နောက်ပိုင်းကျတော့ ကျွန်ုပ်၏ အမေကို မတွေ့ရတော့ပေ။ ကျွန်ုပ်အမေ ဘာဖြစ်သွားသည်ဆိုသည်ကိုလည်း ကျွန်ုပ် မသိတော့ပေ။

* * *

ဘဝသည် အချိန်သမယတောင်ပံကိုခတ်ပြီး ရှေ့သို့ တိုးသွားနေသည်။ ကျွန်ုပ်သည် တစ်စတစ်စနှင့် အရွယ်ရောက်လာသည်။ ကျွန်ုပ်နှင့် အတူကစားရန် သင်္ခမ်းကျောင်းသို့ သူငယ်တစ်ယောက် ရောက်လာသည်။ ထိုသူငယ်သည် လှလည်းလှ၊ ဗလလည်းကောင်းသည်။ ကြည့်ရသည်မှာ လူရတတ်ထဲက ဖြစ်ပုံရသည်။ သင်္ခမ်းကျောင်း၌ ရိုးရိုးကလေး နေထိုင်ရသည့်ကြားထဲကပင် သူ၏ လူရတတ် သားသမီးပုံပန်းလက္ခဏာသည် ပေါ်လွင်ထင်ရှားနေသည်။ သူ့ကို လူတွေက "ဒုပဒ"ဟု ခေါ်ကြသည်။

ကျွန်ုပ် အသေအချာ မှတ်မိနေသည်။ တစ်နေ့သ၌ ကျွန်ုပ် သူငယ်ချင်း၏ ဖခင်သည် သင်္ခမ်းကျောင်းသို့ ရောက်လာသည်။ သူနှင့်အတူ စစ်သည်တပ်သားများနှင့် နောက်လိုက်ဗိုလ်ပါများလည်း ပါလာ ကြသည်။ ရွှေမကိုဋ်ဖြင့် လည်းကောင်း၊ အဆင်တန်ဆာများဖြင့် လည်းကောင်း၊ အဖိုးထိုက်

mgyoe.com

mgyoe.com
အဖိုးတန် အဝတ်အစားများဖြင့် လည်းကောင်း ဝတ်စားဆင်ယင်ထားသော သူ၏ တောက်ပသော အသွင်သဏ္ဍာန်သည် ဘုရင်ကေရာဇ်များ၏ အသွင်သဏ္ဍာန်နှင့် တူလေသည်။ နောက်ပိုင်း၌မူ ထိုပုဂ္ဂိုလ်သည် ဘုရင်ကေရာဇ်နှင့်တူသော ပုဂ္ဂိုလ်မဟုတ်ဘဲ ပဉ္စလတိုင်း ပြည်၏ ဘုရင်ကေရာဇ် ဖြစ်နေသည်ကို သိရှိရလေသည်။ သူ၏အမည်မှာ ပိသတဟု ခေါ်သည်။

သင်္ခမ်းကျောင်းသို့ သူ ဖခင်ရောက်လာသော်လည်း သူ့ကို ပြန်ခေါ်သွားမည် မဟုတ်ဟူ၍ ကျွန်ုပ်၏သူငယ်ချင်းက ကျွန်ုပ်ကို ပြောပြလေသည်။

ထိုခေတ်၊ ထိုအချိန်က အစဉ်အလာတစ်ခုရှိလေသည်။ ဘုရင့်သားဖြစ်ဖြစ်၊ သူတောင်းစားဖြစ်ဖြစ် သင်္ခမ်းကျောင်းသို့ ရောက်လာပါက ပညာသင်သည့် အချိန်ကာလ မကုန်မဆုံးမချင်း သင်္ခမ်းကျောင်းမှ မပြန်ရပေ။ ထူးခြားသည့်အခြေအနေ ပေါ်ပေါက်လာလျှင်မူ ခြွင်းချက်ထားသည်။ သို့ရာတွင် သင်္ခမ်းကျောင်း၏ နေရေးထိုင်ရေး၊ ပညာသင်ကြားရေး၌ တစ်စုံတစ်ခုသော အနှောင့်အယှက် ဖြစ်ပေါ်လာလျှင်ကား ဘယ်လိုနည်းနှင့်မှ ခွင့်မလွှတ်ပေ။

ဤရွေ့ဤမျှ အချိန်ကာလကြာသည့်တိုင်အောင် သင်္ခမ်းကျောင်း၌ နေလာခဲ့သော်လည်း ဒုပဒသည် သူ၏မင်းညီမင်းသားအရှိန်အဝါကို မေ့ပျောက်မသွားပေ။ တစ်နေ့ ကျွန်ုပ်သည် သူ့ကိုမေးကြည့်သည်။ "ဘယ်နှယ့်လဲ သူငယ်ချင်း၊ သင်္ခမ်းကျောင်းမှာနေရတာ မပျော်ဘူးလား"

"ဟင့်အင်း...လုံးဝ မပျော်ဘူး"

"ဘာဖြစ်လို့လဲ၊ ဒီမှာနေရတာ အဆင်မပြေလို့လား"

"အဆင်မပြေလို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီမှာနေရတာ နန်းတော်မှာ နေရတာလောက် ချမ်းချမ်းသာသာမရှိဘူး"

သူငယ်ဘဝ သိချင်၊ ကြားချင်သည့်စိတ်ဓာတ် ကျွန်ုပ်တွင် နိုးကြားလာလေသည်။

"နန်းတော်မှာ ဘယ်လို ချမ်းချမ်းသာသာ နေရလို့လဲ"

သူ ဘာပြောပြနိုင်မည်နည်း။ ထိုအချိန်က ဘုရင့်စည်းစိမ်ချမ်းသာကို ရှင်းလင်းပြောပြနိုင်သည့် ဘာသာစကား သူ့တွင်မရှိသေးပေ။ သို့သော်လည်း မျက်နှာနေ မျက်နှာထားဟန်ပန် အမူအရာဖြင့်လည်းကောင်း၊
mgyoe.com

mgyoe.com
လက်နှစ်ဖက်၏ အကူအညီဖြင့် လည်းကောင်း၊ သူ၏ခြေတစ်ပေါင်ကျိုး လျှာသည် ဘုရင့်စည်းစိမ်ချမ်းသာအံ့ကြောင်းကို မအောင်မမြင် ကြိုးစား ပမ်းစား ပြောပြရှာသည်။ သို့သော်လည်း ကျွန်ုပ် ဘယ်မှာ နားလည်သဘော ပေါက်မည်နည်း။ ကျွန်ုပ်သည် သိချင်ဇောဖြင့် သူ့ကို မေးခွန်းပေါင်းများစွာ ဆက်ကာဆက်ကာ မေးသည်။ သို့သော်လည်း ဇာချည်းနှီး အလဟဿသာ ဖြစ်သည်။

ကျွန်ုပ် နားလည်အောင် ရှင်းလင်းပြောမပြနိုင်သောအခါ ဒုပဒ သည် စိတ်မရှည်တော့သည့်အမူအရာဖြင့် "အခု ပြောပြနေလို့ မင်းနားလည်မှာ မဟုတ်ဘူး။ မင်း ငါနဲ့အတူ လိုက်ခဲ့။ ဟိုရောက်တော့ ငါ မင်းကို နန်းတော် မှာရှိတဲ့ စည်းစိမ်ချမ်းသာကို သိရှိနားလည်သွားအောင် လုပ်ပေးမယ်"

"မင်း ငါ့ကို ခေါ်မသွားရင်ကော"

"ဟာ...ဘယ်မခေါ်ဘဲ နေပါ့မလဲ။ မင်းက ငါ့သူငယ်ချင်းပဲဟာ။ ဒီမှာ တို့အတူတူနေ၊ အတူတူ ကစားကြတာပဲ မဟုတ်လား။ နန်းတော်ရောက်ရင် လည်း တို့နှစ်ယောက် အတူတူနေကြမှာပေါ့" ဒုပဒက တကယ် စိတ်ပါ လက်ပါ ပြောလေသည်။

ကျွန်ုပ်သည် ထိုနန်းစည်းစိမ်ချမ်းသာကို သူငယ်ဘဝ စိတ်ကူးယဉ် ကြည့်နေမိလေသည်။

ပိသတဘုရင် သင်္ချမ်းကျောင်းကိုရောက်လာသည့်အခါတိုင်း ကျွန်ုပ် ဒုပဒနှင့်အတူ ဘုရင်မင်းကြီးထံ ပြေးသွားလေ့ရှိသည်။ ဘုရင်မင်းကြီးက လည်း ချစ်ခင်ကြင်နာမှုအပြည့်ဖြင့် သူ့အနီးတွင်ထိုင်ခိုင်းသည်။ ချစ်ခင် ကြင်နာသည့် အမူအရာကိုလည်း ပြသည်။ ဒုပဒနှင့်အတူ နန်းတော်ရောက် သွားလျှင်လည်း ဘုရင်မင်းကြီးသည် ယခုလိုပင် ကျွန်ုပ်အား ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိလိမ့်မည်ဟူ၍ ကျွန်ုပ် တွက်ထားသည်။

ကျွန်ုပ်သည် ဘုရင်မင်းကြီးအား ပြဿနာအမျိုးမျိုးကို မေးမြန်းစုံစမ်း ကြည့်သည်။ ထိုပြဿနာများမှာ ကလေးဘဝ ရယ်စရာများသာ ဖြစ်သည်။ သို့သော်လည်း ဘုရင်မင်းကြီးသည် ကျွန်ုပ်မေးသည့် မေးခွန်းများကို အရယ် အပြုံးမပျက်ဘဲ စိတ်ရှည်လက်ရှည် ပြန်ဖြေလေ့ရှိသည်။ ဘုရင်မင်းကြီးသည် ကျွန်ုပ်ကို စကားပြောတိုင်း ရယ်နေသည်။ သာမန် ဝတ်ကျေတန်းကျေ ရယ်
mgyoe.com

mgyoe.com

ခြင်းမျိုးမဟုတ်ဘဲ ဟက်ဟက်ပက်ပက် နှစ်နှစ်ကာကာ ရယ်ခြင်းမျိုးဖြစ်သည်။

တစ်ခါတွင် သူ၏မကိုဋ်ကို ကျွန်ုပ်လက်နှင့်ကိုင်ကြည့်ပြီး "ကျွန်တော့်ကိုလည်း အဲဒီဟာမျိုးလုပ်ပေးပါလား"ဟု ပြောလိုက်လေသည်။

ဘုရင်မင်းကြီးက ရယ်လေသည်။ ဘုရင်မင်းကြီးနှင့်အတူ ကျွန်ုပ်၏ ဖခင်ကြီးကလည်း ရယ်နေသည်။ ထိုနောက် ဘုရင်ပိသတက ပြောလေသည်။ "ရသေ့လုလင်နဲ့ ဗြာဟ္မဏလုလင်တွေရဲ့ ဦးခေါင်းပေါ်မှာ အခုလိုရွှေမကိုဋ်မျိုးဟာ မတင့်တယ်၊ မလှပဘူး"

"ဒါဖြင့် ဘယ်လို မကိုဋ်မျိုးမှ တင့်တယ်လှပသလဲ" ကျွန်ုပ်က မေးလိုက်သည်။

"ဉာဏမကိုဋ်၊ စာဂမကိုဋ်၊ တပမကိုဋ်တို့မှ တင့်တယ်လှပတယ်"

"အဲဒီမကိုဋ်မျိုး ဘယ်မှာရှိသလဲ" ကျွန်ုပ်က ထပ်မေးလိုက်သည်။

"သားရဲ့ဖခင်ကြီး ဦးခေါင်းပေါ်မှာ ရှိတယ်လေ" ပြောပြောဆိုဆို ဘုရင်ပိသတက ရယ်လေသည်။

ကျွန်ုပ် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဖခင်ကြီး၏ ဦးခေါင်းပေါ်၌ ဘာမကိုဋ်မှ မရှိပေ။ ဖခင်ကြီးသည် ဘယ်တုန်းကမှလည်း မကိုဋ်မဆောင်းပေ။

ကျွန်ုပ်သည် အချိန်အတန်ကြာမျှ ဖခင်ကြီး၏ဦးခေါင်းကိုကြည့်ပြီး တစ်စုံတစ်ခု တွေးတောစဉ်းစားနေမိသည်။ ကျွန်ုပ်တွေဝေငေးငိုင်နေသည်ကို တွေ့ရသောအခါ ပိသတဘုရင်သည် တစ်ဖန် ရယ်ပြီး "ဘာစဉ်းစားနေတာလဲ သား"ဟူ၍ မေးလေသည်။

"ဖခင်ကြီး ဦးခေါင်းပေါ်မှာ မကိုဋ် ရှာနေတာပါ"

အားလုံး ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြသည်။ ယင်း အရယ်အပြုံးတွင် သခ်မ်းကျောင်းရှိ ဗြဟ္မစာရီ အတော်များများ၏ အရယ်အပြုံးများလည်း ပါဝင်ပေါင်းဆုံသွားကြသည်။

"နို့...မကိုဋ်ကို ရှာတွေ့ရဲ့လား" ဤတစ်ကြိမ်၌လည်း အရယ်အပြုံးမပျက် ပိသတဘုရင်မင်းကြီးကပင် မေးလေသည်။

"ဟင့်အင်း၊ မတွေ့ဘူး" ကျွန်ုပ်က ချက်ချင်း ပြန်ပြောလိုက်သည်။
mgyoe.com

mgyoe.com


ဘုရင်မင်းကြီးသည် ကျွန်ုပ် ပါးပြင်ပေါ် လက်ဖြင့်တစ်ချက်ပုတ်လိုက်ပြီးလျှင် အလွန်တရာ ချစ်ခင်ကြင်နာသော အမူအရာဖြင့် ပြောလေသည်။ "ဟုတ်တယ် သား၊ ကလေးဆိုတာ ဉာဏမကိုဋ်၊ စာဂမကိုဋ်၊ တပမကိုဋ်ကို မမြင်ရဘူး။ သားကြီးလာတဲ့အခါကျတော့မှ မြင်လိမ့်မယ်။ အဲဒီ ဉာဏမကိုဋ်၊ စာဂမကိုဋ်၊ တပမကိုဋ်ဆိုတာ ဦးကြီးတို့ ရွှေမကိုဋ်တွေထက် မြင့်မြတ်တယ်။ ခိုးယူလို့လည်း မရဘူး။ ဘယ်တော့မှလည်း ညစ်ညမ်းမသွားဘူး။ ရွှေမကိုဋ်ပေါင်းများစွာက ဉာဏမကိုဋ်၊ စာဂမကိုဋ်၊ တပမကိုဋ်ရဲ့ ခြေဖျားကို ဦးထိပ်ထားနေကြရတယ်"

ကျွန်ုပ်ကဲ့သို့သော လူငယ်ဘာဝ အသိဉာဏ်ဖြင့် လှမ်းမမီသည့် အကြောင်းအရာ ဖြစ်လေသည်။ ဘာပဲဖြစ်ဖြစ်၊ ဉာဏ်မီသမျှ ကျွန်ုပ်ပြောလိုက်လေသည်။ "ကျွန်တော်လည်း ဉာဏမကိုဋ်၊ စာဂမကိုဋ်၊ တပမကိုဋ်ကို ဆောင်းမယ်"

"ဟုတ်တယ် သား၊ အဲဒီ မကိုဋ်တွေကိုပဲ ဆက်ဆက်ဆောင်း၊ ကြားလား" ယင်းသို့ ပြောပြီးလျှင် ဘုရင်မင်းကြီးသည် ကျွန်ုပ်ကို ပွေ့ဖက်လိုက်လေသည်။

"သားကကော ဘယ်လိုမကိုဋ် ဆောင်းရမှာလဲ" ထိုအချိန်အထိ ခပ်မဆိတ်နေသော ဒုပဒက မေးလိုက်လေသည်။

"သားကတော့ အဖေ့မကိုဋ်ကို ဆောင်းရမယ်" ဘုရင်ပိသတက ပြောလိုက်လေသည်။

"ဟင့်အင်း...ဟင့်အင်း၊ သား အဖေ့မကိုဋ်ကို မဆောင်းချင်ဘူး။ ဉာဏမကိုဋ်၊ စာဂမကိုဋ်၊ တပမကိုဋ်ကို ဒေါဏဆောင်းရင် သားကလည်းပဲ အဲဒီမကိုဋ်တွေကိုပဲ ဆောင်းမှာပဲ" သူငယ်ဘာဝ ကျွန်ုပ်အား မနာလိုဝန်တိုသော စိတ်သည် ဒုပဒတွင် ဘွားခနဲပေါ်လာလေသည်။

"ကောင်းပြီ၊ ကောင်းပြီ။ သားလည်းပဲ စာဂမကိုဋ်နဲ့ တပမကိုဋ်ကိုပဲ ဆောင်း" ဘာကြောင့်မှန်းမသိ။ အားလုံး တစ်ဖန် ရယ်မောကြပြန်လေသည်။

ကျွန်ုပ်တို့နှစ်ယောက်သည် အားရဝမ်းသာ ဖြစ်သွားကြပြီးလျှင် ရှဉ့်ကလေးများပမာ ခုန်ပေါက်ပြေးလွှားလျက် ယဇ်ရုံရှိရာသို့ ထွက်သွားကြသည်။

mgyoe.com

mgyoe.com


ဘုရင် ပိသတ ဘယ်အချိန် ပြန်သွားသည်ကို မသိလိုက်ပေ။ သို့သော်လည်း ဗြဟ္မစာရီတစ်ယောက်သည် ဘုရင် ပိသတ ချီးကျူးခန်း ဖွဲ့နေသည်။ ထိုဗြဟ္မစာရီ ပြောပြချက်အရ ဤသို့ သိရသည်။ ပိသတ ဘုရင်မင်းကြီးသည် သင်္ချမ်းကျောင်းကို အမြဲတစေဂရုစိုက်လေသည်။ ယခု တစ်ကြိမ်လည်း ဘာရဒွါဇ ရသေ့ကြီးကို "ဥစ္စာခနေ ချို့တဲ့မှုကြောင့် သင်္ချမ်းကျောင်းရဲ့ တရားကျင့်ကြံ အားထုတ်ရေး၊ ပညာသင်ကြားရေးမှာ ဘယ်လို အနှောင့်အယှက်အဟန့်အတားမှ မဖြစ်ဘူးမဟုတ်လား" ဟူ၍ မေးမြန်း အားပေးသွားလေသည်။

* * *

သင်္ချမ်းကျောင်း၌ မပျက်မကွက် ဆောင်ရွက်ပြုလုပ်ရသည့် ဝတ်များအနက် ဆွမ်းဆန်ခံသည့် အလုပ်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံး ဆွမ်းဆန်ခံထွက်ကြရလေသည်။ ကျွန်ုပ်နှင့်အတူ ဒုပဒလည်း ဆွမ်းဆန်ခံ ထွက်ရသည်။ သို့သော်လည်း ဒုပဒသည် ဆွမ်းဆန်ခံ ထွက်လိုသည့်စိတ် လုံးလုံးမရှိပေ။ တောတိရစ္ဆာန်များကို လိုက်သည့်အလုပ်၊ သစ်ပင်တက်သည့် အလုပ်များကိုသာလျှင် ထူးထူးခြားခြား စိတ်ဝင်စားသည်။ သူ့ကို ဘယ်သူကမှလည်း မတားမြစ်၊ မပိတ်ပင်ကြပေ။ တစ်နေ့သောအခါ၌ ကျွန်ုပ်ကပင် သူ့ကို အကျိုးအကြောင်း ရှင်းလင်းပြောပြရလေသည်။ သို့သော်လည်း သူ မသိကျိုးကျွန်ပြုနေသည်။

ယင်းသို့အားဖြင့် ဒုပဒသည် ကိုယ်လွတ်စိတ်လွတ်နေ၍ရသူ တစ်ဦးဖြစ်နေသည်။ သူ၏ဖခင်ထံမှ သင်္ချမ်းကျောင်းအတွက် ငွေကြေး အထောက်အပံ့ရနေသည့်အတွက်ကြောင့် သူ့ကို ဖခင်ကြီးက တစ်စုံ တစ်ရာမပြောတာများလားဟု ကျွန်ုပ် တွေးနေမိလေသည်။

သင်္ချမ်းကျောင်းတွင် နေထိုင်သူများ လိုက်နာကျင့်သုံးရသည့် စည်းကမ်းဥပဒေ အချို့ရှိသည်။ နံနက်အရုဏ်တက်ပါက ဆရာဂုရုများ အိပ်ရာမှမထမီ ဗြဟ္မစာရီများက အိပ်ရာမှထကြရသည်။ အိပ်ရာထ လုပ်ရမည့် ကိစ္စဝိစ္စများ ပြုလုပ်ပြီးစီးသည်နှင့် တစ်ပြိုင်နက် ကျက်ပြီးသား စာများကို ပြန်နွှေးရသည်။ ထိုနောက် ဆည်းဆာချိန်ရောက်လာသည်နှင့် မီးယဇ်

mgyoe.com

mgyoe.com


ပူဇော်ခြင်းကို စတင်ပြုလုပ်သည်။ လိုက်နာဆောင်ရွက်စရာ ယင်း စည်းကမ်းချက်များမှာ အလွန်တရာ တင်းကျပ်သည်။ မပျက်မကွက် လုပ်ကိုင်ဆောင်ရွက်ရသည်။ သို့သော်လည်း ဒုပဒသည် ယင်းစည်းကမ်းချက်များကို ဂရုမစိုက်ပေ။ ပျောင်းဒုပဒသည် တစ်ခါတစ်ရံ မီးယဇ်ပူဇော်ချိန်ကျမှ အိပ်ရာမှထတတ်သည်။

တစ်နေ့တွင် သူ့ကိုအတုယူပြီး ကျွန်ုပ်လည်း အိပ်ရာက တော်တော်နှင့်မထဘဲ ပေအိပ်နေသည်။ ကျွန်ုပ် လုပ်ကိုင်ဆောင်ရွက်စရာများ ကပြောင်းကပြန် ဖြစ်ကုန်ကြသည်။ ယဇ်ရုံသို့ နောက်ကျပြီးမှ ရောက်သွားသည်။ ဖခင်ကြီးသည် မီးယဇ်ကို ဦးဆောင်ပူဇော်သည့် ပုရောဟိတ်အလုပ်တွင် အာရုံစူးစိုက်နေသည်။ ကျွန်ုပ်ကို တွေ့သောအခါ ဖခင်ကြီးသည် မျက်လုံးဝေ့ကြည့်လိုက်သည်။ ထိုအချိန်၌ ဘာမှမပြောပေ။ မီးယဇ်ပူဇော်ပြီးနောက် အတော်ကြာသွားသောအခါ ကျွန်ုပ်ကို အကျိုးအကြောင်း ရှင်းလင်းပြောပြသည်။ ကျွန်ုပ် ငြိမ်မခံနေပေ။ ဖခင်ကြီးကို ပြန်ပြောလိုက်လေသည်။

"ဒုပဒလည်း နောက်ကျမှ အိပ်ရာက ထတာပဲ။ အဖေ သူ့ကိုတော့ ဘာမှမပြောဘူး"

"သား၊ သူက ဘုရင့်သားတော်၊ မင်းက ရသေ့ရဲ့သား။ တခြား စိကွယ့်၊ သိလား"

"ဘုရင့်သားတော်ဖြစ်ကော ဘာအရေးလဲ။ သူ့ဖခင်ကြီးလာတုန်းက ကျွန်တော်တို့အားလုံးရှေ့မှာ သူ့သားကို မင်း သင်္ခမ်းကျောင်းရဲ့ စည်းကမ်းဥပဒေကို မပျက်မကွက် လိုက်နာရမယ်လို့ ပြောသွားခဲ့တာပဲ"

"အေး...လိုက်နာဖို့တော့ ကောင်းတာပေါ့။ ဒါပေမဲ့ သူက လိုက်နာမှ မလိုက်နာဘဲ။ မလိုက်နာလည်း နေပေစေ၊ သူက ဘုရင့်သားတော်။ ကျမ်းဂန်စာပေ မတတ်ရင်လည်း သူ့အတွက် အကျိုးယုတ်စရာ မရှိဘူး။ မင်းကတော့ ငါတတ်သလို ပညာမတတ်ရင် ဆွမ်းဆန်ခံလို့တောင် လွယ်မှာမဟုတ်ဘူး"

ဖခင်ကြီး၏ အသံသည် အတန်ငယ်ဒေါသလွှမ်းနေသည်။

ကျွန်ုပ်သည် အကျယ်အကျယ် မငြိမ်းဖွယ် မဖြစ်စေလိုတော့ပေ။ နှုတ်ပိတ်နေလိုက်သည်။ သို့သော်လည်း ဖခင်ကြီးသည် ကျွန်ုပ်ကို အပြစ်

mgyoe.com

mgyoe.com


ဒဏ်ပေးသည်။

"နက်ဖြန်ခါကျရင် မီးယဇ်ပူဇော်ဖို့အတွက် လိုသမျှ ထင်းအားလုံး မင်းတစ်ယောက်တည်းရှာရမယ်။ နက်ဖြန်ခါ ငါ "အတိရတ္တ" ယဇ် ပူဇော်ဖို့ စီစဉ်ထားတယ်။ မင်း အခုကတည်းစပြီး ထင်းရှာတဲ့အလုပ်ကို လုပ်ပေတော့။ ဘယ်ဗြဟ္မစာရီမှ မင်းကို အကူအညီမပေးရဘူး"

"အတိရတ္တ" မီးယဇ်ကို တစ်နေ့လုံး ပူဇော်ထားသည်။ ထင်းများကို မီးအရှိန်လျော့သွားသည်နှင့် ထပ်ထည့်ရသည်။ အမှန်တကယ်ပင် ထိုနေ့တွင် ကျွန်ုပ်သည် ခြေကုန်လက်ပန်းကျအောင်ပင် ကြိုးစားရသည်။ ဘယ်သူကမှ ကျွန်ုပ်ကို အကူအညီမပေးကြပေ။ ထိုနေ့က ဒုပဒသည် ကျွန်ုပ်ကို စကားပင် မပြောပေ။

ကျွန်ုပ် စိတ်မကောင်း ဖြစ်ရသည်။ သူလုပ်ရသည့် ဘယ်အလုပ်မျိုး မဆို ကျွန်ုပ် ကူညီကမ်းလှမ်းခဲ့သည်။ သူ၏ ယခုအပြုအမူမှာ ခါးသီးလှသည်။ ယင်းအချက်သည် ကျွန်ုပ်အတွက် မခံနိုင်စရာ ဖြစ်နေသည်။ ဆရာဂုရုက အကူအညီမပေးရဟူ၍ အမိန့်ချမှတ်ထားသည့်အတွက် အကူအညီမပေးဘဲ နေလိုကနေနိုင်သည်။ သို့သော်လည်း ဒုပဒသည် ကျွန်ုပ်ကို အားပေးစကားလေး တစ်ခွန်းတလေလောက်ကိုမူ ပြောကြားဖို့ကောင်းသည်။

နောက်တစ်နေ့ အခွင့်ကြုံသည်နှင့် ကျွန်ုပ် သူ့ကို ပြောလိုက်သည်။

"မနေ့က ငါ အပြစ်ဒဏ် အကြီးအကျယ် ခံရတယ်၊ မင်းကတော့ ငါ့ကို စကားပြောဖော်တောင် မရဘူး"

"ဘာဖြစ်လို့ ပြောရမှာလဲ၊ မင်းက ငါ့ကောင်းကျိုး ဘာများလုပ် လို့လဲ"

"မင်း အကျိုးယုတ်အောင် ငါ ဘာများ လုပ်ခဲ့လို့လဲ၊ ပြောပါဦး"

"မင်း ဆရာဂုရုကို ငါ့အကြောင်း မကောင်းသွားပြောတယ်"

"မပြောဘူး၊ ဘယ်တုန်းကမှ မပြောဘူး"

"နေမြင့်မှ အိပ်ရာကထတဲ့အတွက် ကျွန်တော်ကိုတော့ ဒဏ်ပေးတယ်။ ဒုပဒကိုတော့ ဘာဖြစ်လို့မပေးသလဲလို့ မင်း ဆရာဂုရုကို မပြောဘူးလား"

"ပြောတယ်၊ အဲဒါတော့ ပြောတယ်"

ကျွန်ုပ်က ရိုးသားစွာပင် ဝန်ခံလိုက်လေသည်။

mgyoe.com

mgyoe.com


"အဲဒါ ငါ့အကြောင်းမကောင်းပြောတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး။ အားလုံးအပေါ်မှာ ညီတူညီမျှ ဆက်ဆံဖို့ပဲ ငါပြောတယ်"

ကျွန်ုပ်၏ အဖြေစကားကြောင့် ဒုပဒ မကျေမနပ် ဖြစ်သွားသည်ဆိုသည်ကို ကျွန်ုပ် ပြတ်ပြတ်သားသား သိရသည်။ ဘုရင်နှင့် သူတောင်းစားသည် တစ်မျိုးတစ်တန်းစားတည်း မဟုတ်သဖြင့် သူတို့နှင့်ဆက်ဆံသည့်နေရာမှာလည်း တစ်မျိုးတည်း တစ်စားတည်း မဖြစ်သင့်ဟူ၍ သူ၏ မျက်နှာအမူအရာက ပြောပြနေသည်။

ထိုအဖြစ်အပျက် ဖြစ်ပျက်ပြီးနောက် ဒုပဒသည် ကျွန်ုပ်ကို စိတ်ကောက်နေသည်။ နေ့ရက် အတန်ကြာမျှ ခပ်တန်းတန်း ဖြစ်နေသည်။

သို့သော်လည်း ဘာပဲဖြစ်ဖြစ် ဒုပဒသည်သာလျှင် ကျွန်ုပ်၏ အရင်းနှီးအခင်မင်ဆုံး မိတ်ဆွေသူငယ်ချင်း ဖြစ်သည်။ သူသည် ဘာမဆို လိုတရသူဖြစ်သည်။ ထိုကြောင့် ပျင်းဖြစ်နေခြင်း ဖြစ်သည်။ အလုပ်ကို ကြိုးစားပမ်းစား လုပ်လိုသည့်စိတ် ကင်းမဲ့နေခြင်းဖြစ်သည်။ သူတာဝန်ယူရသည့်အလုပ်ဟူသမျှ လိုလိုကို ကျွန်ုပ် ကူညီလုပ်ကိုင်ပေးသည်။ သူ အိပ်ရာမှမထခင် ကျွန်ုပ်သည် နံနက်အိပ်ရာထလုပ်ရသည့် အလုပ်များကို အားလုံးလုပ်လျက် သူ့အိပ်ရာနားသွားပြီး သူ့အိပ်ရာနားမှာပင် သင်ကြားတက်ယူထားသည့်သင်ခန်းစာများကို ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ ကျွန်ုပ်၏ စာရွတ်သံ သူ့နားထဲရောက်သွားပြီး သူလည်း စာရချင်ရပါစေဟူသောသဘောဖြင့် ယင်းသို့ ပြုလုပ်ခြင်း ဖြစ်သည်။ သို့သော်လည်း သူသည် အိပ်ရာကမထပေ။ အိပ်ရာထဲမှာလဲလျောင်းနေရင်းက ကျွန်ုပ်၏ စာရွတ်ဆိုသံကို သံယောင်လိုက်ပြီး ရွတ်ဆိုနေလေသည်။

ထိုခေတ်၊ ထိုအချိန်အခါကပင် စတင်ပြီး သင်္ခမ်းကျောင်းများ၏ နေရေး၊ ထိုင်ရေး၊ ပညာသင်ကြားရေးတို့၌ မျက်နှာလိုက်ခြင်း အနူအဝဲ စွဲလာခဲ့လေသည်။ လူမှုရေး အသိအမြင်ရှိသည့် လူတချို့သည် ယင်းသို့ ဖြစ်လာခြင်းအတွက် ရတက်မအေး ဖြစ်နေကြလေသည်။

ယခုအချိန်၌လည်း ကရိရှဏနှင့် သုဒါမတို့ အတူတကွ ပညာသင်ကြားသည့် သင်္ခမ်းကျောင်းမျိုး မရှိမဟုတ်၊ ရှိသည်။ ဆရာဂုရုသံဒိပါနို

mgyoe.com

mgyoe.com


သည် တပည့်များအား အတန်းအစားမခွဲခြားဘဲ ညီတူညာတူ ဆက်ဆံသည်။ သို့သော်လည်း ကျွန်ုပ်၏ဖခင်ကြီးကမူ ဘုရင်ပိသတ၏ ဩဇာအရှိန်အဝါပိနေသဖြင့် ဘုရင့်သားတော် ဒုပဒကို မည်သို့မှမပြောရဲ၊ မဆိုရဲဖြစ်နေသည်။

တဖြည်းဖြည်း အချိန်ကုန်မှန်းမသိ ကုန်လာခဲ့လေသည်။

ဖခင်ကြီး သင်ကြားပြသပေးသော ကျမ်းဂန်စာပေပညာကို ကျွန်ုပ်အကုန်အစင် သင်ကြားတတ်မြောက်သွားလေပြီ။ သင်္ခမ်းကျောင်း၏ ကျောင်းဆင်းပွဲ ကျင်းပပြုလုပ်သည်။ ထိုပွဲသဘင်သို့ ဘုရင်ပိသတလည်း ရောက်လာသည်။ ပွဲသဘင်ပြီးဆုံးသွားသောအခါ ဘုရင်မင်းကြီးသည် ကျွန်ုပ်၏ဖခင်ကြီးနှင့် စကားစမြည်ပြောလေသည်။ ထိုအချိန်၌ ဒုပဒနှင့်အတူ ကျွန်ုပ်လည်း ရှိနေသည်။

"ကျွန်ုပ်ရဲ့သားကို ကျမ်းဂန်စာပေပညာ တစ်ဖက်ကမ်းခပ်အောင် သင်ကြားပေးတဲ့အတွက် ရှင်ရသေ့ကြီး ကျေးဇူးကြီးမားပုံကို ကျွန်ုပ်အနေနဲ့ ပြောလို့ မကုန်နိုင်တော့ပါဘူး" ဘုရင်ပိသတက ပြောသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ တစ်ဖက်ကမ်းခပ်ရုံတင် မကဘူး။ ဟိုဘက်တောင် လွန်သွားသေးတယ်"ဟူ၍ ကျွန်ုပ် စိတ်ထဲက ပြောမိသည်။ သို့သော်လည်း ဖခင်ကြီးကမူ မပြောဘဲ ပြုံးရုံသာ ပြုံးနေသည်။

ပိသတဘုရင်က ပြောပြန်လေသည်။

"ဒါပေမဲ့ ကျွန်ုပ်တို့လို မင်းညီမင်းသား ဘုရင်ဧကရာဇ်များ အတွက်တော့ ကျမ်းဂန်စာပေဆိုတာ သိပ်အသုံးဝင်လှတာ မဟုတ်ဘူး။ တတ်သင့်တတ်ထိုက်တဲ့ သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာကို မတတ်ဘဲ ကျမ်းဂန်စာပေပညာကို တတ်ရုံနှင့် ကျွန်ုပ်တို့အတွက် အကျိုးမဖြစ်ထွန်းနိုင်ဘူး။ ဒါကြောင့် ဒုပဒကို သေနင်္ဂဗျူဟာ လက်နက်အတတ် ပညာသင်ပေးဖို့ ဆရာကောင်း သမားကောင်းတစ်ယောက်ကို ရွေးချယ်ရလိမ့်မယ်"

ဆရာသမားများ၏ အမည်နာမအတော်များများ ပေါ်ပေါက်လာသည်။ သို့သော်လည်း ကျွန်ုပ်၏ဖခင်ကြီးနှင့် ပိသတဘုရင်သည် ဆရာသမား တစ်ဦးတစ်ယောက်ကို နှစ်ဦးသဘောတူ တွေးချယ်၍မရ ဖြစ်နေကြသည်။ နောက်ဆုံး၌ ထိုကိစ္စအတွက် မစဉ်းစားတော့ဘဲ တစ်ည ရွှေ့ဆိုင်း

mgyoe.com

mgyoe.com

ထားလိုက်ကြသည်။

ယနေ့ ဖခင်ကြီးသည် ပိသတ ာနှင့် စကားပြောသောအခါ မျက်နှာမကြည်မသာ ဖြစ်နေသည်။ တစ်စုံတစ်ခု တွေးတောစဉ်းစားနေပုံလည်း ရသည်။ သင်္ခမ်းကျောင်းမှ ဒုပဒ ထွက်သွားသောအခါ ဘုရင်ပိသတသည် သင်္ခမ်းကျောင်းအပေါ် အာရုံစူးစိုက်မှု လျော့နည်းသွားလိမ့်မည်။ သင်္ခမ်းကျောင်း၏ စီးပွားရေးအခြေအနေကျပ်တည်းလာလိမ့်မည်။ ယင်းသို့ ဖခင်ကြီး စဉ်းစားနေပုံရလေသည်။

အကျင့်တရား ကျင့်ကြံအားထုတ်ရေးနှင့် ပညာသင်ကြားပို့ချရေး၏ အချက်အချာ နေရာဌာနဖြစ်သော သင်္ခမ်းကျောင်းသည် ဘုရင်ဧကရာဇ်တို့၏ မျက်နှာကြည့်နေရသည့် အခြေအနေ ရောက်လာသည်။ လူ့ဘောင်လူ့လောက၏ ယင်းကျဆုံးမှုသည် ကျွန်ုပ်မမွေးခင် အလျင်ကပင် စတင်ခဲ့လေသည်။

နောက်ဆုံး၌ ဖခင်ကြီးသည် နည်းလမ်းတစ်ခု ရှာကြံလိုက်လေသည်။

နံနက်မိုးသောက် အလင်းရောက်လာသောအခါ ဖခင်ကြီးသည် သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာ သင်ကြားဆည်းပူးရန်အတွက် အဂ္ဂိဝေသ၏ အမည်နာမကို တင်ပြလေသည်။ အဂ္ဂိဝေသသည် ထိုခေတ်၊ ထိုအချိန်အခါက သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာ၌ တစ်ဖက်ကမ်းခပ်တတ်မြောက်ကျွမ်းကျင်သူ ဖြစ်လေသည်။ သူကျွမ်းကျင်သည့် မီးလက်နက်အတတ်ပညာကို ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ မည်သူမျှ မသိနားမလည်ပေ။

ကျွန်ုပ်၏ဖခင်ကြီးပေးသော အကြံဉာဏ်ကို ပိသတဘုရင် ကျေနပ်သဘောကျသွားသည်။ သို့ရာတွင် တစ်ပြိုင်တည်းမှာပင် ကျွန်ုပ်ဖခင်ကြီးသည် နောက်ထပ် အချက်တစ်ချက်ကိုလည်းပြောပြသည်။ "ဒေါဏလည်း ဒုပဒနှင့်အတူ သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာကို သင်ကြားဆည်းပူးစေချင်တယ်"

ပိသတဘုရင်က ရယ်လိုက်လေသည်။

"ဗြာဟ္မဏအတွက် သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာ ဘာလိုလို့လဲ ရှင်ရသေ့ကြီး"
mgyoe.com

"ဘာဖြစ်လို့ မလိုရမှာလဲ။ သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာဆိုတာလည်း အတတ်ပညာတစ်မျိုးပဲ။ ဗြာဟ္မဏဆိုတာ ဘယ်အတတ်ပညာမျိုးကိုမဆို ပိုင်ပိုင်နိုင်နိုင် တတ်ထားရတယ်။ သင်မင်းကြီး မမြင်ဘူးလား၊ ပရသုရာမရဲ့ သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာဟာ သူ့ကျမ်းဂန်စာပေထက် ပိုပြီး အားရှိနေသေးတယ်။ ပြီးတော့ အဂ္ဂိဝေဿလည်းပဲ ဗြာဟ္မဏပဲ မဟုတ်လား"

"ဗြာဟ္မဏအနေနဲ့ သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာကို မသင်ကြား၊ မဆည်းပူးသင့်ဘူးလို့ ကျွန်ုပ်ပြောလိုတာ မဟုတ်ပါဘူး။ "ဗြဟ္မအတတ်ပညာ"ပေါ်မှာ ဗြာဟ္မဏတစ်ဦးတည်း လက်ဝါးကြီးအုပ်ထားစေချင်တဲ့သဘောနဲ့ ပြောတာပါ"

ဖခင်ကြီးက ရယ်လေသည်။ "အတတ်ပညာတစ်ခုခုအပေါ်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းက လက်ဝါးကြီးအုပ်ထားတယ်ဆိုတာ မဖြစ်နိုင်ဘူး မင်းကြီး၊ အတတ်ပညာဆိုတာ အတတ်ပညာကို သင်ယူတဲ့ ပုဂ္ဂိုလ်ရဲ့ စင်ကြယ်မှုပေါ်မှာ အခြေတည်နေတယ်။ တကယ်လို့ "ဗြဟ္မ အတတ်ပညာ" ပေါ်မှာ ဗြာဟ္မဏ လူမျိုးတစ်မျိုးတည်းက လက်ဝါးကြီး အုပ်ထားတယ်ဆိုရင် ကျုပ် ဒုပဒကို ကျုပ်ရဲ့တပည့် ဘာဖြစ်လို့ လုပ်မှာလဲ"

ထိုအကြိမ်၌မူ ဖခင်ကြီးသည် ဟားတိုက်ရယ်လိုက်လေသည်။ အမှန်မှုချပင် သူ၏အရယ်အပြုံးသည် ဟန်ဆောင်အပြုံးမျှသာလျှင် ဖြစ်လေသည်။

ဖခင်ကြီး၏စကားကို ဘုရင်ပိသတ ကျေနပ်ပုံမရပေ။ သူ၏ အသွင်သဏ္ဌာန်၌ မလိုအပ်သည့် တည်ကြည်လေးနက်မှု ပေါ်နေသည်။

ဖခင်ကြီးက တစ်ဖန် ပြောလိုက်ပြန်လေသည်။ "သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာဟာ "ဗြဟ္မအတတ်ပညာ"မဟုတ်ဘူးဆိုတာလည်း လွဲမှားတဲ့ အတွေးအခေါ်သာ ဖြစ်တယ် မင်းကြီး၊ အရှင်မင်းကြီးကိုယ်တိုင်ပဲ ကျမ်းဂန်စာပေပညာနဲ့ သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာ နှစ်ခုလုံးမှာ တစ်ဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်နေတယ် မဟုတ်လား"

ဖခင်ကြီးသည် နောက်ဆုံးစကားဝါကျကို ဘုရင်ပိသတ ကျေနပ်နှစ်သိမ့်သွားအောင် ပြောလိုက်ခြင်းသာလျှင် ဖြစ်သည်ဟူ၍ ကျွန်ုပ် ယုံကြည်

mgyoe.com

mgyoe.com

သည်။ အကြောင်းမူကား ထိုစကားစဉ်၌ ထိုစကားဝါကျ လုံးဝမလိုပေ။

အဂ္ဂိဝေဿ၏ သင်္ခမ်းကျောင်း၌ ဒုပဒနှင့်အတူ ကျွန်ုပ်ကိုလည်း သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာ သင်ကြားဆည်းပူးစေလိုသည့် ဖခင်ကြီး၏ ဆန္ဒနောက်ကွယ်၌ အဓိက အခြေခံအကြောင်းတရား နှစ်ပါး ရှိသည်။ ပထမအကြောင်းမှာ ကျွန်ုပ်၏ဖခင်ကြီးသည် ကျမ်းဂန်စာပေ ပညာအရာ၌ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တတ်မြောက်သော်လည်း သေနင်္ဂ ဗျူဟာ လက်နက်အတတ်ပညာကို တတ်မြောက်ကျွမ်းကျင်ခြင်း မရှိပေ။ ယင်းချို့တဲ့ချက် ကျွန်ုပ်ထံတွင်ရှိမနေစေလိုပေ။ အကြောင်းမူကား ယခုအခါ တွင် လူ့လောက လူ့ဘုံအလယ်၌ ယခင်ကလို ကျမ်းဂန်စာပေပညာကို အထင်မကြီးကြတော့ပေ။ ကျမ်းဂန်စာပေပညာ ကျွမ်းကျင်တတ်မြောက် သူများသည် သင်္ခမ်းကျောင်းများ၌နေလျက် အကျင့်တရား ကျင့်ကြံအားထုတ် နေကြရုံသာလျှင် ဖြစ်သည်။ ဘုရင်ဧကရာဇ်တို့၏အထံ၌ ရေပန်းစားသူမှာ သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာ ကျွမ်းကျင်တတ်မြောက်သူများသာ လျှင် ဖြစ်သည်။

နောက်အကြောင်းတစ်ရပ်မှာကား ဖခင်ကြီးသည် ဘုရင်ပိသတနှင့် ဆက်သွယ်မှု ပျက်ပြားမသွားစေလိုပေ။ ဆက်သွယ်မှုကို ဆက်လက် တည်မြဲ နေစေချင်သည်။ ထို့ကြောင့် ဒုပဒကို ကျွန်ုပ်နှင့် တကွဲတပြားစီ ထားလိုသည့် ဆန္ဒ မရှိခြင်းဖြစ်သည်။

ရည်ရွယ်ချက် ထမြောက် အောင်မြင်သွားသည်။ ဆုံးဖြတ်ချက်ချ လိုက်ကြသည်။ ကျွန်ုပ်တို့နှစ်ယောက်ကို အဂ္ဂိဝေဿထံ ပို့လိုက်ကြလေ သည်။

* * *

အဂ္ဂိဝေဿ၏ ကျောင်းသင်္ခမ်းသည် ကျယ်ပြန့်ကြီးမားလှပေသည်။ တောရိပ်တောဝန်းကျင်အတွင်း ရောက်နေသဖြင့် သင်္ခမ်းကျောင်း၏ ပင်မ ပရိဝုဏ်သည် သေနင်္ဂဗျူဟာ စစ်အတတ်ပညာ သင်ကြားရေးအတွက် အလွန်တရာ အဆင်ပြေနေသည့် နေရာဌာန ဖြစ်သည်။ ထိုသင်္ခမ်းကျောင်း၌ ကျွန်ုပ်တို့သည် တခြား ဗြဟ္မစာရီတို့၏ ချစ်ခင်လေးစားမှုကိုလည်း ခံယူရရှိ

mgyoe.com

mgyoe.com

သည်။ ဒုပဒကို လေးစားခြင်းမှာမူ ဘုရင့်သားတော်ဖြစ်သောကြောင့် ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်အပေါ် လေးစားသမှုပြုကြခြင်း၏ အခြေခံအကြောင်းတရားမှာမူ ကျွန်ုပ်၏ဖခင်ကြီးနှင့် အဂ္ဂိဝေသသတို့၏ ချစ်ကြည်ရင်းနှီးမှု ဖြစ်သည်။ အဂ္ဂိဝေသ၏ ဇနီးကလည်း ကျွန်ုပ်အား သားရင်းခေါက်ခေါက်တစ်ယောက်ပမာ ချစ်ခင်မြတ်နိုးရှာသည်။ ထိုသင်္ခမ်းကျောင်း၌ ဒုပဒသည် ထိုကဲ့သို့သော နှလုံးသည်းပွတ်ကြားက ချစ်ခင်ရင်းနှီးမှုမျိုးကို မရရှိပေ။ ထို့ကြောင့် သူသည် အတွင်းကျိတ်ပြီး ကျိတ်မနိုင် ခဲမရ ဖြစ်နေပုံရသည်။ ထိုသင်္ခမ်းကျောင်း၌ သူ၏ဖခင် ဘုရင်မင်းကြီးသည် ကျွန်ုပ်တို့၏ သင်္ခမ်းကျောင်းမှာလောက် ဩဇာအရှိန်အဝါ မရှိပေ။ ထို့ကြောင့် ဒုပဒသည် ခပ်ကုပ်ကုပ်ပင် နေရလေသည်။

သူ၏ ပျော့ကွက်ကို ကျွန်ုပ် သိသည်။ သူသည် အလွန်တရာ ရေသာခိုချင်သူ ဖြစ်သည်။ သူတစ်ပါး ဘေးဖြစ်မည့်အလုပ်မျိုး လုပ်ရသည်ကို သာလျှင် စိတ်ဝင်စားသည်။

သူတစ်ပါးဘေးဖြစ်မည့်အလုပ်ကို အသစ်အသစ် ထွင်လုပ်နေသည့် နေရာ၌ သူ၏ အသိဉာဏ်သည် ထက်မြက်စူးရှလှသည်။ သင်္ခမ်းကျောင်းက ကျေးငှက်တိရစ္ဆာန်များသည် သူ့ကို အသေအလဲ ထိတ်လန့်ကြောက်ရွံ့ကြသည်။

အဂ္ဂိဝေသသည် သူ့ကို မျက်နှာသာ မပေးပေ။ မာန်မဲကြိမ်းမောင်းသည်။ သို့သော်လည်း သူသည် ခွေးအမြီးပမာ ကောက်မြဲပြန်ကောက်သည်။ နောက်ဆုံး၌မူ အဂ္ဂိဝေသသည် သူ့ကို ဘုရင့်သားတော်ဖြစ်သည့်အတွက် သတ်ချင်ဖြတ်ချင်စိတ်၊ ကြမ်းချင်ရမ်းချင်စိတ် ရှိနေခြင်းဖြစ်မည်ဟု တွေးပြီးလျှင် သူနှင့်ပတ်သက်၍ အမှတ်တမဲ့သာနေလိုက်တော့သည်။ သူလည်း နွားသိုးကြိုးပြတ် ဖြစ်သွားလေသည်။

သို့သော်လည်း တစ်နေ့တွင် သူ့မျက်နှာ မသာမယာဖြစ်နေသည်ကို ကျွန်ုပ် တွေ့ရလေသည်။ သူသည် ချုံပုတ်တစ်ခုဘေး၌ ထိုင်နေသည်။ ကျွန်ုပ်ကို သူ့အနီးသို့ခေါ်ပြီးလျှင် သူက "ပညာဆုံးခန်းမရောက်မီ ငါ ဒီသင်္ခမ်းကျောင်းက ထွက်သွားဖို့ စိတ်ကူးနေတယ်"ဟူ၍ ပြောလေသည်။

"ဘာဖြစ်လို့လဲ"

mgyoe.com


"ငါ အကြီးအကျယ် စိတ်ပျက်နေပြီ။ တစ်နေ့လုံး ဆရာဂုရုက လက်နက်၊ အထိုးအခုတ်၊ အပစ်အခတ် လေ့ကျင့်ခိုင်းနေတယ်။ ညကျပြန်တော့လည်း လက်နက်အတတ်ပညာရဲ့ သဘောတရားအပိုင်းကို သင်ရတယ်။ အဲဒါ နှစ်ခုလုံး ငါ စိတ်မဝင်စားဘူး။ လက်နက်၊ အထိုးအခုတ်၊ အပစ်အခတ် လေ့ကျင့်ခန်းကိုတော့ ငါ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ လက်နက်ပညာနဲ့ ပတ်သက်ပြီး သဘောတရားပိုင်းကို သင်ကြားလေ့လာရတာနဲ့ လေ့ကျင့်ခန်းတစ်ခုစီရဲ့ပုံကြမ်းကို ရေးဆွဲပြရတာ ငါ လုံးလုံးစိတ်မဝင်စားဘူး။ အဲဒါတွေဟာ ငါ့အလုပ် မဟုတ်ဘူးလို့ ငါထင်တယ်"

"အဲဒီအကြောင်း ဆရာဂုရုကို ဘာဖြစ်လို့ ပြောမပြသလဲ"

"ဒီသင်္ခမ်းကျောင်းမှာ ငါပြောတဲ့စကားကို ဘယ်သူကများ ဂရု တစိုက် နားထောင်လို့လဲ"

သူ၏ စကားလုံးများသည် အလွန်တရာ စိတ်ဓာတ်ကျနေသည့် စကားလုံးများ ဖြစ်သည်။ ကျွန်ုပ် သူ့ကို ရှင်းပြသည်။

"မင်း ဒီကထွက်သွားရင် မင်းအဖေက ကြိုက်ပါ့မလား"

"ငါ့ဖခင်ကြီးဆီကိုလည်း ငါ အားလုံးဖွင့်ပြီး စာရေးလိုက်ပြီ"

သူ၏ စိတ်အခြေအနေအရ လည်းကောင်း၊ သူပြောသည့် စကားအရ လည်းကောင်း ဒုပဒသည် အကြီးအကျယ် စိတ်ပျက်ပြီး ဤသင်္ခမ်းကျောင်းမှ ထွက်သွားတော့မည်ဆိုသည်ကို ပြတ်ပြတ်သားသား သိရှိရလေသည်။ ကျွန်ုပ် စိတ်မကောင်း ဖြစ်သွားသည်။ ဤနေ့ဤရက်အထိ သူသည် ကျွန်ုပ်နှင့် မကွေမကွာ ရှိလာခဲ့သည်။ သူငယ်ချင်းကို ချစ်သည့် စိတ်သည် ထကြွလှုပ်ရှားလာသည်။ ကျွန်ုပ် သူ့ကို "ဒီသင်္ခမ်းကျောင်းက ခွဲခွာသွားရင်တော့ ခွဲခွာသွားပါ၊ ဒါပေမဲ့ ငါ့ကိုတော့ မခွဲပါနဲ့ကွာ"ဟု ပြောလိုက်မိသည်။

"ဒါဖြင့် မင်းလည်း ဒီသင်္ခမ်းကျောင်းကထွက်ပြီး ငါနဲ့အတူ လိုက်ခဲ့ပါလား"

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ ပညာသင်ကြား ဆည်းပူးတာမှတစ်ပါး ငါ့အတွက် တခြားလမ်းမရှိဘူး။ မင်းက ဘုရင့်သားတော် မဟုတ်လား။ မင်းအဖေရဲ့ ထီးနန်းက မင်းအတွက် အဆင်သင့်၊ အရန်သင့် ဖြစ်နေတယ်။ ငါ့အနေနဲ့က ဘာသွားလုပ်မှာလဲ။ နောက်တစ်ကြောင်းကလည်း ငါ့ဖခင်

mgyoe.com

ကြီးက ငါ့ကို ဒီနေရာကသွားခွင့်ပြုမှာ မဟုတ်ဘူး"

"ဒီလိုဆိုရင် မင်း ငါပြောတာ လုပ်ပေးမလား"

"ပြောလေ၊ ဘာလုပ်ပေးရမလဲ"

"နေ့လယ်နေ့ခင်း လေ့ကျင့်ခန်းကိုတော့ ငါလုပ်ပါမယ်။ အဲဒီလို လုပ်ရတာ ငါစိတ်ပါသလောက်လည်းပါတယ်၊ ညပိုင်းလုပ်တဲ့အလုပ်ကို မင်း ငါ့ကိုယ်စားလုပ်ပေးပါလား။ မင်းသိတဲ့အတိုင်းပဲ၊ နေဝင်မိုးချုပ်လာတာနဲ့တစ်ပြိုင်နက် ငါမျက်တောင်စင်းလာတာပဲ။ လက်တွေ့လုပ်ခဲ့တာ မှန်သမျှကို ပုံကြမ်းရေးဆွဲပြီး ပြရတာ ငါနဲ့ ဖြစ်ကိုမဖြစ်ဘူး"

"ဒါဖြင့် ကောင်းပြီ သူငယ်ချင်း၊ အဲဒီ မင်းအလုပ်ကို ငါ လုပ်ပေးမယ်"

ဒုပဒသည် အကြီးအကျယ် အူမြူးသွားသည်။ လက်ရုံးနှစ်ဖက်ဖြင့် ကျွန်ုပ်ကို အတင်းဖက်ပြီး သူ့ရင်ခွင်ထဲ ဆွဲသွင်းသည်။ ထို့နောက်တစ်ဖန် ကျွန်ုပ်ကို ချီပင့်လိုက်ပြန်သည်။ ကျွန်ုပ်အပေါ် ကျေးဇူးတင်သည့်အခါ တိုင်း သူ ယင်းကဲ့သို့ လုပ်လေ့လုပ်ထရှိသည်။

ကျွန်ုပ်က သူ့ကိုမေးလိုက်သည်။

"အဲဒီလိုလုပ်ပေးတဲ့အတွက် မင်းက ငါ့ကိုဘာပေးမလဲ။ ပြောပြ ပါဦး"

"ဘာပေးရမှာလဲ၊ မင်းက ငါ့သူငယ်ချင်း မဟုတ်လား"

သူသည် ကျွန်ုပ်ကို တစ်ဖန် ဖက်ပြီးလျှင် ဟက်ဟက်ပက်ပက် ရယ်မောလျက် ပြောလေသည်။

"မင်း ငါ အကျပ်အတည်းတွေ့နေတဲ့အချိန်မှာ အကူအညီပေးတယ် မဟုတ်လား၊ ငါလည်း မင်းအကျပ်အတည်းတွေ့နေတဲ့အချိန်အခါမျိုးမှာ အကူအညီ ပေးရမှာပေါ့"

"ကောင်းပြီ၊ မင်း ကိုယ့်စကားကိုယ် မြဲမြဲမှတ်ထား"

"မမေ့ပါဘူး၊ မှတ်မိပါတယ်။ ဒုပဒဟာ ကျောင်းသခ်မ်းမှာ သင်ရတဲ့ စာမှတစ်ပါး တခြားဘာကိုမှ မေ့လေ့မေ့ထမရှိဘူး"

သူ ပြောပုံပြောနည်းကို ကျွန်ုပ်ရယ်ချင်လာသည်။

ထိုနေ့မှအစပြု၍ ဒုပဒသည် သူ၏လက်တွေ့လေ့ကျင့်ခန်းလုပ်ရသည့် အလုပ်ကို သူကိုယ်တိုင်လုပ်ပြီး သူ၏ လက်တွေ့လေ့ကျင့်ခန်းများ၏ သဘောတရားပိုင်းကိုမူ ကျွန်ုပ်က ရေးရေးပေးရလေသည်။

mgyoe.com

mgyoe.com


မကြာမီ နေ့ရက်အတွင်းမှာပင် ယင်းအဖြစ်မှန်ကို ဗြဟ္မစာရီ အားလုံး သိရှိသွားကြသည်။ အင်္ဂုလိမာလ၏ နားသို့အထိပင် ပေါက်ကြားသွားသည်။ အင်္ဂုလိမာလသည် ရယ်ရုံမျှသာ ရယ်နေသည်ဟု ကြားသိရလေသည်။

တစ်နေ့သောအခါ၌ ကျွန်ုပ် ဖခင်ကြီးသည် ပိသတဘုရင်နှင့် အတူ သင်္ခမ်းကျောင်း ရောက်လာသည်။ လေးအတတ်ပညာ လက်တွေ့လေ့ကျင့်ခန်း လုပ်နေချိန်ဖြစ်သည်။ လက်တွေ့လေ့ကျင့်ခန်း၌မူ ဒုပဒသည် လူတော် တစ်ယောက် ဖြစ်သည်။

သူ့သား၏ အစွမ်းအစကို မြင်ရသောအခါ ဘုရင်မင်းကြီးသည် အတိုင်းထက်အလွန် ပီတိသောမနဿ ဖြစ်သွားသည်။ ကျွန်ုပ်၏ ဖခင်ကြီး ဘက် လှည့်ပြီး ဂုဏ်ယူမော်ကြွားစွာဖြင့် "ဘယ့်နှယ့်လဲ ရှင်ရသေ့ကြီး၊ ကိုယ့် တပည့်ရဲ့အစွမ်းအစကို မြင်ရတယ် မဟုတ်လား"ဟူ၍ ပြောလိုက်လေသည်။

"သင်မင်းကြီးရဲ့သွေး မဟုတ်လား"

ကျွန်ုပ်၏ဖခင်ကြီးသည် ပိသတဘုရင် ကျေနပ်သွားစေရန်အတွက် သာလျှင် ပြောပြလိုက်ခြင်း ဖြစ်သည်။ သို့သော်လည်း အမှန်တရားကိုမူ သိပြီးဖြစ်နေသည်။

ထိုနေ့ညတွင် ဒုပဒသည် ကျွန်ုပ်ရှေ့မှောက်မှာပင် သူ့ဖခင်အား "ကျွန်တော် ဒီမှာ မနေချင်တော့ဘူး၊ ကျွန်တော့်ကို နေပြည်တော် ပြန်ခေါ် သွားပါ"ဟု ပြောလိုက်လေသည်။

ထိုအခိုက် ထိုနေရာ၌ ကျွန်တော်၏ ဖခင်ကြီးလည်း ရှိနေသည်။ ကျွန်ုပ်၏ဖခင်ကြီးက ဒုပဒ နားလည်သဘောပေါက်အောင် ရှင်းပြနေသည်။

"အင်္ဂုလိမာလဆီက အတတ်ပညာ အစုံမရဘဲနဲ့ တပည့် ဒီသင်္ခမ်း ကျောင်းက မသွားသင့်ဘူး"

ဖခင်ကြီး၏ စကားကို ဒုပဒက လက်မခံပေ။

"ကျွန်တော် ဒီမှာနေရတာ စိတ်မဝင်စားဘူး"

"စိတ်ဝင်စားအောင်လုပ်ရင် စိတ်ဝင်စားပါတယ်"

ဖခင်ကြီးက ထပ်ပြောသည်။

"ဒီမှာ အဓိပ္ပာယ်မရှိနေလို့ ဘာအကျိုးထူးမှာလဲ၊ အဓိကကျတဲ့ သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာတွေကို ကျွန်တော် အကုန်သင်ပြီးမှပဲ"

mgyoe.com

mgyoe.com


ဘုရင်ပိသတသည် သူ့သားကို အပြည့်အဝ ယုံကြည်စိတ်ချသည်။ သူ၏သားသည် အဂ္ဂိဝေဿ သင်ကြားပြသပေးသည့် အတတ်ပညာများကို အပြည့်အစုံ တတ်မြောက်သွားပြီဟု ထင်လေသည်။ ရယ်ကာ မောကာနှင့် ကျွန်ုပ်၏ဖခင်ကြီးအား ပြောပြလေသည်။

"တကယ်လို့ စိတ်ဝင်စားအောင် လုပ်ရမယ်ဆိုရင် ထီးနန်းအုပ်ချုပ်မင်းလုပ်တဲ့ကိစ္စမှာ စိတ်အဝင်စား ခိုင်းရရင် မကောင်းပေဘူးလား"

ထို့နောက် ရက်အနည်းငယ် အတောအတွင်းမှာပင် ကျွန်ုပ်၏ ဖခင်ကြီး သဘောမတူသော်လည်း ဘုရင်ပိသတ၏သား ဒုပဒသည် အဂ္ဂိဝေဿ၏ သင်္ခမ်းကျောင်းက ထွက်ခွာသွားလေသည်။

ထို့နောက်တွင် ပဉ္စာလတိုင်းပြည်နှင့် ကျွန်ုပ်တို့၏ ဆက်သွယ်မှုသည် ပြတ်တောက်သလောက် ဖြစ်သွားသည်။ ကျွန်ုပ်တို့အား နောက်ဆုံးပိတ် ပညာသင်ကြားပေးပြီး ကျောင်းဆင်းပွဲ ကျင်းပပြုလုပ်သည့် အခမ်းအနား သို့ပင် ဒုပဒတစ်ယောက် ရောက်မလာတော့ပေ။ ကျွန်ုပ်လည်း သင်္ခမ်းကျောင်းမှ မခွဲချင်ခွဲချင်နှင့် ခွဲလာခဲ့ရလေသည်။

❑

mgyoe.com

mgyoe.com

# [၂]

အင်္ဂဝေဿရသေ့ထံမှ ပညာသင်ကြား ဆည်းပူးပြီးနောက် ကျွန်ုပ်သည် ကိုယ့်သခ်မ်းကျောင်းသို့ တစ်ဖန် ပြန်လာခဲ့လေသည်။

ဖခင်ကြီး၏ ဇရာထောင်းနေပြီဖြစ်သည့် ကိုယ်ခန္ဓာသည် ရောဂါဝေဒနာပေါင်းများစွာတို့ စုဝေးအခြေချရာ အိမ်ဂေဟာ ဖြစ်နေပြီ။ ယခုအခါတွင် ဖခင်ကြီးသည် သခ်မ်းကျောင်းကို မကွပ်ကဲ၊ မအုပ်ချုပ်နိုင်တော့ပေ။ ကျွန်ုပ်က သူ့ကို အကူအညီပေးနေရသည်။ ပညာသင်ခြင်း၊ ပညာသင်ကြားပို့ချပေးခြင်း အလုပ်များအပြင် တခြား စီမံခန့်ခွဲမှုများကိုလည်း ကြည့်ရှုရလေသည်။ ဖခင်ကြီးမှာမူ နံနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ် မီးယဇ်ပူဇော်ချိန်များ၌သာလျှင် ယဇ်ပူဇော်ရာသို့ လာရောက်နိုင်လေတော့သည်။

တစ်နေ့တွင် ဖခင်ကြီးသည် နံနက်အိပ်ရာမှထစဉ် လဲကျသွားလေသည်။ နောက်တစ်ကြိမ်၌ သူ၏ ညာဘက်ခြေထောက် သေသွားပြီဆိုသည့်အကြောင်းကို သိရလေသည်။ ထိုအချိန်မှာ သူ့ကို ကျွန်ုပ် ယဇ်တင်းကုပ်၌စောင့်နေသည့်အချိန်ဖြစ်သည်။

ဗြဟ္မစာရီတစ်ယောက် ဖခင်ကြီး၏အခြေအနေ ကျွန်ုပ်ကို လာပြောလျှင်ပြောချင်း ကျွန်ုပ်သည် ဖခင်ကြီးဆီ အတင်းပြေးသွားသည်။ ဖခင်ကြီးသည် ကောက်ရိုးအိပ်ရာပေါ်၌ လဲလျောင်းနေရှာသည်။ ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း သူ ကြိုးစားပြုံးသည်။

mgyoe.com

mgyoe.com

"သား၊ အဖေ့ အခြေအနေကတော့ လုံးလုံးမှည့်နေပြီ။ ကြွေကျမယ့် အချိန်သာ လိုတော့တယ်။ သားလူလားမြောက်လာတာကိုပဲ အဖေ ကျေနပ် အားရ ဖြစ်နေရတယ်။ သား သစ်မ်းကျောင်းကို ထိန်းသိမ်းစောင့်ရှောက်တဲ့ တာဝန် ယူရလိမ့်မယ်"

ယင်းသို့ ပြောပြီးလျှင် ဖခင်ကြီးသည် နှုတ်ဆိတ်သွားလေသည်။ သူ၏ မျက်လုံးသည် သစ်မ်းကျောင်းအမိုးက အပေါက်များအပြင်ဘက်ရှိ ခပ်လှမ်း လှမ်းနေရာ၌ ထို့ထက်ပင် အလှမ်းဝေးကွာသည့်နေရာ၌ တစ်စုံတစ်ခုကို ရှာဖွေနေလေသည်။ တစ်ခဏကြာသွားပြီးသည့် နောက်၌ ဖခင်ကြီးသည် အလွန်တရာ တိမ်ဝင်တိုးညင်းသောအသံဖြင့် "အဖေ ဖြစ်စေချင်တာတစ်ခု ရှိနေတယ် သား"ဟူ၍ ပြောလိုက်လေသည်။

"ဘာလဲ အဖေ"

ကျွန်ုပ်သည် သူ၏စိတ်ဆန္ဒကို အလွန်တရာ သိချင်ကြားချင်နေသည်။

ဖခင်ကြီးသည် ပထမက အတိုင်းပင် တစ်လုံးချင်း ဖြည်းဖြည်းကလေး ပြောလေသည်။

"အဖေ သားကို လက်ထပ်ထိမ်းမြားပေးချင်တဲ့ဆန္ဒ ရှိနေတယ်"

ယခုလို အချိန်အခါ၌ ကျွန်ုပ်အား အိမ်ထောင်ချပေးလိုသည့် အကြောင်းကို ဖခင်ကြီး အဘယ့်ကြောင့် စဉ်းစားနေသနည်း။ ဘယ်လို အကြောင်းကြောင့် သူ ဤကိစ္စကို စိတ်ကူးထဲထည့်နေရသနည်း။ သူ့ အနေ ဖြင့် တစ်သက်လုံး ထိမ်းမြားမသွားခဲ့ရ၍များ ဤကိစ္စကို စိတ်ဝင်စားနေသလား။ သို့မဟုတ် "နတ်မိမယ်"နှင့် သူ ဖောက်လွဲဖောက်ပြန် ဖြစ်ခဲ့ရ၍များလား။ ဘာအကြောင်းကြောင့်ဖြစ်ဖြစ် ကျွန်ုပ် သူပြောသည့် စကားကို ခပ်မဆိတ် နားထောင်နေလေသည်။

ဖခင်ကြီးက တစ်ဖန် ပြန်ပြောသည်။

"သား အိမ်ထောင်ရက်သားကျသွားမှပဲ အဖေ စိတ်ချမ်းသာမှု ရလိမ့်မယ်"

ကျွန်ုပ်သည် ဦးခေါင်းညိတ်လျက် သူပြောသည့် စကားကို လက်ခံ ကြောင်း ပြလိုက်လေသည်။

ဖခင်ကြီးက တစ်ဖန် ပြောပြန်သည်။

mgyoe.com

mgyoe.com


"လိုအပ်တဲ့အခါကျရင် ပိသတဘုရင်နဲ့သွားတွေ့၊ ကြားလားသား"

ကျွန်ုပ်သည် တစ်ဖန် သူပြောသည့်စကားကို လက်ခံသည့်အနေဖြင့် ဦးခေါင်းညိတ်လိုက်ပြန်လေသည်။

ထို့နောက် ဖခင်ကြီး မျက်လုံးမှိတ်လိုက်လေသည်။ ဖခင်ကြီး၏ မျက်လုံးသည် ဘယ်တော့မှ ပြန်ပွင့်မလာတော့ပေ။

ကျွန်ုပ်၏ ဖခင်ကြီး ကွယ်လွန်သွားပြီဆိုသည့်အကြောင်းကို ကြားသိရသောအခါ အဂ္ဂိဝေဿရသေ့လည်း အကြီးအကျယ် စိတ်ထိခိုက်သွားလေသည်။ အဂ္ဂိဝေဿရသေ့သည် ဖခင်ကြီး၏ မိတ်ဆွေသင်္ဂဟ ဖြစ်ရုံမျှမက တပည့်လည်း တပည့်ဖြစ်သည်။ ဖခင်ကြီး ရက်လည်သောနေ့၌ အဂ္ဂိဝေဿသည် ကျွန်ုပ်တို့ သင်္ချိုင်းကျောင်းသို့ ကြွရောက်လာသည်။ သူက ကျွန်ုပ်ကို အားပေးစကားပြောသည်။

"သား၊ ကိုယ့်မွေးသဖခင် ကျေးဇူးရှင်ရဲ့ ပုံစံနမူနာအတိုင်း နေထိုင်သွားဖို့လိုတယ်။ သားရဲ့ဖခင်ဟာ အကယ်၍ သူသာဆန္ဒရှိရင် ဘယ်လောက်စီးပွားဉစ္စာကို စုဆောင်းနိုင်ခဲ့မယ် မသိဘူး။ ဒါပေမဲ့ အဲဒီလို မလုပ်ခဲ့ဘူး၊ သားရဲ့ဖခင်ဟာ စီးပွားဉစ္စာကို လိုချင်တပ်မက်တဲ့စိတ် နည်းနည်းကလေးမှ မရှိဘူး"

ပြောရင်းပြောရင်း သူ မျက်ရည်လည်လာသည်ကို ကျွန်ုပ် မြင်ရသည်။ ကျွန်ုပ်တို့အားလုံးလည်း မျက်နှာအမူအရာ တည်ငြိမ်ကြွေရနေကြသည်။ ရေခဲကဲ့သို့ တစ်ခဲနက် သိပ်သိပ်သည်းသည်းဖြစ်နေသော တိတ်ဆိတ်ငြိမ်သက်ခြင်းကို သင်္ချိုင်းကျောင်းက ဗြဟ္မစာရီတစ်ဦးက ချိုးဖျက်လိုက်လေသည်။

"ကျွန်ုပ် မျက်မှောက်မှာပဲ ဘုရင်တွေအတော်များများက သူ့ကို လက်ကမ်းကြတယ်။ ဒါပေမဲ့ ဆရာအရှင် ဘာရဒွါဇဟာ လိုချင်တပ်မက်တဲ့စိတ် လုံးလုံးမရှိဘူး"

"လိုချင်တပ်မက်တဲ့စိတ် ဘယ်ရှိမလဲ၊ ဗြာဟ္မဏအတွက် ဉစ္စာဓနကို လိုချင်တပ်မက်တာဟာ အကျိုးမဲ့ကို ဖြစ်စေတတ်တယ်ဆိုတာ သူက ကောင်းကောင်း နားလည်တယ်မဟုတ်လား။ မောင်တို့ ရှင်ရသေ့ကြီးဟာ သူကိုယ်တိုင် ရသမျှ အစားအစာကို ဖြစ်သလိုစားပြီး အသက်ရှင်နေရုံ ရှင်နေ

mgyoe.com

တာမဟုတ်ဘူး၊ လူ့လောကတစ်ခုလုံးကိုလည်း အသက်ရှင်နေအောင် လုပ်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ အကျင့်တရားကြောင့် ဖြူစင်သန့်ရှင်းနေတဲ့ သူ့မျက်ခုံး အသရေရဲ့ ချုပ်ကိုင်မှုအောက်မှာပဲ နိုင်ငံတစ်နိုင်ငံလုံးရဲ့ နိုင်ငံ့အရေး၊ ရာဇအရေးများတည်ရှိနေတယ်။ အဲဒီလို ဘာကြောင့်ဖြစ်သလဲဆိုရင် ရွှေရဲ့ ဝင်းဝါတောက်ပြောင်မှုက သူ့ကို မဖမ်းစားနိုင်တဲ့အတွက်ကြောင့်လို့ ဆိုရလိမ့်မယ်"

ထိုအချိန်၌ ကျွန်ုပ်လည်း ဖခင်ကြီး၏ စံနမူနာအတိုင်း နေထိုင်သွားမည်ဟူ၍ ဆုံးဖြတ်ချက်ချလိုက်လေသည်။ စီးပွားရေး အကျပ်အတည်းခါးစည်းခံနေရစေကာမူ ပညာကို ရောင်းမစားဟူ၍ သန္နိဋ္ဌာန် ချလိုက်လေသည်။

စကားစပ်ရင်း ပိသတဘုရင် မရှိတော့ဘူးဆိုသည့် သတင်းကိုလည်း ကြားသိရလေသည်။ ကွယ်လွန်သွားသည်မှာ သုံးလေးရက် လောက်ရှိသွားပြီ။ ပိသတဘုရင်သည် ကျွန်ုပ်ဖခင်ကြီး၏ မိတ်ကောင်း ဆွေကောင်း ဖြစ်သည်။

သူတို့နှစ်ဦး ပထဝီမြေပြင်ပေါ်၌ မိတ်ဆွေသင်္ဂဟဖြစ်ကြသည်ကို အားမရကြသေးဘဲ နတ်ပြည်၊ နတ်လောက၌လည်း သူတို့၏ မိတ်ဆွေ သူငယ်ချင်းဘဝကို စွန့်လွှတ်ကြမည်မဟုတ်ပေ။

သို့သော်လည်း ဒုပဒတွင် ထိုသဘောမျိုး မရှိပေ။ ထိုအချက်ကို အဂ္ဂိဝေသရသေ့က ဝန်ခံသည်။ ရသေ့က ပြောသည်။

"မကောင်းတဲ့အချက်တော့ မပြောနဲ့၊ ဒီကနေ့ ဘုရင်တွေမှာရှိတဲ့ မကောင်းတဲ့အချက်မှန်သမျှ ဒုပဒမှာ အားလုံးရှိတယ်။ ပျင်းတယ်၊ မေ့မေ့ လျော့လျော့နေတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ ကောက်ကျစ်တယ်၊ လိမ်တယ်၊ ညာတယ်၊ မမှန်မကန်လုပ်တယ်၊ မကောင်းတဲ့အချက် မှန်သမျှ သူ့မှာ အကုန်ရှိတယ်"

ကျွန်ုပ်ကို ဒုပဒပေးခဲ့သော ကတိစကားအကြောင်း အဂ္ဂိဝေသအား ပြောပြလိုက်သည်။ သူက ပြန်ပြောသည်။

"ဆရာဂုရုဆီမှာ စာမေ့တတ်တဲ့သူ တစ်ယောက်ဟာ ကိုယ်ပေး ထားတဲ့ကတိတစ်ခုကို မေ့ပစ်လိုက်ဖို့ မခဲယဉ်းဘူး။ ကတိတည်တာ မတည်

mgyee.com

mgyoe.com


တာ အပထား၊ ဒီသခ်မ်းကျောင်းကို သူ သတိရမှ ရသေးရဲ့လားဆိုတာကို ခဏ သတိထားကြည့်စမ်းပါဦး။ အရင်းစစ်လိုက်တဲ့အခါကျတော့ ဒီသခ်မ်းကျောင်းမှာ သူ့ဘဝရဲ့ အရေးကြီးတဲ့ နှစ်ကာလအစိတ်အပိုင်းတွေ ကုန်ဆုံးကျော်လွန်သွားခဲ့တာပဲ မဟုတ်လား"

ထိုနေ့၌ပင် အဂ္ဂဝေသသည် ကျွန်ုပ်တို့၏သခ်မ်းကျောင်းမှ ပြန်လည်ထွက်ခွာသွားလေသည်။ သို့သော်လည်း သူပြောသည့်စကားမှာ မှန်နေသည်။ ဒုပဒသည် ယောင်၍မျှပင် ကျွန်ုပ်တို့ကို သတိမရပေ။

* * *

တစ်နေ့သ၌ သန္တနုဘုရင်မင်းကြီးကိုယ်တိုင် ကျွန်ုပ်၏ သခ်မ်းကျောင်းရောက်လာသည်။ ကျွန်ုပ်နှင့်အတူ အတန်ကြာကြာနေသည်။ နှစ်ပေါင်းတစ်ရာကျော်မျှ ကမ္ဘာလောကကြီးကို မပြတ် ကြည့်ရှုလာခဲ့သော သူ၏မျက်လုံးသည် အရာဝတ္ထုတစ်ခုစီ တစ်ခုစီကို လေ့လာအကဲခတ်သည်။ သူအဘယ်ကြောင့် ယင်းကဲ့သို့ပြုလုပ်နေသည်ဆိုသည်ကို ကျွန်ုပ်ကိုယ်တိုင် မသိနားမလည်ပေ။

ကျေနပ်လောက်အောင် လေ့လာအကဲခတ်ပြီးသောအခါ ဘုရင်မင်းကြီးသည် ကျွန်ုပ်အား ရွှေဒင်္ဂါးပြားများပေးပြီး သူ့နန်းတော်သို့ လာခဲ့ရန်လည်း ဖိတ်မန္တက ပြုသွားလေသည်။ ကျွန်ုပ် အားရဝမ်းသာ ဖြစ်သွားသည်။ နန်းတော်သို့သွားလျှင် တစ်စုံတစ်ခု ရလိမ့်မည်ဟူ၍ တွေးတောနေမိသည်။

တစ်နေ့သောအခါ အားလပ်သည့်အချိန်၌ သန္တနုဘုရင်မင်းကြီး၏ နန်းတော်သို့ ရောက်သွားသည်။ နန်းပြာသာဒ်တစ်ခုခုသို့ ကျွန်ုပ် ပထမအကြိမ်ရောက်ဖူးခြင်း ဖြစ်သည်။ ဆရာဂုရုတစ်ဦးကဲ့သို့ ကျွန်ုပ်အား ဧည့်ခံပြုစုသည်။ ကျွန်ုပ်ကို ဧည့်ဂေဟာ၌ ဂုဏ်သရေရှိရှိ ထားသည်။ ဧည့်ဂေဟာ၌ ကျွန်ုပ် ဘီသမနှင့် ပထမဆုံးအကြိမ်တွေ့ဆုံရသည်။ ဘီသမသည် ကျွန်ုပ်ထက် အသက်ကြီးသည်။ သို့သော်လည်း သူ၏ တောင့်တင်း သန်မာသောကိုယ်ကာယကိုကြည့်လျက် သူ၏အသက်အရွယ်ကို ခန့်မှန်းဖို့ရန် မလွယ်ပေ။ သူ၏ မဟာနဖူးတွင် တောက်ပနေသော ဗြဟ္မစရိယ အရောင်အသွေး

mgyoe.com

mgyee.com


သည် ယဇ်မီးပုံ၏ တောက်ပဝင်းလက်နေသော မီးလျှံကဲ့သို့ အရှိန်အဝါ ထက်မြက်စူးရှလှပေသည်။

စကားပြောရင်းပြောရင်း သူ့ကို သာမန်ပုဂ္ဂိုလ်တစ်ဦးမဟုတ်ကြောင်း ကျွန်ုပ်သိရှိနားလည်သွားသည်။ သူသည် ဝေဒကျမ်းများနှင့် ပတ်သက်၍ ဆရာတစ်ဆူဖြစ်ရုံမျှမက တစ်ပြိုင်တည်းမှာပင် သေနင်္ဂဗျူဟာ လက်နက် အတတ်ပညာကိုလည်း ထူးထူးခြားခြား ကျွမ်းကျင်တတ်မြောက်ထားသူ ဖြစ်သည်။

သူနှင့် ကျွန်ုပ် စကားအတော်အသင့်လောက်သာ ပြောနိုင်သည်။ ကျွန်ုပ်အတွက် အဆင်ပြေရာပြေကြောင်းများကို စီမံခန့်ခွဲပေးပြီး သူ ပြန်သွား လေသည်။ ကျွန်ုပ်ကို ပြုစုစောင့်ရှောက်ရန်အတွက် မင်းချင်း ယောကျ်ား မင်းမှုထမ်းများကို တာဝန်ပေးထားခဲ့လေသည်။

ကျွန်ုပ်ကို နန်းတော်သို့ အဘယ်ကြောင့် ခေါ်သည်ဆိုသည်ကို ကျွန်ုပ် ဝေခွဲမရ ဖြစ်နေသည်။ အမျိုးမျိုး အဖုံဖုံ မတွေးတော မစဉ်းစားဘဲ နေ၍မရ ဖြစ်နေသည်။ ငါ့အား အလှူဒါနအဖြစ် ဥစ္စာစနေ အစုလိုက် အပုံလိုက်များ ပေးလှူမလို့လား။ သို့မဟုတ် ဘုရင် သန္တနုသည် ငါ၏ သခ်မ်းကျောင်း အတွက် ဝတ္တကမြေ အလှူဒါနများကို ပေးလှူမလို့လား။ သို့မဟုတ် ငါ့ကို မင်းဆရာအဖြစ် ခန့်အပ်မလို့လား။ ကျွန်ုပ် အမြီးပြန် ခေါင်းပြန် အဖန်ဖန် အထပ်ထပ် စဉ်းစားကြည့်သည်။ သို့သော်လည်း ဘာတစ်ခုမှ အသေအချာ စဉ်းစားမရပေ။

နေ့လယ်နေ့ခင်း အိပ်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ သို့သော် လည်း ဘာကြောင့်မှန်းမသိ၊ ယနေ့ နေ့လယ်စာစားပြီး အိပ်ရာပေါ် အကြော ဆန့်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ် အိပ်ပျော်သွားလေသည်။

အိပ်ရာမှနိုးပြီးနောက် မျက်လုံးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ရှေ့တူရူ ရှိ ပြတင်းပေါက်မှ မျက်လုံးပြူးပြူးကြီးနှစ်လုံး စိုက်ကြည့်နေသည်ကို ကျွန်ုပ် သွားမြင်လေသည်။ ထိုမျက်လုံးနှစ်လုံး၏ မွတ်သိပ်မှုမှာ ထူးခြားလှသည်။ ထိုမျက်လုံးနှစ်လုံး၏အညို့ဓာတ်မှာ မက်မောစရာကောင်းလှသည်။ ကျွန်ုပ် ၏ လှုပ်ရှားပုံအလုံးစုံကို ကြည့်ရှုအကဲခတ်နေပုံရလေသည်။ ကျွန်ုပ် နိုးလာ သည်ကို တွေ့ရသောအခါ ထိုမျက်လုံးနှစ်လုံး ဝန်ထုပ်ဝန်ပိုးသည် အချိန့်

mgyee.com

mgyoe.com


အတော်ကြာသည့်တိုင်အောင် ကျွန်ုပ်၏ စိတ်နှလုံးထဲတွင် ပိနေလေသည်။

အနောက်ဘက်သို့ ရွေ့လျားထိုးကျသွားသော နေ၏ရောင်ခြည်သည် ဤဧည့်ဂေဟာဝင်းထဲက ရေကန်မှ ဖဲကြည်သွားလေပြီ။ သို့သော်လည်း ကျွန်ုပ်၏မျက်လုံးသည် ထိုရေကန်မှ ဖဲကြည်မသွားသေးပေ။ ငါးကလေးများ ကစားမြူးထူးနေကြသောကြောင့် တလှုပ်လှုပ်ဖြစ်နေသည့် ကြာရိုးများကို ကြည့်နေမိသည်။ မျက်တောင်မခတ် စိုက်ကြည့်နေမိလေသည်။ ရေကန်ထဲတွင် ရေကူးနေသော ထိုမိန်းမပျို၏ မျက်လုံးပေါင်းများစွာကိုလည်း မြင်နေရသည်။ ကျွန်ုပ် မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ထိုမျက်လုံးများထဲ၌ နစ်မြုပ်နေသည်။

မိန်းမပျိုတစ်ဦးတစ်ယောက်၏ စွဲမက်စရာ ကျော့ကွင်းထဲ၌ ပထမဆုံးအကြိမ် ဖမ်းမိသွားခြင်း ဖြစ်လေသည်။ ဘယ်လောက် ချမ်းမြေ့ကြည်နူးစရာ ကောင်းသည်ဆိုသည်ကို ကျွန်ုပ် ဘယ်လိုလုပ် ပြောပြနိုင်မည်နည်း။ ထိုမျက်လုံးနှစ်လုံး၏ ဝန်ထုပ်ဝန်ပိုးအောက်က ရုန်းထွက်ဖို့ရန် ကျွန်ုပ်အတွက် မဖြစ်တော့သည့် အခြေအနေသို့ ရောက်လာသောအခါ ကွင်းကွင်းကွက်ကွက်ပေါ်နေသည့် မိန်းမပျို၏အလှရှေ့တွင် ကျွန်ုပ်၏ ဖခင်ကြီးဆောက်တည်၍မရ ဖြစ်သွားရခြင်းမှာ အဆန်းမဟုတ်တော့ဟူ၍ ကျွန်ုပ်တွေးမိလေသည်။

ကျွန်ုပ်၏ အေးတိအေးစက်ဖြစ်နေသော စိတ်နှလုံးပေါ်၌ သူ၏ရုပ်အလှ ရောင်ခြည်များသည် ပြာသိုလ နေရောင်ခြည်ကဲ့သို့ ဖြာကျလာလေသည်။ ထိုရောင်ခြည်အောက်၌ စိတ်နှလုံး၏အဖူးအငုံတို့သည် ပွင့်အာနေကြသည်။ ကျွန်ုပ်သည် တွေးရင်းတွေးရင်း ငေးမောနေမိလေသည်။ ထိုအတောအတွင်း သူသည် အကြိမ်များစွာ ကျွန်ုပ်ကို လာကြည့်သည်။ ကျွန်ုပ်ကလည်း သူ့ကို ပြန်ကြည့်သည်။ ပွင့်ဖူးဝေဆာနေသော မြတ်လေးနွယ်ကဲ့သို့ သေးသွယ်ကျစ်လျစ်ပြီး စည်ပင်ဖွံ့ထွားနေသော သူ၏ ကိုယ်ဟန်အနေအထားသည် ကျွန်ုပ်အား နေမထိထိုင်မသာဖြစ်အောင် ဖန်တီးနေလေသည်။ ကျွန်ုပ်၏ မျက်လုံးအရောင်အဝါသည် သူ၏ အရောင်အသွေးနှင့် ဝတ်ရုံကိုထိုးဖောက်လျက် အတွင်းပိုင်း ဘယ်နေရာ ဘယ်နေရာအထိ ရောက်သွားသည် မသိပေ။ ကျွန်ုပ် ကြက်သီး တဖြန်းဖြန်း ထလာလေသည်။

mgyoe.com

mgyee.com

သူ နောက်တစ်ကြိမ် ကျွန်ုပ်ကိုလာကြည့်ပြန်သည်။ ယခုတစ်ကြိမ်၌ကား ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တော့ပေ။ သူ့ကို လှမ်းခေါ်လိုက်မိလေသည်။

"လာလေ...၊ ဒီလာခဲ့ပါလား"

သူ အိမ်ထဲဝင်လာသည်။ လက်ယာလက်ညှိုးထိပ်ကလေးကိုသာ သွားဖြင့်ကိုက်ထားသည်။ ဤတစ်ကြိမ်၌မူ ကျွန်ုပ် သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။ အမှန်တကယ်ပင် သူသည် ထူးခြားမှုရှိသော မိန်းမပျို တစ်ဦးပင် ဖြစ်လေသည်။ ငွေဦးလေကဲ့သို့ မိန်းမောဖွယ် ဖြစ်သည်။ အရှေ့ လေကဲ့သို့ သွက်လက်ဖျတ်လတ်သည်။

"ညီမက ဘယ်သူလဲ" ကျွန်ုပ်က မေးလိုက်လေသည်။

သူ ပြုံးနေသည်၊ လှုပ်ရှားနေသော ကျွန်ုပ်၏စိတ်နှလုံး မျက်နှာ ပြင်၌ မိုးကြိုးပစ်ချလိုက်သလို ဖြစ်သွားလေသည်။

"ညီမက ဒီကို ခဏခဏ လာတယ်နော်"

သူက ပြုံးရုံသာ ပြုံးနေသည်။

"ကျုပ်ကို ပြောစရာကိစ္စများ ရှိသလား"

ဤတစ်ကြိမ်၌ကား သူသည် ခစ်ခစ်...ခစ်ခစ်နှင့် ရယ်မောပြီးလျှင် မခို့တရို့ အမူအရာဖြင့် လှည့်ထွက်သွားလေသည်။ ကျွန်ုပ်မျက်လုံးသည် သူ့ရယ်သံနောက် လိုက်သွားသည်။

ကျွန်ုပ်ခန်းဆောင်အပြင်ဘက် ထွက်လာပြီး ကြည့်သည်။ သူသည် ရယ်လိုက်ပြုံးလိုက်၊ မခို့တရို့ အမူအရာလုပ်လိုက်၊ ကျွန်ုပ်ကို ပြန်လှည့် ကြည့်လိုက် လုပ်ပြီးလျှင် နန်းတွင်းဆောင်ဘက် ထွက်သွားလေသည်။

သူ ဘယ်ကလာသနည်း။ ဘာကြောင့် လာသနည်း။ သူ ဘယ်သူ နည်း။ နတ်မိမယ်တစ်ဦးတော့ မဟုတ်တန်ရာ။ ငါ၏ဘဝ၌ ဖခင်ကြီး၏ ဘဝတွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်မျိုးဖြစ်ဖို့ အလားအလာမရှိပေ။ ငါ ယောကျ်ားတစ်ယောက်ဖြစ်သည်။ အဆင်ခြင်အစဉ်းစားနှင့် ပြည့်စုံသူဖြစ် သည်။ ငါ၏ တည်တံ့ခိုင်မာမှု ဘယ်ဆီရောက်သွားပြီနည်း။ ငါသည် မိန်းမပျို၏ အလှချောက်ထဲ လိမ့်ကျသွားသည့် ကျောက်တုံးတစ်လုံးမျှသာ ဖြစ်ပုံရသည်။ ကြေသွားလျှင် သဲမှုန်သဲပွင့်များဖြစ်သွားပေလိမ့်မည်။ ထို့

mgyoe.com


အတိုင်းရှိနေလျှင်ကား "ရှိဝလိင်"ကဲ့သို့ အပူဇော်ခံရလိမ့်မည်။

ငါ ကြံ့ကြံ့ခံမည်။ အလျှော့မပေး။ ငါ၏ရမ္မက်သည် ငါ့အား မှုန်မှုန်ညက်ညက်ကြေပြီး သဲပွင့်သဲမှုန်ဖြစ်အောင် လုပ်နိုင်လိမ့်မည် မဟုတ်ပေ။ ငါ၏ တည်တံ့ခိုင်မာမှုကို "ရှိဝလိင်"ကဲ့သို့ အပူဇော်ခံမဖြစ်အောင်လုပ်ရမည်။

ယင်းသို့ စဉ်းစားဆင်ခြင်ပြီးလျှင် ကျွန်ုပ်သည် ခန်းဆောင်ထဲ ပြန်ဝင်လာသည်။ မိမိ၏ ရမ္မက်တည်းဟူသောမြင်းကို အဆင်ခြင် အစဉ်းစားဉာဏ်ဇက်ကြိုးဖြင့် ခပ်တင်းတင်း ခပ်နာနာ ဆွဲထားလိုက်လေသည်။

ညနေပိုင်း၌ နန်းတော်ဆောင်သို့ လာရောက်ရန် နဂိုကပင် ဖိတ်မန္တကပြုထားလေသည်။ ကျွန်ုပ် ရောက်သွားသည့်အချိန်၌ သန္တနု ဘုရင်မင်းကြီးမှာ အလွန်တရာ အိုမင်းရင့်ရော်နေပြီ။ လဲမှို့နှင့်တူသော အမွေးအမှင်များလွှမ်းနေသော သူ၏မျက်နှာဝန်းသည် နေမင်းကဲ့သို့ ဝင်းလက်တောက်ပနေသည်။

ဘုရင်မင်းကြီး၏ မင်းပရိသတ်များလည်း ထိုနေရာ၌ ရောက်ရှိနေကြသည်။ ကျွန်ုပ် ရောက်သွားသည်နှင့်တစ်ပြိုင်နက် အားလုံးပင် မတ်တတ်ရပ်ကြလေသည်။

ကျွန်ုပ်အား တရိုတသေ တလေးတစား နေရာထိုင်ခင်းပေးပြီး နောက် ဘုရင်မင်းကြီးက "ကျုပ်တို့ဆီမှာ မောင် ဘယ်လိုအခက်အခဲမျိုးမှ မတွေ့ရဘူးနော်"ဟူ၍ ပြောလိုက်လေသည်။

"ဘယ်လို အခက်အခဲမျိုးမှ မတွေ့ရပါဘူး။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရပါတယ်"

ဘုရင်မင်းကြီး၏မျက်နှာ၌ ဖော်ရွေသည့်အပြုံး ပေါ်လာလေသည်။ ဘုရင်မင်းကြီးက တစ်ဖန် ဆက်ပြန်လေသည်။ "ကျုပ် မင်းပရိသတ်ကိုတော့ မောင် သိမှာမဟုတ်ဘူး ထင်တယ်"

မင်းပရိသတ်အားလုံးကို ကျွန်ုပ် တစ်ချက် လှမ်းကြည့်လိုက်သည်။ အမှန်ပင် ဘီသမမှတစ်ပါး တခြား မည်သူ့ကိုမှ ကျွန်ုပ်မသိပေ။ ဘုရင်မင်းကြီးသည် ကျွန်ုပ်အား သူ၏ မင်းညီမင်းသား မင်းပရိသတ်များနှင့် တစ်ဦးစီ မိတ်ဆက်ပေးသည်။ နောက်ဆုံး၌ လုလင်တစ်ဦးဘက်လှည့်လျက် "မောင် သူ့ကိုလည်း မသိဘူးထင်တယ်"ဟူ၍ ပြောလိုက်ပြန်သည်။

ကျွန်ုပ်က ဦးခေါင်းရမ်းပြလိုက်လေသည်။

mgyoe.com

mgyoe.com

"သူက "ကရိပါ"လို့ ခေါ်တယ်။ ကျုပ်ရဲ့သား။ သူ့ကို မောင် ကောင်း ကောင်း သိကျွမ်းအောင် လုပ်ရမယ်" ယင်းသို့ ပြောပြီးလျှင် ဘုရင်မင်းကြီး ရယ်နေသည်။

ကရိပါ...ကျုပ်ရဲ့ သား။ အဓိပ္ပာယ် နားမလည်ဖြစ်သွားသည်။ ဦးနှောက် အတော်ကလေး ခြောက်သွားသည်။ ဘုရင်မင်းကြီးမှာ ဤ အမည် နာမနှင့် သားတော်တစ်ပါးမှ မရှိပါကလား။ ယင်းသို့ဖြစ်ပါလျက်နှင့် ဘယ်ကရောက်လာရသနည်း။ လျှို့ဝှက်ချက် မုချရှိရမည်။ လုလင်၏ ပုံပန်း သဏ္ဌာန်မှာလည်း စိတ်ပါဝင်စားစရာ ဖြစ်သည်ဆိုသည်ကို ကျွန်ုပ် မြင်တွေ့ရ သည်။

ထိုအချိန်၌ တစ်စုံတစ်ရာ မေးရန်မသင့်လျော်ဟု ကျွန်ုပ် တွက်မိလိုက် သည်။ ဘုရင်မင်းကြီး ကိုယ်တိုင်ကပင် ပြောပြလေသည်။ "မောင့် လိုပဲ သူလည်းပဲ စာပေပညာနဲ့ လက်နက်အတတ်ပညာ နှစ်မျိုးလုံး ကျွမ်းကျင် တတ်မြောက်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်"

ထိုပုဂ္ဂိုလ်နှင့် ပတ်သက်၍ ကျွန်ုပ်၏ မရှင်းမလင်းဖြစ်နေသော အမှု အရာသည် ပိုမို နက်ရှိုင်းသွားလေသည်။

ထိုနောက် ဘုရင်မင်းကြီးက ပြောပြန်လေသည်။ "ကျုပ် မောင့်ကို ပစ္စည်းဝတ္ထု တစ်ခုပေးမလို့ နန်းတော်ကို ခေါ်လာခဲ့တာ" အပြုံးနှင့် ရစ်ပတ် နှောင်ဖွဲ့ထားလင့်ကစား သူ့စကား၏ လေးနက်မှုမှာ တစ်ရွေးသားမှ ပဲ့ထွက် မသွားပေ။

ယခင်က ငါ ကြိုတင်တွက်ထားသည်မှာ မှန်ပြီ။ အမှန်မုချပင် ဘုရင် မင်းကြီးသည် ငါ့ကို တစ်စုံတစ်ခု ပေးကမ်းလိုသည့်ဆန္ဒ ရှိနေသည်။ ယင်းသို့ပင် ကျွန်ုပ် တွက်ကြည့်မိလိုက်လေသည်။

ဘုရင်မင်းကြီးက ပြောပြန်၏။ "ကျုပ်ပေးတဲ့ ပစ္စည်းဝတ္ထုကို မောင် လက်ခံမယ် မဟုတ်လား"

"ဘာဖြစ်လို့ လက်မခံရမှာလဲ အရှင်မင်းကြီး"

ဘုရင်မင်းကြီးက တစ်ဖန်ရယ်လိုက်ပြန်လေသည်။ "အသေအချာ စဉ်းစားစေချင်တယ်။ ကျုပ် ကတိကို အရင်တောင်းယူပြီးမှ ပေးစရာရှိတာ ကို ပေးမယ်။ ကျုပ် တစ်ခုခုကို မယူဘဲနှင့် ပေးတဲ့လူ မဟုတ်ဘူး" ထိုအကြိမ်

mgyoe.com

mgyoe.com

ဒ္ဓိမှ မင်းပရိသတ်အားလုံး ရယ်ကြလေသည်။

"အရှင်မင်းကြီးကိုပေးလို့ရတဲ့ ပစ္စည်းဝတ္ထုမျိုး ကျွန်ုပ်ဆီမှာ ဘာရှိလို့လဲ အရှင်မင်းကြီး"

"ဘာဖြစ်လို့ မရှိရမှာလဲ။ ဗြာဟ္မဏတစ်ဦးတစ်ယောက်ရဲ့ ဥစ္စာ ဓနဟာ အကျင့်တရား မဟုတ်လား"

"ဒီလိုဆိုရင် ကျွန်ုပ်ရဲ့ အကျင့်တရားကို အရှင်မင်းကြီး ယူလေ" ကျွန်ုပ်က ရယ်ပြီး ပြန်ပြောလိုက်လေသည်။

"အကျင့်တရားကို မယူချင်ပါဘူး။ အကျင့်တရားကျင့်တဲ့လူရဲ့ ကတိစကားကိုပဲ လိုချင်တယ်"

ကျွန်ုပ်သည် ကတိစကားကိုမူ ပေးလိုက်လေပြီ။ သို့သော်လည်း ဘယ်လို ပစ္စည်းဝတ္ထုမျိုးကို ပေးဖို့ရန်အတွက် ဘုရင်မင်းကြီးသည် ကျွန်ုပ်ထံမှ ဤမျှ ကတိစကားကို အရယူနေရသနည်းဟူ၍ ကျွန်ုပ် ဝေခွဲမရ ဖြစ်နေလေသည်။

"ကဲ...ကောင်းပြီ။ ကျုပ် သူ့ကို ဘာပေးပေး ဝမ်းမြောက် ဝမ်းသာနှင့် သူ လက်ခံမယ်ဆိုတာ ကျုပ် စိတ်ချသွားပြီ" ယင်သို့ပြောလျက် ဘုရင်မင်းကြီးသည် သူ၏ကိုယ်လုပ်တော်တစ်ဦးအား အရိပ်အမြွက် ပြလိုက်လေသည်။ ထိုကိုယ်လုပ်တော်သည် မိန်းမပျိုတစ်ဦးကို ခေါ်လာလေသည်။ ထိုမိန်းမပျိုမှာ တခြားလူမဟုတ်ဘဲ ဧည့်ဂေဟာ၌ ကျွန်ုပ်တွေ့ရသော၊ သူ၏ရုပ်ရည် အလှဝန်ထုပ်ဝန်ပိုးကြီး ကျွန်ုပ်၏နှလုံးပေါ်တွင်ပိနေသော မိန်းမပျိုပင် ဖြစ်နေလေသည်။

သူ၏လက်ထဲတွင် ပန်းကုံးတစ်ကုံး ကိုင်ထားသည်။ သူ့ကို ညွှန်ပြပြီး ဘုရင်မင်းကြီးက "သူ့ကို သိလား"ဟူ၍ ကျွန်ုပ်ကို မေးလေသည်။

ကျွန်ုပ် ခေါင်းခါယမ်းပြီး မသိကြောင်း ပြောပြလိုက်လေသည်။

"ဒါ ကျုပ်သမီး။ ကျုပ် မောင့်ကို ဒီ ကျုပ်သမီး ပေးအပ်မလို့"

ကျွန်ုပ် ဘုရင်မင်းကြီးပြောသည့်စကားကို ငေးနားထောင်နေမိသည်။ ဘုရင်မင်းကြီး၏ အသံသည် ကျွန်ုပ်၏နားထဲတွင် ပဲ့တင်ညံနေသည်။ အချိန်အတန်ကြာစွာ ပဲ့တင်ညံနေလေသည်။

ကျွန်ုပ်၏ စိတ်အခြေအနေကို အလွယ်တကူ အကဲခတ်နိုင်ချင်မှ
mgyoe.com

mgyoe.com


အကဲခတ်နိုင်ပေမည်။ ကျွန်ုပ် အမှန်တကယ်ပင် ဤမိန်းမပျိုကို ရမှာလား၊ ကျွန်ုပ် မယုံကြည်နိုင် ဖြစ်နေသေးသည်။ အိပ်မက်များ မက်နေတာလား၊ ကျွန်ုပ် တောင်စဉ်ရေမရ လျှောက်တွေးနေမိလေသည်။

ကျွန်ုပ် ခပ်မဆိတ်ဖြစ်နေ၍ ဘုရင်မင်းကြီး တစ်မျိုးထင်သွားပုံ ရလေသည်။ "ဒီမိန်းမပျို ခတ္တိယမျိုးနွယ် မိန်းမပျို။ ခတ္တိယမျိုးနွယ် မိန်းမပျိုနဲ့ ငါ ဘယ်လိုလက်ထပ်လို့ ဖြစ်ပါ့မလဲလို့ မောင် ဝေခွဲမရ နှလုံးဒွိဟ ဖြစ် ကောင်းဖြစ်နေလိမ့်မယ် ထင်တယ်။ ဒါပေမဲ့ မောင် ယုံယုံကြည်ကြည်နဲ့ စိတ်ချထားစေချင်တာကတော့ ဒီမိန်းမပျိုဟာ ခတ္တိယ မျိုးနွယ်မဟုတ်ဘဲ ဗြာဟ္မဏမျိုးနွယ်ဆိုတဲ့ အချက်ပဲဖြစ်တယ်"

"ဗြာဟ္မဏမျိုးနွယ်သမီးကညာနဲ့ ဘုရင်မင်းကြီးရဲ့သမီး။ အဲဒီ ဝိရောဓိ အရာနှစ်ခု ဘယ်လိုလုပ် တစ်ခုတည်း ဖြစ်နိုင်ပါမလဲ" ကျွန်ုပ်၏ သံသယ သည် အမြင့်ဆုံးအဆင့် ရောက်ရှိသွားလေသည်။

"မောင် အံ့ဩမနေပါနဲ့။ အကြောင်းက ဒီလိုပါ။ ဒီမိန်းမပျိုဟာ တခြား လူ မဟုတ်ဘူး။ သရဒ္ဒါနရသေ့ရဲ့ သမီးကညာအရင်း ဖြစ်တယ်"

"ဂေါတမရဲ့သား သရဒ္ဒါနရဲ့ သမီးကညာ ဟုတ်လား။ ကျားသား မိုးကြိုး။ သရဒ္ဒါနမှာ သားသမီးတစ်ယောက်မှ မရှိတာ။ ဘယ်သားသမီး ရှိမလဲ။ သရဒ္ဒါနရသေ့က ငယ်ဖြူဗြဟ္မစာရီပဲ"

"သရဒ္ဒါနရသေ့ဟာ ငယ်ဖြူဗြဟ္မစာရီလည်း မဟုတ်ဘူး။ သား သမီး မရှိဘူးဆိုတာလည်း မဟုတ်ဘူး" ဘုရင်မင်းကြီးသည် ယခုတစ်ကြိမ် ရယ်ရာ ၌ အတော်ကလေး စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားလေသည်။ ထိုနောက် ဘုရင်မင်းကြီး ဆက်ပြောသောဇာတ်လမ်းမှာ ကျွန်ုပ် လူ့ဘဝ ရောက်လာ သည့် ဇာတ်လမ်းကဲ့သို့ပင် ဆန်းလည်း ဆန်းကြယ်သည်။ စိတ်ပါဝင်စား စရာလည်း ကောင်းသည်။

ဘုရင်မင်းကြီးက ပြောပြသည်။ သရဒ္ဒါနသည် အကျင့်သီလနှင့် ပြည့်စုံသော ရသေ့တပသီ ဖြစ်လေသည်။ အသိပညာအရာ၌ ကြွယ်ဝသော သရဒ္ဒါန၏ ဂုဏ်ထူးဝိသေသသည် သရဒဉတုကာလ ကောင်းကင်ကဲ့သို့ ကြည်လင်လည်း ကြည်လင်သည်။ တောက်ပလည်း တောက်ပသည်။ အကျင့်တရားကိုလည်း မပြတ်ပွားများ အားထုတ်နေသည်။ တစ်နေ့သ၌

mgyoe.com

mgyoe.com

ဇာနပဒီအမည်ရှိ နတ်မိမယ်တစ်ဦး သူ့သခ်မ်းကျောင်းသို့ ရောက်လာလေသည်။

"ဒီနတ်မိမယ်တွေဟာ သခ်မ်းကျောင်းကို ဘာဖြစ်လို့ လာကြတာလဲ" ကျွန်ုပ်က ဘဝင်မကျသည့်ပုံဖြင့် မေးလိုက်လေသည်။ ကျွန်ုပ် မမွေးဖွားခင် အလျင်က ဇာတ်လမ်းတစ်ပုဒ် ကျွန်ုပ်မျက်စိထဲ မြင်လာသည်။

သန္တုန ဘုရင်မင်းကြီးက ရယ်လေသည်။ ဘုရင်မင်းကြီး၏ မင်းပရိသတ်ထဲက တစ်ယောက် နှစ်ယောက်မှလွဲ၍ တခြားလူတွေအားလုံးအတွက်လည်း ဘုရင်မင်းကြီးပြောပြသည့် ဇာတ်လမ်းသည် အသစ်အဆန်းဖြစ်နေပုံရလေသည်။

"နတ်မိမယ်တွေ သခ်မ်းကျောင်းကို ဘာကြောင့်လာသလဲဆိုတာကို ပြောပြဖို့တော့ မလွယ်ဘူးထင်တယ်" ဘုရင်မင်းကြီးက ပြောလေသည်။ "တစ်ပိုင်းက ပျို့ရွယ်မှုရဲ့ ယစ်မူးမြူးကြွခြင်း၊ အခြားတစ်ပိုင်းက အကျင့်တရားကြောင့် ဖြစ်ပေါ်လာတဲ့ ဘဝရဲ့ တောက်ပတဲ့ အရှိန်အဝါ။ သံလိုက်နဲ့သံရဲ့ သဘောတရားမျိုးလိုပေါ့ လုလင်" ယင်းသို့ပြောပြီးနောက် ဘုရင်မင်းကြီးသည် တစ်ဖန် ရယ်ပြန်လေသည်။ သူ၏ အရယ်အပြုံး၌ ထူးခြားသောဆွဲဆောင်မှု ရှိနေသည်။ ကျွန်ုပ်၏ဘေးမှ ဘီသမထ သွားသည်ကို ကျွန်ုပ် မြင်လိုက်ရလေသည်။ သို့သော်လည်း ဘုရင်မင်းကြီးက ဆက်ပြောပြန်လေသည်။ "ဒါပေမဲ့ ဇာနပဒီကိုတော့ ဣန္ဒကက လွှတ်တာလို့ ကြားရတယ်"

"ဣန္ဒဟာ ဒီလိုအလုပ်မျိုးတွေ ဒိုင်ခံလုပ်ပေးနေတာနဲ့တူတယ်" ကျွန်ုပ်က မကျေချမ်းသော အမူအရာဖြင့် ပြောလိုက်လေသည်။

"အမုန်ပဲ ဒေါဏ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကြွယ်ဝမှုကိုဖြစ်ဖြစ်၊ စိတ်ပိုင်းဆိုင်ရာ ကြွယ်ဝမှုကိုဖြစ်ဖြစ် ဘယ်လိုကြွယ်ဝမှုမျိုးကိုမဆို ဣန္ဒဟာ မရှုဆိတ်ဘူး။ နောက်တစ်ချိန်ကျရင် ဣသာတရားနဲ့ ဣန္ဒဟာ ပရိယာယ်တူဝေါဟာရစကားလုံး ဖြစ်လာဖို့ရှိတယ်"

"ကြွယ်ဝမှု အထွတ်အထိပ် ရောက်နေတဲ့အပေါ်မှာလည်း ဣသာမစ္ဆရိယ ဖြစ်တယ်နော်။ ဣန္ဒရဲ့ ဣသာမစ္ဆရိယစိတ်ကို ကျွန်ုပ် နားကို မလည်ဘူး"

"အဲဒါ ပြောတာပေါ့ လုလင်။ မျှော်လင့်ချက် ကြီးမားခြင်း သေရည်ကို
mgyoe.com

mgyoe.com


က္လာသာမစ္တရီယခွက်နဲ့ပဲသောက်နေကြတယ်။ ဘယ်လိုဖြစ်သလဲဆိုတော့ ပထမ ပါးစပ်နဲ့တွေ့ရတာက က္လာသာမစ္တရီယတရား။ ပြီးမှ မျှော်လင့်ချက်ကြီးမားခြင်းက ရောက်လာတာ...”

ဤမိန်းမပျိုသည် ထိုနတ်မိမယ်၏သမီးဖြစ်သည်ဆိုသည်ကို ကျွန်ုပ်ချက်ချင်း သိရှိသွားသည်။ မိမိမျက်လုံးသည် ကရိပါ၏ဘေးတွင် ထိုင်နေသော ထိုမိန်းမပျို၏ထံ ရောက်သွားသည်။ သို့သော်လည်း သူ၏ပြိုင်ဘက်မရှိ ချောမွေ့သည့်အလှနှင့် ချော်ပြီး ဒုံရင်းပြန်လှည့်လာလေသည်။ နတ်သမီးတစ်ပါးပါးကို တွေ့ရသည့်အလား ကျွန်ုပ် ထင်မှတ်သွားလေသည်။

“ဒီလိုဆိုရင် သူ့ကို သခ်မ်းကျောင်းမှာပဲမွေးမြူရမှာပေါ့။ ဒီ နန်းတော်ကို ဘယ်ပုံဘယ်နည်းရောက်လာတာလဲ” ကျွန်ုပ်နှလုံးနှစ်ခု ဖြစ်သွားလေသည်။

သို့သော်လည်း ကျွန်ုပ် မမေးမမြန်း မစုံစမ်းဘဲနှင့် ဘုရင်မင်းကြီးက ပြောပြလေသည်။ “ဓာနပဒီက ကလေးနှစ်ယောက်ကို တစ်ပြိုင်တည်းမွေးတယ်။ အဲဒီနှစ်ယောက်လုံး အခု မောင့်ရှေ့မှောက်မှာ ထိုင်နေကြတယ်လေ” ဘုရင်မင်းကြီးသည် ထိုမိန်းမပျိုနှင့် ကရိပါကို ညွှန်ပြပြီး ပြောလေသည်။

“ဒီကလေးနှစ်ယောက်ကို မွေးပြီးတော့ နတ်မိမယ် ထွက်သွားတယ်။ ကလေးနှစ်ယောက်ကို ကျူတောထဲမှာထားပစ်ခဲ့တယ်။ အဲဒီနေရာမှာ လေးနှင့် မြားအပြင် သစ်နက်ရေလည်း ရှိနေတယ်။ ဒီကလေး တွေကို သရဒ္ဒါနရသေ့မြင်ရင် မိဘမေတ္တာစိတ်ပေါ်လာပြီး ကလေးတွေကို သခ်မ်းကျောင်းခေါ်သွားမှာပဲလို့ နတ်မိမယ်က တွက်ပုံရတယ်။ ဒါပေမဲ့ သူ ထင်သလိုမဖြစ်ဘူး။ အရှက်ကြီးရှက်ပြီး လူ့လောကက လက်ညှိုးထိုးမှာ စိုးတဲ့အတွက် သရဒ္ဒါနရသေ့က ကလေးတွေကို သခ်မ်းကျောင်း ယူမသွားဘူး”

တအောင့်လောက် နားပြီးလျှင် ဘုရင်မင်းကြီးသည် သူ့ဇာတ်လမ်းကို ဆက်ပြန်သည်။

“ကျုပ် စစ်သည်တစ်ယောက်က ကလေးနှစ်ယောက်ကို အမှတ်မထင်သွားတွေ့တယ်။ ကျုပ်ကို အကြောင်းကြားတဲ့အတွက် ကျုပ် ဒီကလေးနှစ်ယောက်ကို နန်းတော်ခေါ်ယူလာခဲ့တာပဲ”

ကျွန်ုပ်က အသံခပ်အုပ်အုပ်ပြုလျက် မေးလိုက်လေသည်။

mgyoe.com

mgyoe.com

"အဲဒါလောက် အထောက်အထားကလေးနဲ့ပဲ အရှင်မင်းကြီးက ကလေးနှစ်ယောက်ဟာ သရဇ္ဇါနရသေ့ရဲ့ရင်သွေးများဖြစ်ကြတယ်လို့ ဆုံးဖြတ် လိုက်တယ်လား"

"အဲဒီတုန်းက အခြေအနေနဲ့ ကလေးတွေရဲ့ ပုံပန်းသဏ္ဌာန် ကြန်အင် လက္ခဏာကိုကြည့်ပြီး ဒီကလေးနှစ်ယောက်ဟာ နတ်မိမယ် တစ်ယောက် ယောက်နဲ့ မွေးတဲ့ ရသေ့တစ်ပါးပါးရဲ့ ရင်သွေးများဖြစ်လိမ့်မယ်လို့ ကျုပ် မဆိုင်းမတွဘဲ ခန့်မှန်းလိုက်တယ်။ ဒါပေမဲ့ ဒီကလေးနှစ်ယောက်ဟာ သရဇ္ဇါနရသေ့ရဲ့ သားသမီးများဖြစ်ကြတယ်ဆိုတာကတော့ နောက်နေ့ရက် အတော်ကြီးကြာမှ သိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သရဇ္ဇါန ရသေ့ဟာ သူ့ကလေးနှစ်ယောက်ကိုတော့ စွန့်ပစ်လိုက်တယ်။ ဒါပေမဲ့ မိမိရင်သွေး ပေါ်မှာရှိတဲ့ မိဘမေတ္တာကိုတော့ စွန့်ပစ်လို့မရဘူး။ ကလေးတွေရဲ့ သတင်း ကြားရဖို့အတွက် အမြဲ လုံ့လပြုနေတယ်။ သခ်မ်းကျောင်းက ဗြဟ္မစာရီတွေ ကို စေလွှတ်ပြီး မင်းချင်းယောက်ျား မင်းမှုထမ်းများဆီက ကလေးတွေ အကြောင်းကို မေးမြန်းစုံစမ်းတယ်။ တစ်ခါကျတော့ သူကိုယ်တိုင် နန်းတော် ကြွလာတယ်။ ရသေ့ကြီးက အကြောင်းစုံကို ဖွင့်ဟပြောပြတယ်။ "မမွေးဖွား ခင်တုန်းကတော့ ကျုပ်ဟာ ဒီကလေးတွေရဲ့ အဖေပါပဲ။ ဒါပေမဲ့ မွေးဖွား ပြီးတဲ့နောက်ပိုင်းမှာတော့ အသင်မင်းကြီးပဲ ဒီကလေးတွေရဲ့ ဖခင်ဖြစ်ပါ တယ်။ ဒီကလေးနှစ်ယောက်ဟာ အသင်မင်းကြီး ရဲ့ကျေးဇူး (ကရိပါ)ကြောင့် လူဖြစ်လာကြခြင်း ဖြစ်တယ်။ ဒါကြောင့် ဒီသားနဲ့ သမီးကို ကျုပ် "ကရိပါ"၊ "ကရိပီ"လို့ပဲ ခေါ်တော့မယ်။

"ဒီ "ကရိပါ"နဲ့ "ကရိပီ"ဆိုတဲ့နာမည်ဟာ သရဇ္ဇါနရသေ့ ပေးသွားတဲ့ နာမည်တွေ ဖြစ်တယ်။ ကျုပ်လည်းပဲ သူတို့နှစ်ယောက်ကို ကိုယ့်ရင်သွေးလိုပဲ သဘောထားတယ်"

ဘုရင်မင်းကြီးသည် ယင်းသို့ပြောပြီးလျှင် အချိန်အတန်ကြာမျှ စကားမပြောဘဲ နေပြန်လေသည်။ ထိုနောက် နန်းဆောင်၏အပေါ်ဘက် လေသာ ပြတင်းကို တစ်ချက်မော့ကြည့်ပြီးလျှင် "ဒီကနေ့ သရဇ္ဇါနရသေ့ကြီး များရှိရင် ဘယ်လောက် ဝမ်းသာလိုက်မလဲ မသိဘူး"ဟူ၍ ပြောလေသည်။

ကျွန်ုပ်လည်း နှုတ်က ထုတ်ဖော်ပြောမပြသော်လည်း စိတ်ထဲတွင်မူ

mgyoe.com

mgyoe.com


စကားလုံးတွေ ပေါ်နေသည်။

"တကယ်လို့ ဒီကနေ့ ဖခင်ကြီးရှိရင်လည်း ဘယ်လောက် ဝမ်းသာအားရဖြစ်လိုက်မလဲ မသိဘူး။ ဒီကနေ့ သူ့နောက်ဆုံးပိတ် အလိုဆန္ဒ ပြည့်ဝသွားပြီ"

ကျွန်ုပ် ဘယ်လောက် ဝမ်းသာအားရ ဖြစ်နေသည်ဆိုသည်ကို ဘယ်လိုလုပ် ပြောပြရမည်နည်း။

* * *

အချိန်သမယသည် နေ့နှင့်ည၌တည်းဟူသော အဖြူရောင်တောင်ပံ၊ အနက်ရောင်တောင်ပံနှစ်ခုဖြင့် ပျံသန်းပြေးသွားနေလေသည်။

သင်္ခမ်းကျောင်း၏ပညာသင်ကြားရေးသည် တဖြည်းဖြည်း အေးလာလေသည်။ ကျွန်ုပ်သည် မိသားစုအရေးအခင်းကြားထဲတွင် ခေါင်း မဖော်နိုင်အောင် ဖြစ်နေလေသည်။ သင်္ခမ်းကျောင်း၏ လုပ်ငန်းဆောင်တာ အဝဝများနှင့် ပတ်သက်၍ ကျွန်ုပ် စိတ်ဝင်စားမှု နည်းလာသည်။ တခြားပတ်ဝန်းကျင် လူ့လောကလည်း လောဘစိတ် ကြီးထွားများပြားလာသည်။ လူပေါင်းများစွာတို့၏ လုံ့လဝီရိယများမှာ စီးပွားရေးနှင့် ကာမဂုဏ်အာရုံခံစား စံစားရေး နယ်ပယ်ဘောင်အတွင်း၌သာလျှင် ကျဉ်းကျဉ်းမြောင်းမြောင်း ဖြစ်လာသည်။ ဓမ္မနှင့် မောက္ခဆိုင်ရာ တွေးခေါ်ကြံစည်မှုများမှာမူ ရသေ့ တပသီတို့၏ အလုပ်မျှသာလျှင် ဖြစ်နေသည်။ ယင်းကဲ့သို့သော အခြေအနေ၌ ကျွန်ုပ်တို့၏ အသေးအမွှားသင်္ခမ်းကျောင်းများ၏ စီးပွားရေးအခြေအနေ ချွတ်ခြုံကျလာသည်မှာ အဆန်းမဟုတ်တော့ပေ။ တစ်နည်းမဟုတ် တစ်နည်းအားဖြင့် မင်းစိုးရာဇာများ၏ အချီးမြှောက်၊ အထောက်အပံ့ရရှိသည့် သင်္ခမ်းကျောင်းများသာလျှင် ကြွေးမြီမပျက် ဆက်လက်နေနိုင်၊ စားနိုင် ရှိနေကြလေသည်။

ကျွန်ုပ်အနေနှင့်မူ မည်သည့် မင်းစိုးရာဇာ၏ ထောက်ပံ့မှု ကျေးဇူးပြုမှုကိုမှ မရရှိပေ။ သန္တနုဘုရင်မင်းကြီးသည် ကျွန်ုပ်အား သမီးကညာပေးအပ်လိုက်ရုံမျှနှင့်ပင် ကျေနပ်အားရသွားပုံရလေသည်။ နေ့ရက်များ

mgyoe.com

mgyoe.com
မကြာမီအတောအတွင်းမှာပင် သူလည်း နတ်ရွာလားသွားလေသည်။ ဒုပဒ ဆီက မျှော်လင့်ချက် များစွာထားခဲ့သည်။ သို့သော်လည်း ဒုပဒသည် နေနိုင် လွန်းသည်။ ဒေါဏတစ်ယောက် ရှိသေးသလား၊ သေပြီလားဆိုသည်ကိုပင် မေးမြန်းစုံစမ်းဖော် မရပေ။

သင်္ချမ်းကျောင်းက ဗြဟ္မစာရီများလည်း တစ်ယောက်ပြီး တစ်ယောက် ထွက်သွားကြလေပြီ။ သို့သော်လည်း ကျွန်ုပ်သည် မိမိ၏အိမ်ထောင် မိသားစု သေးသေးကလေးဖြင့် ပျော်နေသည်။ ရွာသူရွာသားများ ပေးကမ်း လှူဒါန်း သမျှဖြင့် တင်းတိမ်ရောင့်ရဲနေသည်။ ကရိပီ ကြည့်ရသည်မှာလည်း ပျော်နေ ပုံရသည်။ ချို့ချို့တဲ့တဲ့ နေရသည့်ဘဝကို မည်သည့်အခါမှ စိတ်ပျက် ကြောင်းမပြပေ။

တစ်နေ့သောအခါ၌ ကျွန်ုပ်ကပင် သူ့ကိုပြောရသည်။

"စည်းစိမ်ချမ်းသာရဲ့ ရင်ခွင်ထဲမှာ ကြီးပြင်းလာရပြီးတော့မှ အခု ဒုက္ခ ပေါင်းစုံလာတွေ့နေရတယ်။ မင်းနဲ့ပတ်သက်တဲ့ ကံကြမ္မာရဲ့ အဆုံးအဖြတ် ဟာ မကရားဘူးထင်တယ်"

"ဘယ်လို ပြောလိုက်တာလဲ၊ ကံကြမ္မာဟာ ကျွန်မနဲ့ ပတ်သက်ပြီး အမြဲတမ်း နှလုံးသားရှိနေပါတယ်။ ထီးနန်းစည်းစိမ် ရွှံ့ညွန်ထဲက ထုတ်ဆယ် ကယ်တင်ပြီး ကျွန်မကို သူတော်သူမြတ်များစံပျော်တဲ့ ဒီရိပ်ငြိမ်ကို ပို့လိုက် တယ်။ အဲဒါ ကျွန်မကို ကျေးဇူးပြုတာ မဟုတ်ဘူးလား"

သူ၏ စကားထဲတွင် ရသမျှနှင့် ရောင့်ရဲတင်းတိမ်မှု ရှိနေသည်။ သည်းခံမှု ရှိနေသည်။ အိမ်ထောင်သည်ဘဝ၏ ချမ်းသာသုခကို တွေ့ထိ ခံစားမှု ရှိနေသည်။

ကျွန်ုပ်တို့နှစ်ယောက်သည် နှစ်ကိုယ့်တစ်စိတ်ဖြစ်နေကြပြီးလျှင် အချိန် သမယ၏လှိုင်းတံပိုးထဲတွင် မျောပါနေကြလေသည်။

နံနက်အချိန် တစ်ချိန်တွင် ဖြစ်ပျက်သည့် အဖြစ်အပျက်တစ်ခု ဖြစ် သည်။

ကျွန်ုပ် အိပ်ရာမှမထသေးပေ။ သင်္ချမ်းကျောင်းဝင်းအတွင်းရှိ သရက် ပင်ပေါ်တွင် ဥသြငှက်ပျိုတစ်ကောင် တွန်ကျူးနေသည်။ ကျွန်ုပ်ကို သူ လာနှိုးသည်။
mgyoe.com

mgyoe.com


"အလို…အခုထက်ထိ အိပ်နေတုန်းလား။ ဥသြငှက်တွေတောင် တွန်နေပြီ။ မကြားဘူးလား"

"အကြားသားပဲ။ အိပ်ရာကထကော ဘာလုပ်ရမှာလဲ။ လယ်ထွန်စရာရှိတာမှ မဟုတ်ဘဲ"

ကျွန်ုပ်က ပျင်းပျင်းရိရိ သမ်းသမ်းဝေဝေဖြင့် ပြောလိုက်လေသည်။

သူ အစောကြီးနိုးနေပုံရသည်။ ထို့ပြင် တောင်တောင်အီအီ တွေးတောကြံစည်နေပုံလည်း ရသည်။ ဤတစ်ကြိမ်တွင်လည်း သူသည် ချိန်ချိန်ဆဆနှင့် ပြောလိုက်လေသည်။

"ဒုပဒဟာ ကျုပ် သူငယ်ချင်းဖြစ်တယ်လို့ ရှင် တစ်ခါတုန်းက ပြောဖူးတယ် မဟုတ်လား"

"သူငယ်ချင်းဖြစ်တယ် မဟုတ်ဘူး။ သူငယ်ချင်း ဖြစ်ခဲ့ဖူးတယ်"

"သူငယ်ချင်းဖြစ်တယ်နဲ့ သူငယ်ချင်း ဖြစ်ခဲ့ဖူးတယ် ဘာထူးလဲ။ မှန်ကန်တဲ့မေတ္တာနဲ့ မှန်ကန်တဲ့ မိတ်ဆွေသူငယ်ချင်းဆိုတာ ဘယ်တော့မှ ပျောင်းသွားတယ် မရှိပါဘူး"

ကျွန်ုပ်က ရယ်လိုက်သည်။

"မင်းက ဘာပြောချင်လို့လဲ"

"တစ်ခါလောက် ရှင် သူ့ဆီသွားရင် မကောင်းဘူးလားလို့"

"အဲဒါ မဖြစ်နိုင်ဘူး။ ကျုပ်ရဲ့ ဗြာဟ္မဏသွေးဟာ ဘယ်သူ့ရှေ့ မှာမှ ဦးမညွတ်ဘူး။ ဘယ်သူ့ရှေ့မှောက်မှာမှ ဦးညွတ်လိမ့်မယ် မဟုတ်ဘူး"

"ကျွန်မပြောတာက ဗြာဟ္မဏတစ်ယောက် ဦးညွတ်တာ ဦးမညွတ်တာနဲ့ မပတ်သက်ပါဘူး။ ကျွန်မက ဗြာဟ္မဏတစ်ယောက်ကို ဘုရင် တစ်ပါးထံလွှတ်တာလည်း မဟုတ်ပါဘူး။ မိတ်ဆွေသူငယ်ချင်းတစ်ယောက်ထံ သွားစေလိုတဲ့သဘောပါ"

"မင်းက အဲဒီလို ထင်တာကိုး။ အမှန်က အဲဒီလို မဟုတ်ဘူး။ ကျုပ်ကိုယ့်ကိုယ်ကိုယ် ဗြာဟ္မဏ သူဆင်းရဲတစ်ယောက်လို့ ထင်တယ်။ သူက သူ့ကိုယ်သူ ဘုရင်ဧကရာဇ်တစ်ပါးလို့ ထင်နေတယ်"

"ရှင်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေသူငယ်ချင်းလို့ ထင်နေကြတယ်ဆိုတာ မဖြစ်နိုင်ဘူးလား"

mgyoe.com

mgyoe.com


"ဖြစ်နိုင်ဖို့ မလွယ်ပါဘူး"

ကျွန်ုပ်ပြောသည့်စကားကို သူ သဘောမပေါက်ပေ။ ဖခင်ကြီးနှင့် ပိသတဘုရင်တို့၏ဆက်ဆံရေးကို ပြန်လည်စဉ်းစားပြီးလျှင် သူသည် သူ၏အယူအဆအပေါ်၌ တာဝန်ကျေပွန်သော အစောင့်စစ်သည်တစ်ဦး ကဲ့သို့ မလှုပ်မရှား မယိမ်းမယိုင် ရပ်တည်နေလေသည်။

ထိုနေ့တွင် ကျွန်ုပ်တို့သည် နေအရဏ်၏ ပထမရောင်ခြည်ကို စိတ်ထဲက မကျေမလည်မှုတစ်ခုဖြင့် ရှိခိုးဦးညွှတ်လိုက်ကြသည်။

နေ့လယ်နေ့ခင်း ရောက်သောအခါ ဇမဒဂ္ဂိ၏သား ပရသုရာမသည် သူ၏ ပစ္စည်းဥစ္စာအားလုံးကို ပေးစွန့်၍ရမည့် စာပေကျမ်းဂန်ပညာ တတ်ဗြာဟ္မဏတစ်ဦးကို ရှာဖွေနေသည်ဆိုသည့်သတင်း ကျွန်ုပ် ကြားသိရသည်။ ခတ္တိယမျိုးနွယ်များနှင့်ပတ်သက်၍ သူ၏အာဃာတကိုလည်းကောင်း၊ သူ၏ အသိဉာဏ်ပညာ ကြွယ်ဝပုံကိုလည်းကောင်း ကျွန်ုပ် မဆွကပင် သိထားပြီး ဖြစ်သည်။ ကျွန်ုပ်၏ ဇာတာစန်းလဂ်ကြောင့် သူ ဤကဲ့သို့ ဆုံးဖြတ်ချက်ချခြင်း ဖြစ်တန်ရာသည်ဟူ၍ ကျွန်ုပ် စဉ်းစားနေမိလေသည်။

ပရသုရာမ ထိုကဲ့သို့ ဆုံးဖြတ်သည်မှာ အတော်ကြာသွားပြီဆိုသည်ကိုလည်း သိရှိရသည်။ အချိန်ဆိုင်းနေလျှင် အကျိုးထူးလာနိုင်မည်မဟုတ်ဟူ၍ ကျွန်ုပ် နားလည်သွားသည်။

ထိုနေ့ပင် ပရသုရာမထံသွားရန် ကျွန်ုပ် ဆုံးဖြတ်လိုက်လေသည်။

ကျွန်ုပ် တစ်ကိုယ်တည်း သွားလိုသည်။ လမ်းခရီးမှာ ဝေးလှသည်။ နေ့ရက်များစွာ သွားရမည်။ ကရိပိက ကျွန်ုပ်ကို တစ်ယောက်တည်း မသွားစေချင်။ ထိုကြောင့် သင်္ခမ်းကျောင်း အနီးအပါး၌ရှိကြသော ဗြာဟ္မစာရီများထဲက တချို့ကို ကျွန်ုပ်နှင့်အတူ လိုက်သွားရန် တိုက်တွန်း တောင်းပန်သည်။

လေးငါးရက်မျှ ခရီးရှည်ကြီး သွားပြီးသည့်နောက်မှ မဟိန္ဒရတောင်သို့ ရောက်သွားကြသည်။ ညနေစောင်းနေပြီ။ အဝေးမှပင် ပရသုရာမ၏ သင်္ခမ်းကျောင်းကို လှမ်းမြင်ရသည်။ သင်္ခမ်းကျောင်းမရောက်ခင် ညနေဆည်းဆာ ဝတ်ပြုမည်ဟု အကြံရလေသည်။

အနီးအနား တစ်နေရာ၌ ရေအိုင်တစ်အိုင် တွေ့ရသည်။ မြောက်ဘက်မှ စီးကျလာသော ရေတံခွန်ကရေသည် ထိုရေအိုင်တွင် လာစုနေ

mgyoe.com

mgyoe.com


သည်။ ထိုနေရာ၌ပင် ကျွန်ုပ်တို့တစ်ထောက်နားပြီး ညနေဆည်းဆာ ဝတ်ပြုပူဇော်ခြင်းကို ပြုလုပ်ကြလေသည်။

သစ်မ်းကျောင်းဘက် ထွက်ခွာလာကြသောအခါ ညနေဆည်းဆာသည် သူ၏အနီရောင်ဝတ်စုံ အနားစကို ရေအိုင်ထဲတွင် နှစ်မြှုပ်လိုက်လေပြီ။

ပရသုရာမ၏ကျောင်းသခ်မ်းသည် အလွန်တရာ ကျယ်ပြန့်ကြီးမားသည်။ သို့သော်လည်း ကျိုးနှင့်ဖုတ်ဖုတ်ဖြစ်နေသည် ထင်ရသည်။ လူသူဟူ၍ တစ်ယောက်တလေမှပင် မတွေ့ရပေ။ တောင်ဘက်၌ သက်ငယ်အမိုးများ ဖုံးအုပ်နေသော နွားတင်းကုပ်ရှိသည်။ နွားတင်းကုပ်ထဲတွင် လူတစ်ယောက် နွားနို့ညှစ်နေသည်။ သူ့ထံသွားပြီး မေးမြန်းစုံစမ်းဖို့မလိုဟု တွေးမိသည်။ သစ်ခက်တဲသို့ တန်းလာကြသည်။ သစ်ခက်တဲ၏ရှေ့ဘက်၌ နောက်ချေးကျံ ထားသော စင်ကြယ်သန့်ရှင်းသည့် ကုန်းမို့မို့တစ်ခုရှိသည်။ ထိုကုန်းပေါ် တက်ပြီးလျှင် ကျွန်ုပ်သည် အတွင်းဘက် ချောင်းကြည့်လိုက်သည်။ သစ်ခက်တဲထဲတွင် နံရံ၌ ပုဆိန်များနှင့် အမျိုးမျိုး အစားစားသော လက်နက်များ ဆွဲချိတ်ထားလေသည်။

ပရသုရာမသည် တရားနှလုံးသွင်းနေတုန်းပင် ရှိသေးသည်။ ကျွန်ုပ်အထဲဝင်မည်လုပ်စဉ် နောက်ဘက်မှ တစ်စုံတစ်ယောက်က ကျွန်ုပ်၏လက်ကို ဖမ်းဆွဲထားလိုက်သည်။ ထိုသူမှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့် လူငယ်တစ်ယောက်ဖြစ်သည်။ ထိုသူက ကျွန်ုပ် နားနားကပ်လျက် တိုးတိုးကလေး ပြောလိုက်သည်။ "ဆရာရှင်ရသေ့ တရားထိုင်နေပါတယ်။ အနှောင့်အယှက် မပေးနဲ့လို့ တောင်းပန်ပါရစေ"

ကျွန်ုပ်တို့သည် ခြေသံမကြားအောင် ထိုနေရာမှ ထွက်လာခဲ့ကြပြီးလျှင် ထိုဗြဟ္မစာရီနှင့်အတူ တခြားတဲတစ်တဲသို့ သွားကြသည်။ ထိုည၌ ပရသုရာမနှင့် တွေ့ခွင့်ပင်မရပေ။ ယင်းကဲ့သို့ ဆန်းကြယ်သော ဆရာရှင်ရသေ့မျိုးနှင့် ယင်းကဲ့သို့ဆန်းကြယ်သော ကျောင်းသခ်မ်းစည်းကမ်းမျိုးကို ကျွန်ုပ် တစ်ခါမှ မတွေ့ဖူးပေ။

နောက်တစ်နေ့၌လည်း နေ့လယ် တစ်ပဟိုရ်ကျော်မှသာ ကျွန်ုပ် ပရသုရာမနှင့် တွေ့ခွင့်ရလေသည်။

mgyoe.com

mgyoe.com


"မင်းတို့က ဘယ်သူတွေလဲ" မိုးချုန်းသံကဲ့သို့ ခက်ထန်မာကျော သောအသံ ဖြစ်သည်။

ကျွန်ုပ်က ကျွန်ုပ်၏အကြောင်းကို ပြောပြလိုက်သည်။ ကျွန်ုပ် ဗြာဟ္မဏတစ်ဦးဖြစ်သည် ဆိုသည့်အကြောင်းကို ပြောပြလိုက်သောအခါ ပရသုရာမသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။ သူ၏ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး တောထဲ၌ လျှောင်လှုပ်သလို ဖြစ်သွားလေ သည်။

"ငါ့ဆီရောက်လာတဲ့လူ မှန်သမျှ ဗြာဟ္မဏလုပ်လာကြတာချည်းပဲ။ ဆုတဇာတ်နိမ့်သား ဝသုသေဏ (ကဏ္ဏ)လည်းပဲ ဗြာဟ္မဏလုပ်ပြီးတော့ လာတာပဲ" ယင်းသို့ပြောပြီးလျှင် တိတ်သွားပြန်သည်။ တစ်စုံတစ်ခု စဉ်းစား နေပုံရသည်။

သူ၏ ယင်းပုံပန်းသဏ္ဍာန်၏ လျှို့ဝှက်ချက်ကို ကျွန်ုပ် နားမလည်ပေ။ ထိုအချိန်၌ ကျွန်ုပ်သည် ဝသုသေဏကိုလည်း မသိပေ။ တစ်အောင့်လောက် ကြာသောအခါ ရသေ့ကြီးက ပြောပြန်သည်။ "မင်းက ဘာရဒွါဇရဲ့သား ဟုတ်လား"

"ဟုတ်ပါတယ်" ထိုရသေ့ကြီး၏ ရှေ့မှောက်၌ ထိုအက္ခရာစာလုံး နှစ်လုံးသုံးလုံးထက် ပိုပြီး ကျွန်ုပ်မပြောဝံ့ပေ။

"မင်းအနွယ်က ဘာလဲ" ရသေ့ကြီးသည် ကျွန်ုပ်၏ ဗြာဟ္မဏ အမျိုး ဇာတ်ကို စစ်ကြောလိုသည့်အတွက် ယင်းသို့ မေးလိုက်ခြင်းဖြစ်သည်။ ရသေ့ ကြီးသည် အလိမ်မိထားသည်ဖြစ်၍ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်နေပုံ ရသည်။

"ကျွန်ုပ် အင်္ဂီရသအမျိုးအနွယ်မှာ မွေးဖွားလာတဲ့လူ ဖြစ်ပါတယ်" ယင်းသို့ပြောပြီးလျှင် ကျွန်ုပ်သည် သူလိုချင်သည့် အချက်အလက် အားလုံးကို ပြောပြလိုက်သည်။

ကျွန်ုပ်၏ ဇာတိဇာစ်မြစ်နှင့် ပတ်သက်၍ အကြောင်းစုံကို သိပြီး သောအခါ ရသေ့ကြီးသည် အချိန်အတန်ကြာကြာ ရယ်နေလေသည်။ ထို့နောက်မှ ပြောလေ၏။

"ဘာရဒွါဇမှာ နတ်မိမယ်တစ်ဦးနဲ့ရတဲ့ သားတစ်ယောက်ရှိတယ်

mgyoe.com

mgyoe.com


ဆိုတာ ငါလည်း ကြားဖူးတယ်။ ဒါကြောင့် မင်းပုံပန်းသဏ္ဌာန်မှာ မင်းဖခင်ရဲ့အရှိန်အဝါဟာ နတ်မိမယ်ရဲ့ရုပ်ရည် နေရောင်ခြည်နဲ့တွေ့ပြီး ပိုပြီးတောက်ပနေတာ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ဗြာဟ္မဏတွေကို လှူဒါန်းပေးကမ်းပြီးသွားပြီ။ ပင်လယ်သမုဒ္ဒရာကမ်းခြေအထိ ပြန့်ကျယ်နေတဲ့ ငါပိုင်မြေယာအားလုံးကို ငါ မဟာရသေ့ကြီး ကဿပကို လှူလိုက်ပြီ။ ငါ့ဆီမှာ ဘာမှ မကျန်တော့ဘူး"

ကျွန်ုပ် စိတ်အကြီးအကျယ်ညစ်သွားသည်။ သို့သော်လည်း ဟန်မပျက် ပြောလိုက်လေသည်။ "ရှင်ရသေ့ကြီးဆီမှာ ရစရာတွေ အများကြီးကျန်ပါသေးတယ်။ အမှန်ပြောရရင်တော့ ကျွန်ုပ် ရုပ်ဝတ္ထုပစ္စည်းကို လိုချင်တဲ့အတွက် ရှင်ရသေ့ကြီးဆီလာတာ မဟုတ်ပါဘူး။ မည်သည့်အခါမှ ပျောက်ကွယ်ပျက်စီးမသွားတဲ့ ပစ္စည်းမျိုးကို လိုချင်တဲ့အတွက် ရှင်ရသေ့ကြီးဆီ ကျွန်ုပ် လာရောက်ရခြင်း ဖြစ်ပါတယ်"

"မပျက်စီး မပျောက်ကွယ်တဲ့ပစ္စည်း ဟုတ်လား" ရသေ့ကြီးသည် အတန်ငယ် စဉ်းစားပြီးနောက် ဆက်ပြောသည်။ "ဒီကမ္ဘာလောကကြီးမှာ ဓမ္မမှတစ်ပါး ဘယ်အရာဝတ္ထုမျိုးမှ မပျက်စီး မပျောက်ကွယ်ဘူးဆိုတာ မရှိဘူး"

"အသိပညာကကော" ကျွန်ုပ်က မေးလိုက်သည်။

"လူတွေရဲ့ ညစ်ကြေးတင်နေတဲ့ အကျင့်စာရိတ္တနဲ့ တစ်ကိုယ်ကျိုးကြည့်တဲ့ ရည်ရွယ်ချက်တွေ ဖျက်ဆီးပစ်တဲ့အတွက် အသိပညာဆိုတာလည်း ပျက်စီးပျောက်ကွယ်တဲ့ဘဝ ရောက်နေပြီ"

ထိုနေ့၌ ကျွန်ုပ်နှင့်ရသေ့ကြီးသည် ဤရွေ့ဤမျှသာ စကားပြောဖြစ်သည်။ သူပြောသောစကားများကို ကျွန်ုပ် အလေးအနက် စဉ်းစားဆင်ခြင်နေမိသည်။ ကျွန်ုပ်နှင့်အတူပါလာသည့် ဗြဟ္မစာရီတို့လည်း ပရသုရာမရသေ့ကြီး၏ အပြုအမူ၊ အပြောအဆိုကို တအံ့တသြ ဖြစ်နေကြသည်။ မျက်လုံး၌ အမျက်ဒေါသနှင့် အရှိန်အဝါသည် လည်းကောင်း၊ ပုံပန်းသဏ္ဌာန်၌ အကျင့်တရားနှင့် နူးညံ့သိမ်မွေ့မှုသည် လည်းကောင်း၊ သဘောသဘာဝ၌ မုန်းတီးမှုနှင့် ကောက်ကျစ်စဉ်းလဲခြင်းကင်းမှုသည် လည်းကောင်း ယင်းအရာများ ဒွန်တွဲနေသော ရသေ့မျိုးကို သူတို့သည် တစ်ခါမှ မတွေ့မြင်ဖူး

mgyoe.com

mgyoe.com

ကြပေ။

ကျွန်ုပ်သည် ပရသုရာမ၏သင်္ခမ်းကျောင်း၌နေရန် ဆုံးဖြတ်လိုက်ပြီးလျှင် အတူပါလာသည့် ဗြဟ္မစာရီများကို ပြန်လွှတ်လိုက်လေသည်။ ဤသင်္ခမ်းကျောင်း၌ ကျွန်ုပ် နှစ်ရှည်လများ နေထိုင်ဦးမည်ဆိုသည် အကြောင်း ကိုလည်း ကျွန်ုပ်သည် ထိုဗြဟ္မစာရီများမှတစ်ဆင့် ကျွန်ုပ်၏ဇနီး ကရိပီထံ သတင်းပါးလိုက်လေသည်။

ပရသုရာမရသေ့၏ သင်္ခမ်းကျောင်း၌ ကျွန်ုပ်သည် အမှန်တကယ်ပင် နှစ်အတော်ကြာသွားသည်။ ဤသင်္ခမ်းကျောင်းသို့ ရောက်လာပြီးနောက် နေ့ရက်များ မကြာမီအတောအတွင်းမှာပင် ဘုရားသခင်၏ ကျေးဇူးကြောင့် ကျွန်ုပ် ဖခင်တစ်ဦးဖြစ်လာပြီဆိုသည့်အကြောင်းကို သိရှိရသည်။ သို့သော်လည်း ကျွန်ုပ်သည် ကျွန်ုပ်၏ သင်္ခမ်းကျောင်းသို့ ပြန်မသွားပေ။

ပရသုရာမရသေ့ကြီးနှင့် ရင်းနှီးမှုရှိလေလေ၊ ကျွန်ုပ် သူ့ကို ကြည်ညိုလေးစားမှု တိုးလေလေဖြစ်သည်။ သူ၏ လေးအတတ်ပညာမှာ အံ့မခန်းဖြစ်သည်။ သူနှင့်စာလိုက်လျှင် ကျွန်ုပ်သည် ဘာမှမတတ်၊ မသိသေးသည့် မလောက်လေး မလောက်စား ကလေးသူငယ်တစ်ယောက် သဖွယ်ဖြစ်နေသည်။ အဂ္ဂိဝေဿနှင့် ကျွန်ုပ်၏ဖခင်ကြီးပင် သူနှင့်စာလျှင် ဘာမှမဟုတ်ကြပေ။

ပရသုရာမထံမှ လက်နက်အတတ်ပညာနှင့် ပတ်သက်၍ လုံးဝဥဿုံ အစုံအလင် မသင်ကြား၊ မတတ်မြောက်မချင်း ဤသင်္ခမ်းကျောင်းမှ တစ်ဖဝါးမှမခွာဟူ၍ ကျွန်ုပ် ဆုံးဖြတ်ချက်ချလိုက်သည်။

ဆုံးဖြတ်ချက်ချသည့်အတိုင်းပင် ဖြစ်လာလေသည်။ လေးအတတ်ပညာနှင့် ပတ်သက်၍ ဆရာစားမကျန်အောင် စုံစုံစေ့စေ့ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပြီးသောအခါကျမှသာလျှင် ကျွန်ုပ်သည် ပရသုရာမ၏ သင်္ခမ်းကျောင်းမှ ခွဲခွာလာခဲ့လေသည်။

❑

mgyoe.com

mgyoe.com

# [ ၃ ]

နှစ်ပေါင်းများစွာ ကြာပြီးသည့်နောက်မှ ကျွန်ုပ် အိမ်ပြန်ရောက်လာသည်။

ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း ကရိပီသည် ပြာပြာသလဲထပြီး ကျွန်ုပ်၏ ခြေကို ထိကိုင်လေသည်။ သို့သော်လည်း အခြေအနေ အတော်ဆိုးနေပုံရသည်။ ဤရွေ့ဤမျှ အချိန်ကာလ အတောအတွင်း သူ၏မျက်နှာ မည်မျှကျသွားသနည်းဆိုလျှင် ကျွန်ုပ် သူ့ကိုမမှတ်မိတော့ပေ။ ဆံပင်များလည်း ဖိုးရိုးဖားရား ဖြစ်နေသည်။ အညစ်အထေးနှင့် အရောင်အသွေး တစ်သားတည်း တစ်စပ်တည်းဖြစ်နေသော သူ၏ဆာရီ၌ နေရာပေါင်းများစွာတွင် အချုပ်အစပ် အဖာအထေးများကို တွေ့ရသည်။ ကျွန်ုပ်မရှိခိုက် ကရိပီတစ်ယောက် ဤမျှ စီးပွားရေးအကျပ်အတည်း တွေ့နေရသည်ဆိုသည်ကို ကျွန်ုပ် စိတ်ကူးထဲတွင်ပင် မထည့်မိခဲ့ပေ။ သူ၏မျက်ဝန်းမှ မျက်ရည် တစ်ပေါက်ပြီး တစ်ပေါက် စီးကျလာသည်။

ကြမ်းပြင်ပေါ်၌ ခင်းထားသော မြက်ဖျာပေါ်တွင် ကျန်းမာသန်စွမ်းပုံရသောကလေးငယ်တစ်ယောက် အိပ်နေသည်ကိုတွေ့ရသည်။ ထိုကလေးငယ်မှာ ကျွန်ုပ် မမြင်ရ၊ မတွေ့ရသေးသော ကျွန်ုပ်၏ကလေးဖြစ်သည်ဆိုသည်ကို ကျွန်ုပ် မဆိုင်းမတွပင် သိရှိနားလည်သွားသည်။ ကျွန်ုပ် ကလေးဆီသို့ လှမ်းသွားသည်။ ကလေးငယ်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

mgyoe.com

mgyoe.com

ကလေးငယ်၏ မှေးမှိတ်နေသောမျက်လုံးသည် တစ်စုံတစ်ခုကို ရှာဖွေနေသယောင် ထင်ရသည်။

"အိပ်နေတာ မကြာသေးဘူးလား" ကျွန့်ပ်၏နှုတ်မှ ရုတ်တရက်ထွက်သွားသည်။

"ဟုတ်တယ်၊ ငိုရင်းငိုရင်းနဲ့ အိပ်ပျော်သွားတာပဲ" ကရိပီက ပြောသည်။ သူ၏မျက်လုံး၌ မျက်ရည်စတွေ ရှိနေတုန်းပင် ဖြစ်သည်။ ကျွန့်ပ် ပြန်ရောက်လာသဖြင့် ပီတိသောမနသဖြစ်ပြီး မျက်ရည်တွေ ကျလာသည်ဟူ၍ ကျွန့်ပ် ပထမ ထင်မိသည်။ သို့သော်လည်း ကျွန့်ပ် ရောက်မလာခင် တော်တော်စောစောကပင် သူ၏မျက်လုံးသည် မို့မောက် ဖူးရောင်နေသည်။

"ဘာဖြစ်လို့ ငိုနေတာလဲကွယ်" ကျွန့်ပ်က မေးလိုက်သည်။

"ကံကြမ္မာဆိုးလှချည့်လားလို့ တွေးမိပြီး ငိုနေတာ" ကွဲအက်သောအသံဖြင့် ပြောပြီး ကရိပီသည် ပင့်သက်တစ်ချက် ရှူလိုက်ပြန်လေသည်။

ကျွန့်ပ် အဓိပ္ပာယ် နားမလည် ဖြစ်သွားသည်။ "ကျုပ်မရှိတုန်း ဘာတွေဖြစ်လို့လဲ ကရိပီ" စိုးရိမ်တကြီးနှင့် မေးလိုက်သည်။

ကရိပီသည် ခပ်မဆိတ်လုပ်နေသည်။ သူ၏ရှိုက်သံသည်သာလျှင် အတန်ငယ်ပြင်းထန်လာသည်။ ကျွန့်ပ်သည် သူ၏ပခုံးပေါ်လက်တင်ပြီး အလွန်တရာ ကြင်နာထောက်ထားသောအသံဖြင့် အားပေးစကားပြောလိုက်လေသည်။ "ဒီမှာ ကရိပီ၊ ကျုပ် နှစ်တွေ၊ လတွေ အများကြီးကြာပြီးမှ ပြန်လာရတယ်။ ဒီရောက်တော့ မင်းက ငိုနေတယ် ဟုတ်လား"

"ရှင် ဘာလို့များ ပြန်လာရသေးသလဲလို့ ကျွန်မ စဉ်းစားကြည့်နေတယ်" မျက်ရည်ထဲတွင် မြုပ်နေသော မိန်းမသား၏ဒေါသသည် ရှူးခနဲထလာလေသည်။

"ကျုပ် ဒီပြန်မလာလို့ မင်းကိုပစ်ပြီး ဘယ်သွားရမှာလဲ" ကျွန့်ပ် မရယ်ချင့်ရယ်ချင် ရယ်လိုက်မိလေသည်။

"ဒါလောက် နှစ်ရှည်လများ သွားတဲ့နေရာကို သွားပေါ့"

"အဲဒီနေရာကိုသွားတာ တစ်စုံတစ်ခုရဖို့ကိစ္စနဲ့ သွားတာပဲ"

"လှည်းဘယ်နှစ်စီးတိုက် ရလာခဲ့သလဲ"

"ကျုပ် ယူလာတဲ့ပစ္စည်းက လှည်းနဲ့တိုက်ယူလို့ရတဲ့ ပစ္စည်း မဟုတ်

mgyoe.com

mgyoe.com


ဘူး” ပရသုရာမဆီက ပစ္စည်းဥစ္စာတွေ ကျွန်ုပ် ယူလာခဲ့လိမ့်မည် ဟူ၍ ကရိပိတွက်ထားသည်ဟု ကျွန်ုပ် နားလည်သွားသည်။ လက်ချည်း ပြန်လာသည်ကို တွေ့ရသောအခါ သူ စိတ်ဓာတ်လည်းကျ၊ ဒေါသလည်း ဖြစ်လေသည်။

ကျွန်ုပ် သူ့ကို ရှင်းလင်းပြောပြရသည်။ “လှည်းနဲ့တိုက်ယူရတဲ့ ပစ္စည်းဥစ္စာနောက်ကို ကျုပ်ဖခင်ကလည်း ပြေးမလိုက်ဘူး။ ကျုပ်အနေနဲ့လည်း ဘယ်တော့မှ ပြေးလိုက်လိမ့်မယ် မဟုတ်ဘူး ကရိပိ”

“ရှင့်ဆုံးဖြတ်ချက်က အင်မတန် မွန်မြတ်တဲ့ ဆုံးဖြတ်ချက်ပါကလား။ အဲဒီလို ဆုံးဖြတ်ချက်ချထားတယ်ဆိုရင် ရှင် ဘာဖြစ်လို့ အိမ်ထောင်ပြုသေးသလဲ”

“အိမ်ထောင်ပြုတာကတော့ မင်းကိုယူချင်လို့ပေါ့” ကျွန်ုပ် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ရယ်မောသည့်သရုပ်ကို အောင်မြင်စွာ ဆောင်လိုက်သော်လည်း ကျွန်ုပ်၏ အကြောင်းပြချက်သည် မအောင်မြင်သလို ဖြစ်သွားသည်။

“ကျွန်မကိုရတော့ သူ့ကိုလည်း မရလို့ မဖြစ်တော့ဘူး မဟုတ်လား” ကရိပိက အိပ်နေသောကလေးကို လက်ညှိုးထိုးပြလိုက်လေသည်။

သူ ဘာပြောချင်သည်ဆိုသည်ကို ကျွန်ုပ် စဉ်းစားကြည့်သည်။

“ဘာစဉ်းစားနေတာလဲ၊ သူ့ကို ရလာပြီးတဲ့နောက် ရှင့်တာဝန်ဝတ္တရားလည်းပဲ အဆုံးသတ်သွားပြီ မဟုတ်လား။ အခု တခြားလုပ်စရာဘာမှ မရှိတော့ဘူးထင်တယ်။ အသိဉာဏ်ပညာ တိုးပွားများပြားအောင်သာ လုပ်ပေတော့”

“အသိဉာဏ်ပညာ တိုးပွားများပြားအောင် လုပ်တာဟာ ဗြာဟ္မဏရဲ့ အဓိကကျင့်ဝတ်ဖြစ်တယ် ကရိပိ”

“အင်း...ဟုတ်မှာပေါ့” ဤမျှသာပြောလျက် အခန်းထဲ ဝင်သွားလေသည်။

သို့သော်လည်း ကျွန်ုပ်သည် “ရှင့်အသိဉာဏ်ပညာသက်သက်နဲ့ ကျွန်မ ဘယ်လိုလုပ်စားမှာလဲ။ ကလေးအတွက်တောင် နွားနို့ဖန်တီးမပေးနိုင်တဲ့ ရှင့်အသိဉာဏ်ပညာကို ကျွန်မက ဘာလုပ်ရမှာလဲ”ဟူသော စကား

mgyoe.com

mgyoe.com


ကို ကြားယောင်နေမိလေသည်။

ကရိုပီ အခန်းထဲဝင်သွားသော်လည်း အရာဝတ္ထုတစ်စုံတစ်ခုသည် ကျွန်ုပ်၏ဘေးပတ်လည်၌ စက်ရဟတ်ကဲ့သို့ ဝှီးခနဲ ဝှီးခနဲ လှည့်ပတ်နေသည်ဟူ၍ ထင်ရသည်။ သူ ကျွန်ုပ်ကို ဘာကြောင့်စိတ်ဆိုးနေသည် ဆိုသည်ကို ကျွန်ုပ် ယခု သဘောပေါက်သလောက် ရှိသွားပြီ။ ကျွန်ုပ် သူ့ကိုလှမ်းခေါ်လိုက်သည်။ သို့သော်လည်း သူ အပြင်ဘက်ထွက်မလာပေ။ အိပ်ခန်းအတွင်းမှ ပေါ်ထွက်လာသော သူ၏ရှိုက်သံကိုသာ ကြားနေရလေသည်။

ကျွန်ုပ် ကလေးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ကလေးသည် အိပ်ပျော်နေတုန်းပင် ရှိသေးသည်။ မြက်ဖျာပေါ်၌မဟုတ်ဘဲ သူ့ အိပ်ရာပေါ်၌ ဖယောင်းရုပ်ကလေးတစ်ရုပ်လှဲနေသည်ဟူ၍ ကျွန်ုပ် ထင်နေမိသည်။

ကရိုပီသည် အခန်းထဲ၌ ငိုနေတုန်းပင် ရှိသေးသည်။ မိမိကိုယ်ရုံ အဝတ်အနားစဖြင့် သူ့မျက်ရည်စများကို သုတ်ပေးလေသည်။ သူ့ကို ပြောလိုက်သည်။ "ကျုပ် ဒီမှာမရှိတဲ့ အချိန်ကာလအတွင်း မင်း သိပ်ဆင်းရဲ ဒုက္ခရောက်နေတယ်ဆိုတာ ကျုပ် နားလည်ပါပြီ"

သူ ခပ်မဆိတ် လုပ်နေသည်။

"ဒါပေမဲ့ ဆင်းရဲဒုက္ခ မီးလျှံထဲမှာ ဖယောင်းလို အရည်ပျော်သွားတဲ့လူဟာ လူမဟုတ်ဘူး။ အဲဒီအချိန်အခါမျိုးမှာ ကျောက်ဆောင် ကျောက်သားလို ဖြစ်နေသင့်တယ်။ ဆင်းရဲဒုက္ခ လှိုင်းတံပိုးတွေ ဘယ်လိုပဲ လာဆောင့် လာဆောင့် ဘယ်လိုမှထိခိုက်ခြင်းမရှိဘဲ ဆင်းရဲဒုက္ခ လှိုင်းတံပိုးတွေသာ ဖရိုဖရဲ ပြိုကွဲပျက်စီးလွင့်စဉ်သွားရမယ်" ကျွန်ုပ်က သူ့ကို အားပေးစကား ပြောလိုက်လေသည်။

"ကောင်းတယ်၊ ရှင်ပဲ ကျောက်ဆောင်ကျောက်သားလိုနေ။ ဒါပေမဲ့ ကျောက်ဆောင်ကျောက်သားက ကလေးမမွေးဘူး။ ပြီးတော့ ကျောက်ဆောင်ကျောက်သားရဲ့ ဘယ်လို အစိတ်အပိုင်းကမှလည်း နို့သောက်ချင်တယ်လို့ မပူဆာဘူး။ ကျောက်ဆောင်ကျောက်သားဆိုတာ ရွေ့လျားခြင်း မရှိတဲ့ သက်မဲ့အရာဝတ္ထု ဖြစ်တယ်။ ကျွန်မတို့လည်း ရွေ့လျားခြင်းမရှိတဲ့ သက်မဲ့အရာဝတ္ထုဖြစ်နေရင် အကောင်းသားပဲ။ ဘာတာဝန်ဝတ္တရားမှလည်း

mgyoe.com

mgyoe.com

ဆောင်ရွက်လုပ်ကိုင်နေစရာ မလိုတော့ဘူး။ အသထလည်းပဲ သူ့ဟာသူ နေရုံပဲ”

ကျွန်ုပ်၏ဖွားသစ်စကလေး၏အမည် အသထဆိုသည်ကို ကျွန်ုပ် သိရှိနားလည်သွားသည်။ နောက်ပိုင်း၌ သိရသည်မှာ ကလေးကို မွေးသည့်အခါ ကလေးငယ်သည် ခစ်ခစ်နှင့် ရယ်သည်။ စကားပြောဖို့လည်း ကြိုးစားသည်။ ထိုအခါ ကလေး၏အသံသည် မြင်းပေါက်ကလေး၏ အသံနှင့် ဆင်နေသည်။ ထိုကြောင့် ကျေးရွာရှိ ဗြာဟ္မဏများက ကလေးငယ်ကို အသထဟူ၍ ခေါ်ကြလေသည်။ သို့သော်လည်း ကလေးငယ်သည် လှသည်။ ချစ်စရာ ကောင်းသည်။ သူ၏ ပုံပန်းသွင်ပြင်သည် မြင်း၏ ပုံပန်းသွင်ပြင်နှင့် တခြားစီ ဖြစ်သည်။ ကလေး၏ ပုံပန်းသဏ္ဌာန်က အစိတ်အပိုင်းတစ်ခုခုသည် မြင်း၏ ပုံပန်းသဏ္ဌာန်က မည်သည့်အစိတ်အပိုင်းနှင့်မှ စိုးစဉ်းမျှ၍ပင် တူညီမှု၊ ဆင်တူမှု မရှိပေ။

ကရိပိ မကျေမချမ်း ဖြစ်နေခြင်း၏ အမြစ်အရင်း၌ မိခင်မေတ္တာ ကိန်းအောင်းနေသည်။ သူ၏ ဘာသိဘာသာ နေတတ်ခြင်းနှင့် ငွေရေးကြေးရေး ချို့တဲ့ခြင်းသည် အသထအား နွားနို့ မတိုက်နိုင်သည့် အခြေအနေကို ဖန်တီးနေကြသည်။ သူ၏ မိခင်စိတ်သည် ဒဏ်ရာရနေသည်။ ထို အနာဒဏ်၏ ဝေဒနာကြောင့် ကရိပိသည် အလူးအလှိမ့် ခံနေရခြင်း ဖြစ်သည်။

ကျွန်ုပ်သည် သူ၏ အနာဒဏ်ရာတွင် လိမ်းဆေးလိမ်းပေးလိုက်သည်။

“ကျုပ်တို့ဟာ ကိုယ့်ရင်သွေးကို နို့မတိုက်နိုင်လောက်အောင် ကံမွဲသူတွေ ဖြစ်နေကြတယ်နော်”

“ကျွန်မတို့ ဘယ်မှာကံမွဲလို့လဲ။ ကျွန်မတို့ဟာ အသိပညာဉာဏ် တိုးပွားများပြားအောင် လုပ်နေကြတဲ့လူတွေ မဟုတ်လား။ ဗြာဟ္မဏတို့ရဲ့ ဥစ္စာဓနဟာ အသိပညာဉာဏ် မဟုတ်လား။ ကျွန်မတို့ရဲ့ အသိပညာဉာဏ်ဟာ ပျားသကာလို ချိုပါတယ်။ ကိုယ့်ရင်သွေးကို အဲဒီအသိပညာဉာဏ် တိုက်ကျွေးလိုက်ရုံပဲ ရှိတယ်”

ကရိပိ ငေါ့ပြောနေသည်ဆိုသည်ကို ကျွန်ုပ် သိသည်။ သို့သော် လည်း

mgyoe.com

mgyoe.com


သူ့ကို ပြန်လှန် ရန်တွေ့နေ၍ သင့်လျော်လိမ့်မည် မဟုတ်ဟူ၍ တွက်မိသည်။ သူ အမှန်တကယ်ပင် စိတ်ဆင်းရဲနေသည်ဖြစ်၍ စိတ်ထဲက အနာကို အပြင် ထုတ်ပစ်နေခြင်းဖြစ်သည်ဟု ကျွန်ုပ် စဉ်းစားမိလေသည်။

မသိနားမလည်သည့် ကလေးတစ်ယောက်ကို ပြောသကဲ့သို့ ကျွန်ုပ် သူ့ကို ပြောလိုက်သည်။

"ကျုပ်တို့ သူ့ကို နို့မတိုက်ရင် သူကတော့ ငိုမှာပဲ"

"ဟုတ်တယ်၊ ငိုလည်း ငိုတယ်။ ဖွတ်တရွတ်လည်း လုပ်တယ်။ ကလေးတစ်ယောက် လုပ်ထတ်တာတွေမှန်သမျှ အကုန်လုံး လုပ်တယ်"

ဤတစ်ကြိမ်၌လည်း ကရိုပီ၏အသံသည် ဘောက်ဆတ်ဆတ် မာကျောကျော ဖြစ်နေတုန်းပင် ရှိသေးသည်။

"အဲဒီလို ဖြစ်နေတဲ့အခါ မင်း သူ့ကို အငိုတိတ်သွားအောင် ဘယ်လို လုပ်သလဲ"

"ကိုယ့်မှာရှိနေတဲ့ အသိဉာဏ်ပညာနဲ့ လုပ်တာပေါ့။ ကျွန်မတို့က အသိဉာဏ်ပညာ တိုးပွားများပြားအောင် ကျင့်ကြံအားထုတ်နေတဲ့ ဗြာဟ္မဏ တွေ မဟုတ်လား"

ဤတစ်ကြိမ်၌လည်း ကရိုပီသည် ကျွန်ုပ်ကို အပ်နှင့်ထိုးဆွလိုက် ပြန်သည်။

ကျွန်ုပ် သူ စိတ်ပြေသွားအောင် ကြိုးစားသည်။ မိမိအား ခွင့်လွှတ် ပါမည့်အကြောင်း အနူးအညွတ် တောင်းပန်သည့်အခြေသို့ပင် ရောက်သွား သည်။ စိတ်ပြေသလိုလို ဖြစ်သွားသည့်အခါ ကရိုပီက...

"နို့ ပူဆာတဲ့အခါ ကျွန်မ သူ့ကို ဆန်ဆေးရေ တိုက်တာပဲ"

ဟု ပြောပြလေသည်။ ကလေးက သူ နို့သောက်နေရသည်ဟုပင် အောက်မေ့သည်။ သို့သော်လည်း မိခင်ကမူ မိမိရင်သွေးအား နို့တိုက်နေရ သည်ဟု မအောက်မေ့ပေ။ ကလေးကို လှည့်စား၍ရသော်လည်း မိမိကိုယ်ကို မူ ဘယ်လိုပင်လှည့်စားလှည့်စား လှည့်စား၍မရပေ။ မိခင် စိတ်မချမ်းမသာ ဖြစ်ရသည်။ အလွန်တရာ စိတ်မချမ်းမသာ ဖြစ်ရသည်။

ကျွန်ုပ်ကိုယ်တိုင်လည်း စိတ်မချမ်းမသာ ဖြစ်ရသည်။ ပညာရှိ တစ်ယောက်၏ရင်သွေးအတွက် နို့သောက်စရာမရှိသည့် လူ့လောက၊

mgyoe.com

mgyoe.com
လူ့အဖွဲ့အစည်း၏ အခြေအနေသည် ဘယ်လိုဘဝမျိုး ရောက်နေသနည်းဟု ကျွန်ုပ် စဉ်းစားနေမိသည်။

စကားပြောရင်းပြောရင်း သိရသည်မှာ အသသထ နို့ပူဆာလွန်းမက ပူဆာပြီး ချော့မရ ချောက်မရ ဖြစ်သည့်အခါမျိုး၌ ကရိပီသည် သူ့သားကို ရိုက်သည်။ ငိုရင်းငိုရင်း အိပ်ပျော်မသွားမချင်း ရိုက်သည်။ ယခုလည်း အသသထသည် ငိုရင်းငိုရင်း အိပ်ပျော်သွားခြင်း ဖြစ်လေသည်။

ကျွန်ုပ်၏ဖခင်စိတ်က ကလေးကို တစ်ချက်ကြည့်လိုက်ပြန်လေသည်။ ငုံနေသည့်ကြာပွင့်နှင့်တူသော မှိတ်နေသည့် သူ့မျက်လုံးတွင် ယခုထက်ထိ မျက်ရည်တွေ ပြည့်လျှမ်းနေသည်ဟုပင် ကျွန်ုပ် အောက်မေ့သည်။ ကရိပီကို ပြောလိုက်သည်။

"မင်း သူ့ကို ရိုက်တာတော့ မကောင်းဘူး"

"ကျွန်မ သူ့ကို ရိုက်တာ မဟုတ်ဘူး"

ကရိပီသည် ခါးခါးသီးသီးပင် ပြောနေပြန်သည်။

"ကျွန်မ သူ့ကို ရိုက်တယ်လို့ အခုပဲ မင်း ပြောတယ်မဟုတ်လား"

ကျွန်ုပ်၏အသံတွင် အံ့သြခြင်း ပေါ်နေသည်။

"သူ့ကို မရိုက်လို့ ဘယ်သူ့ကို ရိုက်တာလဲ။ သူပဲ နာတယ်။ သူပဲ ငိုတယ်မဟုတ်လား"

"သူ ငိုတာတော့ အမှန်ပဲ။ အနာခံရတာလည်း သူပဲဖြစ်မှာပဲ။ ဒါပေမဲ့ ကျွန်မ ရိုက်တာက သူ့ကို မဟုတ်ဘူး။ ရှင် အပူပင် အကြောင့်ကြ မရှိတာကို ရိုက်တာ၊ ကိုယ့်ကံကြမ္မာကို ရိုက်တာ။ ကျွန်မ ဘယ်လောက် ထိခိုက်နာကျင်ရတယ်ဆိုတာ ရှင် ဘယ်လိုလုပ်သိမှာလဲ"

ကျွန်ုပ် တစ်ဖန် ခပ်မဆိတ် ဖြစ်သွားပြန်လေသည်။ ကျွန်ုပ်၏ မျက်မှောက်မှ ဘဝ၏ အဖိုးထိုက် အဖိုးတန် အစိတ်အပိုင်းများ လွင့်စဉ် ပျောက်ကွယ်သွားကြသည်။ အဂ္ဂဝေသ ရှင်ရသေ့၏ သခ်မ်းကျောင်းမှ ထွက်လာစဉ်ခဏက ကျွန်ုပ် ဘယ်လိုအိပ်မက်မျိုးမက်ခဲ့သနည်း။ ရာသက်ပန် ဗြဟ္မစာရီအဖြစ်နှင့် နေသွားမည်။ အသိဉာဏ်ပညာ တိုးပွားများပြားအောင် လုပ်မည်။ အသိဉာဏ်ပညာကို ဖြန့်ဝေမည်။ သို့သော်လည်း အိမ်ထောင်ရေး အရှုပ်အထွေးထဲ ကျွန်ုပ် ဘယ်လိုလုပ် ဖမ်းမိသွားသည်မသိပေ။ အိမ်ထောင်
mgyoe.com

mgyoe.com


သားမွေး လုပ်ရသည်။ ဝါသနာရမှုက် ပြွမ်းနေသည့် အားနည်းမှု၊ အားပျော့မှုသည် ကျွန်ုပ်၏ကုပ်ပေါ်ခွစီးပြီး ကျွန်ုပ်၏ အိပ်မက်ဟူသမျှကို ဆုပ်ညှစ်ထားလေသည်။ သို့သော် ယခုလို အချိန်အခါမျိုး၌ နောင်တတစ်ဖန် ပူပန်နေ၍ အကျိုးထူးတော့မည်မဟုတ်။ ကိုယ့်ကာဝန်ဝတ္တရား ကိုယ်ထမ်းရွက်ရုံသာ ရှိတော့သည်။

ကျွန်ုပ်သည် ကရိပီအား "အဲဒီလိုဆိုရင် ခွက်သာပေးတော့၊ ကျုပ်အခုပဲ နွားနို့ရှာပေးမယ်"ဟူ၍ ပြောလိုက်လေသည်။

"အဲဒါတော့ ကျွန်မလည်း မလုပ်တတ်ဘဲနေပါ့မလား။ လုပ်လည်း လုပ်ခဲ့ဖူးပြီ။ တစ်ရက်၊ နှစ်ရက်ကိစ္စဆိုရင်တော့ အကြောင်းမဟုတ်ဘူး။ နေ့စဉ်နေ့တိုင်း ခွက်ကိုင်ပြီး နွားနို့ လိုက်တောင်းရတဲ့အလုပ်ကို ကျွန်မ မကြိုက်ဘူး"

"အဲဒီလိုဆိုရင် ဘာလုပ်ရမလဲ"

"ဘာလုပ်ရမှာလဲ၊ နွားမတစ်ကောင် ရှာယူခဲ့ပြီး ခြံထဲမှာ ချည်ထားမှ ပြဿနာ ထာဝရ ပြေရှင်းသွားမှာပေါ့"

"အဲဒီလိုလုပ်ဖို့က ဥစ္စာစနေမရှိလို့ မဖြစ်ဘူး" မည်သည့်ပစ္စည်းနှင့် ဖလှယ်ပြီး နွားမကို ရှာယူခဲ့မည်နည်း။ ကျွန်ုပ် စဉ်းစားမရအောင် ဖြစ်သွားသည်။

ကျွန်ုပ် စကားတစ်ခွန်းမျှ ဆက်မပြောတော့ပေ။ တိတ်တဆိတ် အပြင်ထွက်လာခဲ့သည်။ အပြင်ဘက် အမိုးအောက်က ကပြင်တွင်ရှိသော ညောင်စောင်းပေါ် ပစ်လှဲချလိုက်လေသည်။ ကိုယ်ခန္ဓာမှာ တောင့်တင်း ခိုင်မာလျက်ပင် ရှိသည်။ သို့သော်လည်း စိတ်နှလုံးမှာမူ ချားရဟတ်ကဲ့သို့ လည်နေသည်။ ကျွန်ုပ် စဉ်းစားကြည့်မိသည်။ ငါသည် ဆင်းရဲသည်ကို ဂုဏ်ယူဝင့်ကြွားသော ဖခင်၏သား ဖြစ်သည်။ မရှိဆင်းရဲသည့်ကြားထဲကပင် မွေးဖွားလာခဲ့သည်။ မရှိဆင်းရဲသည့် ကြားထဲကပင် ကြီးပြင်း လာခဲ့သည်။ ယခုလည်း မရှိဆင်းရဲသည့်ကြားထဲကပင် အသက်ရှင်နေရသည်။

သို့ရာတွင် မိမိ၏ဖခင်ကဲ့သို့ ဘယ်သောအခါမှ၊ မည်သူ့ရှေ့မှောက်တွင်မှ လက်မဖြန့်ခဲ့ဖူးပေ။ ရသမျှနှင့်သာ တင်းတိမ်ရောင့်ရဲလာခဲ့သည်။ စိတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားမှုသည်သာလျှင် ဘဝ၏ရည်မှန်းချက်

mgyoe.com

mgyee.com


ဖြစ်ခဲ့သည်။ အတတ်ပညာသည်သာလျှင် တစ်ခုတည်းသော ဥစ္စာပစ္စည်း ဖြစ်ခဲ့သည်။ ယင်းဥစ္စာပစ္စည်းကို ဘယ်သူ့ကိုမှ ရောင်းချခြင်းမပြုခဲ့။ သို့သော် ထိုဥစ္စာပစ္စည်းကို လွတ်လွတ်ကျွတ်ကျွတ် ဖြန့်ဝေခဲ့သည်မှာမူ အမှန်မုချ ဖြစ်သည်။ သို့ရာတွင် ယင်းကဲ့သို့ ပြုလုပ်ခဲ့သဖြင့် ဘာကျိုးရှိသနည်း။ ယနေ့ ယခု လူ့လောက လူ့အဖွဲ့အစည်း၌ ကျွန်ုပ်တို့၏ အတတ်ပညာ အလျှုဒါန ကို တန်ဖိုးဖြတ်နိုင်သည့် စွမ်းရည်သတ္တိ ရှိပါ၏လော။ အခါအခွင့်ရှိပါ ၏လော။

ကျွန်ုပ်သည် အမျိုးမျိုး အဖုံဖုံ သုံးသပ်ကြည့်နေမိသည်။ ကျွန်ုပ်တို့ မှာမူ ထမင်းတစ်ဆုပ် ရေတစ်မှုတ်နှင့် အသက်ရှင်လာခဲ့ကြသည်။ သို့သော် လည်း မိမိတို့၏ရင်သွေးများကို နို့တစ်ခွက်တစ်ဖလားအတွက် တငိုငို တရယ် ရယ် ဖြစ်နေအောင် လုပ်သင့်ပါ၏လော။ ကရိပီသည် သည်လောက် ဆင်းရဲ နွမ်းပါးသည့် အခြေအနေမျိုးဖြင့် ကြီးပြင်းလာခဲ့ရသူ မဟုတ်ပေ။ သူ၏ ငယ်စဉ်တောင်ကျေး ကလေးဘဝမှာမူ ဘုရင့်သမီးတော်များကဲ့သို့ နန်းဘုံနန်း ဆောင်များ၌သာ ကုန်ဆုံးကျော်လွန်လာခဲ့ရသည်။ ယခု ဆင်းရဲဒုက္ခကို ကျွန်ုပ်ထက် အဆများစွာ ခံစားနေရရှာသည်။

သို့ဖြစ်သောကြောင့်သာလျှင် သူ ကြံ့ကြံ့မခံနိုင်ခြင်း ဖြစ်ပေလိမ့် မည်။ ကျွန်ုပ်ကို ကလန်ကဆန် ပြန်နှုတ်လှန်ထိုးခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်အဖို့ မှာကား သူပြောသမျှကို ခေါင်းငုံ့နားထောင်နေရုံမှတစ်ပါး တခြားနည်းလမ်း ရှိသူ မဟုတ်ပေ။ ယင်းသို့ တွေးတောစဉ်းစားရင်း စဉ်းစားရင်းနှင့် ကျွန်ုပ် ဘယ်အချိန်အိပ်ပျော်သွားသည် မသိလိုက်ပေ။

အိပ်ရာမှနိုးသောအခါ ညနေဆည်းဆာချိန် ရောက်လာပြီဆိုသည်ကို သိရသည်။ ကရိပီသည် သူ့သား အဿထနှင့်အတူ မလှမ်းမကမ်းတွင် ထိုင်နေသည်။ ကျွန်ုပ် အိပ်ရာမှထလျှင်ထချင်း သားငယ်ကို ကောက်ချီလိုက် လေသည်။ အစပထမတွင် သားငယ်သည် ကျွန်ုပ်ထံလာရန် ငြင်းဆန် နေသည်။ သို့သော်လည်း သူ့မိခင်က အတင်းတွန်းပို့နေသဖြင့် ကျွန်ုပ် ခေါ်ရာသို့ လာလေသည်။ ကျွန်ုပ်သည် သားငယ်ကို "သား နို့သောက် မလား"ဟု ချစ်စနိုး မေးလိုက်သည်။

သားငယ် မြူးသွားလေသည်။ သူ မည်မျှ အားရဝမ်းသာ ဖြစ်သွား

mgyee.com

mgyoe.com


သည်ဆိုသည်ကို ပြောပြဖို့ လွယ်မည်မဟုတ်ပေ။ သားငယ်သည် ရွာထဲက ကလေးများနှင့် အတူ ကစားသည်ဆိုသည်ကို သိရသည်။ ထို ကလေးများသည် သူတို့အိမ်က နို့သောက်ပြီးမှ လာကြသည်။ ဘယ်သူက သည်ကနေ့ နို့ဘယ်နှစ်ခွက်သောက်ပြီး လာသည်ဆိုသည်ကို စကားစပ် ပြောကြသည်။ ထို့ကြောင့် အဿထလည်း မအေကို နွားနို့ပူဆာခြင်း ဖြစ်သည်။ သူ၏ နို့သောက်လိုသည့် ဆန္ဒသည် နို့မွတ်သိပ်သည့် သဘော ကနည်းပြီး အပြိုင်အဆိုင်သဘောက များသည်ဟု ကျွန်ုပ် ရိပ်စားမိသည်။ နို့မသောက်ဘဲ သူ နေနိုင်သည်။ အခြားကလေးသူငယ်များကြားထဲ ရောက် မသွားသည့်နေ့များ၌ သူ နို့ပူဆာလေ့ မရှိပေ။

တခြားကလေးများနှင့် မိမိသားကို ချိန်ထိုးကြည့်သည်။ သူ၏ စိတ်နှလုံးအတွက် နွားနို့လိုအပ်သလောက် အမိနို့စို့ပြီး သန်မာကြီးထွား နေသည့် သူ၏ကိုယ်ခန္ဓာအတွက် နွားနို့မလိုသည်မှာ အမှန်ဖြစ်သည်။ အကယ်၍ သူ့အတွက် နွားနို့စီစဉ်မပေးနိုင်ပါက သားငယ်သည် စိတ်ဓာတ် ကျပြီးလျှင် ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် စတင်၍ လူစဉ်မမီသူ တစ်ဦး ဖြစ်လာဖွယ်ရာ ရှိသည်။

* * *

ကျွန်ုပ်၏ စိတ်အခြေအနေသည် ကျွမ်းထိုးမှောက်ခုန်ဖြစ်နေသည်။ ကျွန်ုပ်သည် အဿထကို ရွာထဲက ကလေးသူငယ်များနှင့် အတူကစား ခွင့် မပြုတော့ပေ။ ကျွန်ုပ်၏ မျက်စိအောက်မှာသာ ထားသည်။ သို့သော် လည်း နွားမကို ဘယ်ကရမည်နည်း။

တစ်ညနေခင်းတုန်းက အကြောင်းအရာဟု ပြော၍ဖြစ်မည်မထင်။ တစ်ညတုန်းက အကြောင်းအရာဟူ၍မူ ပြော၍ရပေလိမ့်မည်။ အဿထ အိပ်ပျော်သွားလေပြီ။ ကျွန်ုပ်လည်း အိပ်ရာထဲတွင် လှဲနေသည်။ ကရိပိ ကျွန်ုပ်အနီး ကပ်လာသည်။ အလွန်တရာ ကြင်နာထောက်ထားသည့် အမူအရာဖြင့် ပြောလေသည်။ "အခုတလော ရှင့်ကို ကြည့်ရတာ စိုးရိမ် ကြောင့်ကြစရာကြီး တစ်ခုရှိနေသလိုပဲ"

"စိုးရိမ်ကြောင့်ကြစရာမရှိဘဲ နေပါ့မလဲ။ စာပေကျမ်းဂန်များကို လည်း

mgyoe.com

mgyoe.com


ထုံးလိုချေ ရေလိုနှောက်ထားတယ်။ သေနင်္ဂဗျူဟာ လက်နက် အတတ်ပညာဆိုတာလည်း မတတ်တာ မသိတာရယ်လို့ မရှိဘူး။ ဒါနဲ့တောင်မှ ကိုယ့်ကလေးအတွက် နွားမတစ်ကောင်လောက် ဖန်တီးမပေးနိုင်ဘူး။ တစ်ယောက်ယောက်ဆီမှာ အခစားလုပ်ရင် ကောင်းမလားလို့ စိတ်ကူးနေတယ်။ ယုတ်စွအဆုံး ကိုယ့်အိမ်ထောင်တော့ မကြောင့်မကြဘဲ နေနိုင်စားနိုင် ဖြစ်လာဖို့ရှိတယ်"

"ဘယ်လို ပြောလိုက်တာလဲ၊ အခစား ဘယ်တော့မှ မလုပ်ဘူးလို့ ရှင် ဆုံးဖြတ်ချက် ချထားတယ် မဟုတ်လား။ ကိုယ့်ဆုံးဖြတ်ချက်က သည်လောက် မြန်မြန်ဆန်ဆန်ပဲ သွေဖည်သွားရသလား"

"ပတ်ဝန်းကျင် အခြေအနေဆိုတာ ဘာကိုမဆို ပြုပြင်ဖန်တီးပေးတယ် ကရိပီ"

"ပတ်ဝန်းကျင် အခြေအနေနဲ့ တွေ့တဲ့အခါ ဖယောင်းလို အရည်ပျော်မသွားရဘူးလို့ ရှင်ပဲ ပြောတယ်မဟုတ်လား"

ယင်းသို့ပြောပြီးလျှင် ကရိပီသည် သူ၏ပင်ကိုအပြုံးဖြင့် ပြုံးလိုက်လေသည်။ ထိုအမိုက်မှောင်ထဲတွင်လည်း သူ၏အပြုံးကို ကျွန်ုပ် သိလိုက်လေသည်။

"ကျုပ်ကို မကျီစားနဲ့နော် ကရိပီ"

ကျွန်ုပ် မခံချင်သလိုလို ဖြစ်လာပြီး ပြောလိုက်လေသည်။

"ရှင့်ကို ကျီစားတာ မဟုတ်ပါဘူး။ တကယ်ပါ၊ ကျွန်မ တစ်ခုပြောချင်တယ်"

"ဘာလဲ"

"ဒုပဒက ကျုပ် ရောင်းရင်းလို့ ရှင် ပြောဖူးတယ် မဟုတ်လား"

"အင်း...ပြောဖူးတယ်"

ကျွန်ုပ် စဉ်းစဉ်းစားစားနှင့် ပြောလိုက်သည်။

"အဲဒီလိုဆိုရင် ရှင် သူ့ဆီ ဘာဖြစ်လို့ မသွားတာလဲ"

"မင်း ဒါကိုပဲ ထပ်တလဲလဲ ပြောချင်နေတယ်။ မင်း မသိဘူး ကရိပီ၊ ဆင်းရဲဒုက္ခ ရောက်တဲ့အခါမျိုးမှာ မိတ်ဆွေအပေါင်းအသင်းဆိုတာ လည်း အသုံးဝင်တာမျိုး မဟုတ်ဘူး။ တကယ်လို့ မိတ်ဆွေအပေါင်း အသင်းဆိုတာ

mgyoe.com

mgyoe.com
အသုံးဝင်တယ်ဆိုရင် ဆင်းရဲဒုက္ခရယ်လို့ ဘယ်မှာ ဖြစ်ပေါ်လာမှာလဲ"

ကျွန်ုပ်၏အသံသည် အလွန်တရာ လေးနက်တည်ကြည်နေသည်။

"အဲဒီလိုဆိုရင်လည်း ရှင့်သဘောအတိုင်းပဲ"

ယင်းသို့ပြောပြီးလျှင် ကရိုပီ နှုတ်ပိတ်သွားသည်။ ကျွန်ုပ်၏ ခြေကို နှိပ်ပေးနေသည်။ ကျွန်ုပ် ဘယ်အချိန် အိပ်ပျော်သွားသည် မသိလိုက်ပေ။

နံနက်မိုးလင်းသည်နှင့် အိပ်ရာက နိုးလာသည်။

"ငါ ဒုပဒထံ သွားမလား၊ မသွားဘူးလား"

ယင်းပြဿနာသည် တစ်ညလုံး ကျွန်ုပ်၏အနီးတွင် ရပ်စောင့် နေလေသည်။ အိပ်ရာက နိုးသည်နှင့် တစ်ပြိုင်နက် ယင်းပြဿနာသည် ကျွန်ုပ်၏ ဦးနှောက်ကို ဖမ်းချုပ်ထားလိုက်လေသည်။ စိတ်ဆန္ဒ မရှိလှသော်လည်း အခြေအနေအရ ဒုပဒနှင့်တွေ့ရန် သွားမည်ဟူ၍ ကျွန်ုပ် ဆုံးဖြတ်လိုက်လေသည်။

ကရိုပီနှင့် အဿထကိုလည်း ခေါ်သွားမည်ဟူ၍ စိတ်ကူးသည် ကရိုပီအား အဆင်သင့်လုပ်ထားရန် ပြောလိုက်သည်။ သို့သော်လည်း ကရိုပီသည် ကျွန်ုပ်နှင့်အတူလိုက်ရန် ဆန္ဒမရှိပေ။

"ကျွန်မ ကလေးကိုခေါ်ပြီး ဘယ်ကိုသွားဖူးလို့လဲ။ ပြီးတော့ ဒုပဒနဲ့လည်း ကျွန်မ မသိဘူး"

"သိအောင် ကျုပ် လုပ်ပေးမှာပေ့ါ။ ကျုပ် မလုပ်နိုင်တဲ့ အလုပ်တစ်ခုကို မင်းအနေနဲ့ လုပ်နိုင်ကောင်း လုပ်နိုင်လိမ့်မယ် ထင်တယ်"

ကျွန်ုပ် ပြုံးလိုက်လေသည်။

"ရှင့်အနေနဲ့ မလုပ်နိုင်တဲ့၊ ကျွန်မ လုပ်နိုင်တဲ့အလုပ်မျိုး ရှိသေးလို့လား"

"အဲဒါတော့ မင်းပဲ နားလည်မှာပေ့ါ"

ယင်းသို့ပြောပြီး ကျွန်ုပ် ရယ်နေသည်။ သူ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

* * *

ကျွန်ုပ် အတင်းခေါ်သော်လည်း ကရိုပီသည် ကျွန်ုပ်နှင့် လိုက်မလာပေ။ ကျွန်ုပ် တစ်ယောက်တည်း ထွက်လာခဲ့သော်လည်း စိတ်က ခပ်လေး
mgyoe.com

mgyoe.com

လေးပင် ဖြစ်နေသည်။ ငါ မသွားဘဲနေလျှင် ကောင်းမလား မသိဘူးဟူသော အတွေးလည်း စိတ်ထဲတွင် ခဏခဏ ပေါ်လာသည်။ ထို့နောက်တစ်ဖန် စဉ်းစားမိပြန်သည်။ သူ့ဆီသွားပြီး ငါ ဘာပြောမည်နည်း။ "ကျုပ်ကလေး သောက်ဖို့ နို့မရှိဘူး။ ကျုပ်ကို နွားမတစ်ကောင် ပေးပါ"ဟူ၍ ပြောမည်လား။

"ဟင့်အင်း...မပြောဘူး၊ အဲဒီလို မပြောဘူး၊ ဘယ်တော့မှ မပြောဘူး။ ငါဟာ သူနဲ့တန်းတူရည်တူ လူတစ်ယောက်ဖြစ်တယ်။ သူ့ဆီ ဘုန်းတောင်း ယာစကာလို သွားပြီးလက်ဖြန့်တောင်းရမလား။ သူက ငါ့ကို ဘယ်လို အောက်မေ့မလဲ"

ဦးနှောက် ချာချာလည်နေသည်။ သူ့ကို ငါ ဘာမှမပြောဘူး။ ခရီးကြုံသည်နှင့် မိတ်ဟောင်းဆွေဟောင်း တစ်ယောက်နှင့်တွေ့ရန် ဝင်လာ ခဲ့ခြင်း ဖြစ်သည်ဟူ၍သာ အသိပေးမည်။ ယင်းသို့ ဆုံးဖြတ်ချက်ချလိုက် လေသည်။

ပဉ္စာလမြို့စွန်ရောက်သည်နှင့် တစ်ပြိုင်နက် မြို့သူမြို့သား၊ ရွာသူ ရွာသားများက ကျွန်ုပ်ကို ခရီးဦးကြိုပြုကြသည်။ တချို့မှာမူ အကျိုး အကြောင်း သိပြီးသားဖြစ်နေကြသည်။ တချို့ကိုမူ မိမိသည် ဘုရင်မင်းကြီး နှင့်စာသင်ဖက်၊ ဆရာတူတပည့်ဖြစ်ကြောင်း ရှင်းလင်းပြောပြရသည်။ လူ အတော်များများမှာ ကျွန်ုပ်ကို လေးစားကြည်ညိုသည့် အမူအရာ ပြကြ သည်။

မွန်းလွဲချိန်၌ ဘုရင်မင်းကြီးနှင့် တွေ့မည်ဟူ၍ ကျွန်ုပ် ပိုင်းဖြတ်လိုက် လေသည်။

မြို့တော်အတွင်းရှိ အထက်တန်းကျကျ ဇည့်ရိပ်သာတစ်ခု၌ မွန်းတည့် ချိန် ခေတ္တနားပြီးနောက် နန်းတော်ဘက် ထွက်လာသည့်အခါ၌ ပတ်ဝန်းကျင် အခြေအနေ ပြောင်းသွားသည်ကို သတိထားမိလေသည်။

ဤတစ်ကြိမ်၌မူ ကျွန်ုပ်ကို မည်သူကမှအဖက်မလုပ်ကြပေ။ ကျွန်ုပ် သည် အညတြ ကလေကဝတစ်ယောက်လို ဖြစ်နေသည်။ လက်နက်ကိုင် စစ်သည်များကလည်း ကျွန်ုပ်ကို အလေးမမူကြပေ။ မင်းမှုထမ်းများကလည်း မျက်နှာလွှဲနေကြသည်။

တစ်ခုတော့ရှိသည်။ မြို့သူမြို့သား တချို့မှာမူ ကျွန်ုပ်၏ ရှည်လျား

mgyoe.com


သောမုတ်ဆိတ်နှင့် အဆင်အပြင် ပုံပန်းသဏ္ဌာန်ကို သတိထားသည့် အနေမျိုးဖြင့် ဦးခေါင်းငုံ့၍ ကျွန်ုပ်၏ဘေးမှ ရှောင်ကွင်းသွားကြသည်။

ယင်းကဲ့သို့ မမျှော်လင့်ဘဲ အပြောင်းအလဲဖြစ်လာခြင်း၏ အကြောင်းရင်းကို ကျွန်ုပ် နားမလည်အောင် ဖြစ်နေသည်။ အကျိုးအကြောင်း စုံစမ်းလိုသည်နှင့် မင်းချင်းယောကျ်ားတစ်ယောက်အား မေးကြည့်လိုက်လေသည်။

"ဒီမှာ မိတ်ဆွေ၊ ကျုပ်ကို နန်းတော်သွားတဲ့လမ်း ပြောမပြနိုင်ဘူးလား"

အစပထမ၌မူ ထိုမင်းချင်းယောကျ်ားသည် ဘာမှပြန်မပြောပေ။ ကျွန်ုပ်ကိုသာ ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ ထိုနောက်မှ ခပ်ဖြည်းဖြည်း ခပ်လေးလေး ပြောလေသည်။

"ဆရာဒေါဏဆိုတာ ခင်ဗျားလား"

ကျွန်ုပ် ဝန်ခံသည့်အနေဖြင့် ဦးခေါင်းညိတ်ပြလိုက်ပြီးလျှင် သူ့ကို ပြန်မေးလိုက်လေသည်။

"မိတ်ဆွေကကော"

"ကျွန်တော်က အမတ်ကြီးရဲ့ ကိုယ်ရံတော်တပ်ဖွဲ့ကပါ"

ပြောပြောဆိုဆို ထိုသူသည် ရှေ့ဆက်လျှောက်သွားမည် လုပ်လေသည်။

"မိတ်ဆွေ ကျုပ်ကို နန်းတော်သွားတဲ့လမ်း ပြောမပြသေးပါလား"

ကျွန်ုပ် သူ့ကိုတားပြီး မေးလိုက်လေသည်။

ကျွန်ုပ် ဦးတည်သွားနေသည့် လမ်းဘက်ကိုပင် သူ ညွှန်ပြလေသည်။ ထို့နောက် ထိုသူသည် တစ်ခဏလေးမျှပင် ဆိုင်းမနေတော့ဘဲ ခပ်သုတ်သုတ် ရှေ့ဆက်လျှောက်သွားလေသည်။

ဤနိုင်ငံက မင်းမှုထမ်းများအား တစ်စုံတစ်ခု ညွှန်ကြားထားပုံရသည်ဆိုသည့် အကြောင်းကိုမူ ကျွန်ုပ် ရိပ်စားမိသွားသည်။ သို့သော်လည်း မည်သို့ ညွှန်ကြားထားသည်ဆိုသည်ကိုမူ မသိပေ။

နန်းတော်ဝင်းတံခါးဝ ရောက်သွားသောအခါ တံခါးမှူးက ကျွန်ုပ်ကို ဖမ်းတားထားသည်။ နန်းတော်၏ ပထမဝင်းတံခါး၌ မည်သူ့ကိုမှ အတားအဆီးအပိတ်အပင်မရှိဆိုသည်ကို ကျွန်ုပ် သိသည်။ ပိသတဘုရင် မင်းကြီးလက်ထက်က ကျွန်ုပ် တစ်ခေါက်ရောက်လာဖူးသည်။ ထိုအချိန်က ယခုလို

mgyoe.com

mgyoe.com


အစီအစဉ်မျိုး မရှိပေ။

"ဘယ်လိုလဲ၊ ဒီတံခါးမှာလည်းပဲ လူတွေကို အတားအဆီး အပိတ်အပင် ရှိသလား"

ကျွန်ုပ် စူးစမ်းလိုက်သည်။

"မရှိပါဘူး"

"နို့...ဘာဖြစ်လို့ ကျုပ်ကို တားဆီးပိတ်ပင်ရသလဲ"

"ခင်ဗျားတော့ ဝင်ခွင့်မရှိဘူး"

ကျွန်ုပ် တအံ့တဩ ဖြစ်သွားသည်။

"ဘယ်သူ့အမိန့်နဲ့ ကျုပ်ကို အခုလို တားဆီးပိတ်ပင်ရတာလဲ"

"အမတ်ကြီးရဲ့ အမိန့်"

"ဘာလဲ၊ ဘုရင်ဒုပဒက ညွှန်ကြားထားလို့လား"

"အဲဒါတော့ ကျုပ် မသိဘူး"

"ကျုပ်ကို တားမြစ်ပိတ်ပင်ဖို့ အမိန့်ပေးထားတဲ့ အမတ်ကြီး ဆိုတာက ဘယ်သူလဲ။ ဒုပဒက ကျုပ် မိတ်ဆွေသူငယ်ချင်း။ ကျုပ်နဲ့ စာသင်ဖက် ဆရာတူတပည့်။ ကျုပ် မသွားလို့ မဖြစ်ဘူး။ သွားကို သွားရမယ်။ ကျုပ်ကို ဘယ်သူတားထားနိုင်သလဲဆိုတာ ကြည့်သေးတာပေါ့။

ကျွန်ုပ် ပြောပြောဆိုဆို စွတ်ခနဲ ဝင်သွားလေသည်။ တံခါးမှူးသည် ကျွန်ုပ်အား အတင်းတားဆီးခြင်းကိုမူ မပြုပေ။

ကျွန်ုပ်သည် လေပွေဖှေ့ယမ်း တိုက်ခတ်လိုက်သကဲ့သို့ နန်းတော် ဝင်းထဲ ဝင်သွားသည်။ ကျွန်ုပ်၏ တဖျတ်ဖျတ်လွင့်နေသော အပေါ်ရုံ အဝတ် အနားစတစ်ဖက်သည် မြေကြီးပေါ် တရွတ်တိုက် လိုက်ပါလာသည်။ ကျန် အနားစတစ်ဖက်မှာမူ ကျွန်ုပ်၏ လက်ရုံးတစ်ဖက်နှင့် ရစ်ပတ်နေပြီး လက်ရုံး ၏ လှုပ်ရှားမှုကို မအောင်မမြင် ပိတ်ပင်တားမြစ်နေသည်။ နန်းဆောင်ထဲမှ တခြားလူများကမူ ကျွန်ုပ်ကို မျက်လုံးပြူးကြည့်နေကြသည်။

ကျွန်ုပ် အတွင်းတံခါးဝ ရောက်သွားသောအခါ တံခါးမှူး၊ တံခါးစောင့် အတော်များများ ဝိုင်းအုံပြီး ကျွန်ုပ်ကို မျက်တောင်မခတ် ကြည့်နေကြသည် ဖြစ်၍ ကျွန်ုပ်၏ ခြေလှမ်းအရှိန်အဟုန်သည် သူ့အလိုလို လျော့သွားလေ သည်။ သို့သော်လည်း ကျွန်ုပ်၏ စိတ်ဓာတ်တက်ကြွမှု အရှိန်အဟုန်ကမူ

mgyoe.com

mgyoe.com

အားနည်းလျော့ပါးမသွားပေ။ တဟုန်းဟုန်း ထတောက်နေသည့် ထောပတ်လောင်စာဆီ ထည့်ထားသော ယမ်မီးအဟုန်ကဲ့သို့ တဟုန်းဟုန်း ထတောက်နေလေသည်။

သို့သော်လည်း ကျွန်ုပ်သည် တန့်ရပ်မသွားပေ။ ရှေ့သို့ တိုးသွားသည်။

"နန်းဆောင်ထဲ ဝင်ခွင့်အလွှာပါလား"

သူတို့အထဲက တစ်ယောက်က ရှေ့တိုးလာပြီးလျှင် ယဉ်ကျေးသိမ်မွေ့စွာပင် ကျွန်ုပ်ကိုတားသည်။

ကျွန်ုပ် ပိုပြီးဒေါသထွက်သွားသည်။

"ဒီမှာ ငါ့ကို နန်းဆောင်ထဲဝင်ခွင့် အလွှာပေးမယ့်လူ ဘယ်သူရှိသလဲ။ အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကို တစ်ဆိတ်လောက် ကြည့်ပါရစေ"

ကျွန်ုပ် စကားမဆုံးခင်ပင် ကျွန်ုပ်၏ရှေ့၌ အမတ်ကြီး ရောက်လာသည်။

"ဘာလုပ်ပေးရမလဲ ပြောပါ။ ခင်ဗျား ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

အမတ်ကြီးက မေးလိုက်လေသည်။

"ငါ မင်းတို့ ဘုရင်မင်းကြီးနဲ့ စာသင်ဖက်ဖြစ်တယ်ဆိုတာ မင်းတို့ မသိဘူးလား"

"ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်"

"စာသင်ဖက်ဖြစ်ရုံ မကဘူး၊ အင်မတန် ချစ်ခင်ရင်းနှီးတဲ့ သူငယ်ချင်းအဖြစ်နဲ့လည်းပဲ အတူနေခဲ့တယ်"

"နေကောင်းနေခဲ့ပါလိမ့်မယ်"

"မင်းတို့ရဲ့ ဘုရင်မင်းကြီးဟာ ငါတို့ သခ်မ်းကျောင်းမှာနေပြီး ငါ့ဖခင်ကြီးဆီမှာ ပညာသင်ကြားဆည်းပူးခဲ့တယ်"

"ဟုတ်ပါလိမ့်မယ်"

အမတ်ကြီးသည် အေးတိအေးစက်နှင့် တုံးတိတိပင် အဖြေပြန်ပေးနေလေသည်။ သူ၏ အေးတိအေးစက်အမူအရာနှင့် တုံးတိတိ အဖြေစကားသည် ကျွန်ုပ်၏ ဒေါသမီးလျှံထဲတွင် ရေပေါက်ရေစက်ကလေးများကို ချပေးနေလေသည်။ ကျွန်ုပ်၏ ဒေါသမီးလျှံသည် ပိုပြီး တောက်လောင်သည်။

ဘာတွေ ဖြစ်ပျက်နေသည်ဆိုသည်ကို ကျွန်ုပ် နားမလည်နိုင်အောင် ဖြစ်နေသည်။

mgyoe.com

"အဲဒါတွေကို ထားပါတော့လေ။ ဘုရင်မင်းကြီးဆီက ခင်ဗျား ဘာအလိုရှိလို့လဲ"

အမတ်ကြီးက တစ်ဖန်မေးလိုက်ပြန်သည်။

"ငါ ဒုပဒနဲ့တွေ့ချင်တယ်"

"အခု ဘုရင်မင်းကြီးနဲ့ တွေ့လို့မရဘူး"

"ဘာဖြစ်လို့လဲ၊ သူ နန်းဆောင်ထဲမှာ မရှိလို့လား"

အမတ်ကြီးက အပြုံးမပျက် ပြောသည်။

"ခင်ဗျားကြည့်ရတာ တော်ပုံတော်ပန်းနဲ့ စကားကို ဘယ်လိုလုပ်ပြောနေတယ် မသိဘူး။ ဒီအချိန်ဟာ နန်းဆောင်ထဲသွားရမယ့် အချိန်လား"

"ဘုရင်မင်းကြီးနဲ့တွေ့လို့မရဘူးဆိုတာ ဘယ်လိုအကြောင်းကြောင့်လဲ"

"ဘုရင်မင်းကြီး နာမကျန်းဖြစ်နေတယ်"

"ဒီလိုဆိုရင် သူနဲ့ ပိုတောင် တွေ့ဖို့ကောင်းသေးတယ်။ မင်းတို့ဘုရင်မင်းကြီး ကျောင်းသားဘဝတုန်းက နေထိုင်မကောင်းဖြစ်တဲ့အခါတိုင်း ငါ့ကို သူ့အနားမှာ ခေါ်ထားတယ်။ တစ်ခါတုန်းက အဂ္ဂိဝေသ ရှင်ရသေ့ရဲ့ သင်္ခမ်းကျောင်းမှာ သူ နေထိုင်မကောင်းဖြစ်နေလို့ တစ်နေ့လုံး၊ တစ်ညလုံး ငါ သူ့အိပ်ရာနားမှာပဲ ထိုင်နေရတယ်"

ကျွန်ုပ်၏ ဒေါသဒီရေသည် အတန်ငယ်ကျသွားလေသည်။

"ဒါပေမဲ့ အခုအချိန်မှာ ဘုရင်မင်းကြီး ဘယ်သူနဲ့မှ တွေ့ချင်တဲ့စိတ်မရှိဘူး"

"ဒေါဏ လာတယ်လို့ သူ့ကို သွားပြောပေးပါ"

အမတ်ကြီး ခဏကြာမျှ ခပ်မဆိတ် ဖြစ်သွားသည်။ ထို့နောက် တစ်ဖန် ကျွန်ုပ်ထံမှ မျက်နှာလွှဲသွားပြီးလျှင် ပြောလိုက်ပြန်လေသည်။

"ဆရာဒေါဏနဲ့လည်း ဘုရင်မင်းကြီး တွေ့ချင်စိတ်မရှိဘူး"

"ငါလာတယ်ဆိုတာ သူ သိနေလို့လား"

"သိနေလို့ ဖြစ်မှာပေါ့"

ဒဏ်ရာရသွားသော မြွေကဲ့သို့ ကျွန်ုပ်၏ဒေါသမီးလျှံသည် ရှူးခနဲ ပါးပျဉ်းထောင်လာသည်။

"ငါလာတယ်ဆိုတာ သူ သိနေသလား။ ငါလာတယ်ဆိုတာ တကယ့်

mgyoe.com


ကို သူသိနေသလား"

ကျွန်ုပ်သည် အံ့ကြိတ်ပြီး တဂျုးဂျုး တရှဲရှဲ ဖြစ်နေသည်။ ကျွန်ုပ် ယုံရအခက် ဖြစ်သွားသည်။

"ငါလာတယ်ဆိုတဲ့ သတင်းရထားပါလျက်နဲ့ ငါနဲ့ မတွေ့ချင်ဘူး ဟုတ်လား။ အဲဒါ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး"

သို့သော်လည်း မဖြစ်နိုင်သည့်အရာ ဖြစ်လာလေသည်။ ကျွန်ုပ် မိမိကိုယ်ကို မထိန်းချုပ်နိုင်တော့ပေ။ ကပ်လျက်ခန်းဆောင်ထဲ၌ပင် ဒုပဒ ရှိနေသည်ဆိုသည့်အကြောင်းကို ခန်းဆောင်ထဲမှ လှုပ်ရှားသွားလာသည့် ခြေသံအရ ကျွန်ုပ် သိရှိသွားသည်။ ကျွန်ုပ်၏ မာန်မာနသည် ဒဏ်ရာရ သော ခြင်္သေ့ကဲ့သို့ ဟုန်းခနဲ ထလာသည်။ ကျွန်ုပ် ခန်းဆောင်ထဲ ဇွတ်ဝင် သွားသည်။ မည်သူမှ ကျွန်ုပ်ကို မတားရဲကြ။

ခန်းဆောင်ထဲ ရောက်သွားသောအခါ ပလ္လင်ညောင်စောင်းတစ်ခု ပေါ်၌ ဒုပဒ အမြိန့်သားထိုင်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်ကို တွေ့သည် နှင့် တစ်ပြိုင်နက် သူ မျက်နှာလွှဲသွားသည်။ ကျွန်ုပ်၏ အတွင်းသဏ္ဌာန်၌ အဟုန်ပြင်းသော မီးလျှံတစ်ခု ဟုန်းခနဲထတောက်သည်။ ကျွန်ုပ် လောင်ကျွမ်း လုနီးပါး ဖြစ်သွားသည်။

"မင်း ငါ့ကို မှတ်မိလား"

ကျွန်ုပ်က စတင်မေးလိုက်သည်။

သူ ဘာမှ ပြန်မပြောပေ။

"သင်မင်းကြီး ကျုပ်ကို မှတ်မိလား"

"ဩော်...အင်း...တစ်နေရာရာမှာ တွေ့ဖူးသလိုပဲ"

ဤတစ်ကြိမ်တွင်မူ သူ့ထံမှ စကားပြန်ရသည်။

"ဘာပြောတယ်။ တစ်နေရာရာမှာ တွေ့ဖူးသလိုလိုပဲ ဟုတ်လား"

ဒေါသအမျက်ထွက်နေသော နွားသိုးကဲ့သို့ ကျွန်ုပ် ဝုန်းခနဲ ဖြစ်သွားသည်။

"ငါ မင်းမိတ်ဆွေ သူငယ်ချင်းဆိုတာ မင်း မသိဘူးလား"

ဟား...ဟား...ဟားနှင့် သူ ရယ်လိုက်လေသည်။

"မိတ်ဆွေသူငယ်ချင်း ဟုတ်လား။ မင်းနဲ့ငါ ဘယ်လို မိတ်ဆွေ သူငယ်ချင်း ဖြစ်နိုင်ပါ့မလဲ၊ ဘုရင်နဲ့ သူတောင်းစားမိတ်ဆွေ ဖြစ်ရတယ်

mgyoe.com

mgyoe.com


လို့၊ ကျားသားမိုးကြိုး"

"ဘယ်လိုပြောတာလဲ ဒုပဒ"

"ငါ အမှန်ပြောတာ ဒေါဏ။ မင်း နကန်းတစ်လုံးမှ မသိတဲ့ လူ တစ်ယောက်ဖြစ်သွားပြီ။ ဒါလောက်ကလေးမှ နားမလည်ဘူးလား။ မိတ်ဆွေ သူငယ်ချင်း ဘ၀ဆိုတာ အသက်အရွယ်နဲ့အတူပဲ ဟောင်းနွမ်းသွားတယ်။ အရောင်မှိန်သွားတယ်။ ပြီးတော့ ပျက်ပြယ်သွားတယ်။ တစ်ခါတုန်းက မင်းနဲ့ငါ မိတ်ဆွေသူငယ်ချင်း ဖြစ်ခဲ့ပေမဲ့ အခုအချိန် သမယမှာတော့ လေ ဒဏ်မိုးဒဏ်ထဲမှာ မင်းရဲ့ မိတ်ဆွေသူငယ်ချင်းဘ၀ဟာ လွင့်သွားပြီ"

"ငါ့မိတ်ဆွေသူငယ်ချင်းဘ၀ လွင့်သွားတာမဟုတ်ဘူး၊ မင်းရဲ့ စဉ်းစား ဆင်ခြင်ဉာဏ် လွင့်သွားတာ။ အဲဒါလည်း အချိန်သမယ လေဒဏ် မိုးဒဏ် ထဲမှာ မဟုတ်ဘူး။ မင်းရဲ့ ရာဇမာန် မိုးဒဏ်လေဒဏ်ထဲမှာ လွင့်သွားတာ။ အသားဝါရောဂါ ဖြစ်ပွားနေတဲ့ လူတစ်ယောက်ဟာ ကမ္ဘာလောကတစ်ခုလုံး ကို အဝါရောင်ချည်း တွေ့မြင်နေရသလိုပဲ မင်း နကန်း တစ်လုံးမှမသိတဲ့ အတွက် တခြားလူတွေကိုလည်း နကန်းတစ်လုံးမှ မသိဘူးလို့ပဲ မြင်နေတယ်"

"ဟုတ်ပါလိမ့်မယ်" ဒုပဒက သရော်ပြုံးဖြင့် ကြားဖြတ် ပြောလိုက်လေ သည်။

"ဆင်းရဲသား လက်လုပ်လက်စားတစ်ယောက်က ဘုရင်ကို သူ့မိတ်ဆွေ သူငယ်ချင်းလို့ မှတ်တယ်ဆိုရင် အဲဒီလူမျိုးကို နကန်းတစ်လုံး မသိတဲ့ လူ့ငနွား လို့ မထင်ရင် ဘယ်လိုလူမျိုးလို့ ထင်ရမှာလဲ"

"မင်းက တခြားလူတွေကို လူ့ငနွားလို့ ထင်မှာပေါ့ ဒုပဒ။ ရာဇမာန်က မင်း အသိဉာဏ်ကို ဖျက်ဆီးပစ်လိုက်တာကိုး။ မင်း ဘယ်သူနဲ့ ဘယ်လို စကားတွေပြောနေတယ်ဆိုတာ မင်း စဉ်းစားမိရဲ့လား။ မင်းဟာ ကိုယ်ပြော ခဲ့တဲ့ စကားကိုလည်း သတိမရဘူး။ ငါ့ဖခင်ရဲ့ တပည့်ဆိုတာကိုလည်း မင်း မသိကျိုးကျွန် ပြုနေတယ်။ မေ့ထားတယ်"

"မေ့ထားထိုက်လို့ မေ့တာဖြစ်မှာပေါ့"

ဒုပဒက အရေးမကြီးသည့်ပုံမျိုးဖြင့် ပြန်ပြောလေသည်။

"အခုတော့ မေ့ထားထိုက်သလိုပြောတယ်။ ဟိုတုန်းကတော့ ငါ့ ခြေသလုံးဖက်ပြီး သူငယ်ချင်းရယ် ငါ စာမရသေးလို့ မင်း ရထားပြီးဖြစ်တဲ့

mgyoe.com

mgyoe.com


စာကို နှစ်ခေါက်၊ သုံးခေါက်လောက် ငါ့ကို ရွတ်ပြပါလားလို့ မင်း ငါ့ကို ရှိခိုးဦးတင် ခစယယ တောင်းပန်တယ်။ ငါ ဒုက္ခတွေ့နေတဲ့အချိန်မှာ သူငယ်ချင်း ငါ့ကို အကူအညီပေးတယ်။ သူငယ်ချင်း ဒုက္ခရောက်တဲ့အခါ ကျရင်လည်း သူငယ်ချင်းကို ငါ အကူအညီပေးပါ့မယ်လို့ မင်းပြောထားတဲ့ ကတိစကားကို မင်း အခု မေ့သွားပြီလား"

"ဒုက္ခရောက်တဲ့အချိန်မှာ အကူအညီပေးမယ်ဆိုတဲ့စကားကို ပြောချင် ပြောခဲ့ပါလိမ့်မယ်။ ဒါပေမဲ့ မိတ်ဆွေသူငယ်ချင်းအဖြစ်နဲ့ နေသွားကြ ရအောင်လို့တော့ ပြောခဲ့မှာ မဟုတ်ပါဘူး။ တကယ်လို့ မင်း ဒုက္ခရောက် နေတဲ့အတွက် ကြေးငွေခန အနည်းအကျဉ်း တောင်းရမ်းဖို့လာတယ်ဆိုရင် တော့ တောင်းလေ။ လက်ဖြန့်ခံတောင်းရမ်းဖို့အတွက် မိတ်ဆွေသူငယ်ချင်း ပြဇာတ်ခင်းနေဖို့ မလိုပါဘူး။ မင်း ကိုယ့်ချို့တဲ့မှုကို အကြောင်းပြပြီး ဘယ်သူ့ ဆီကဖြစ်ဖြစ်တောင်းနိုင်တယ်။ တောင်းပါ။ ရွှေဒင်္ဂါး ဘယ်လောက် လိုချင် သလဲ"

ဒုပဒသည် တစ်ကြိမ် ရယ်လိုက်ပြန်သည်။ ခပ်ဆန်းဆန်း အရယ်မျိုးဖြင့် ရယ်နေလေသည်။

ထိုခန်းဆောင်၏ ထီးဟန်နန်းဟန် တော်ဝင်လေးနက်မှုကို လှုပ်ခါသွား စေသည့် ဒုပဒ၏ရယ်သံသည် ကျွန်ုပ်၏ ထိန်းချုပ်မှုကိုလည်း အမြစ် ဖြုတ်ပစ် လိုက်လေသည်။ ကျွန်ုပ်၏ ခန္တီတရားသည် မြေခွက်ကွဲသို့ အစိတ်စိတ် အမြွာမြွာကွဲပြီး ပြန့်ကျဲသွားသည်။ ကျွန်ုပ်၏မာနသည် ခေါင်းထောင် ထလာလေသည်။

"ငါ တောင်းရမ်းဖို့လာတာ မဟုတ်ဘူး။ မိတ်ဆွေသူငယ်ချင်း တစ်ယောက်နဲ့တွေ့ချင်လို့ လာတာ။ အဲဒီ မိတ်ဆွေသူငယ်ချင်းရဲ့ မိတ်ဆွေ သူငယ်ချင်းစိတ်ကို သူ့ရာဇမာန်က လည်မျိုညှစ်သတ်လိုက်ပြီ။ အခု ငါ့ အနေနဲ့ သူ့ရာဇမာန်ကို လည်မျိုညှစ်သတ်ပစ်ရလိမ့်မယ်။ မင်းရဲ့အစဉ်းစား အဆင်ခြင်ဉာဏ်ဟာ အကန်းဖြစ်သွားပြီ။ မင်းရဲ့ အဆင်ခြင်ဉာဏ်မျက်လုံးကို ဖွင့်ပေးရလိမ့်မယ်။ ငါမဖွင့်ဘဲမနေဘူးဆိုတာ မင်း စိတ်ချထား။ အဲဒီလို မလုပ်နိုင်ဘူးဆိုရင် ငါ ဘာရဒွါဇရဲ့သား မဟုတ်ဘူးလို့ဘဲ မှတ်လိုက်ပေတော့"

ကျွန်ုပ်သည် ဒေါသထွက်လွန်းမက ထွက်နေသဖြင့် တုန်ခါနေသည်။

mgyoe.com

mgyoe.com


သူကမူ အရယ်မပျက်ပေ။ ကျွန်ုပ် မခံချင်အောင် ရယ်မြဲ ရယ်နေသည်။

ကျွန်ုပ်၏ မာန်မာနသည် ပါးပျဉ်းထောင်ထလာသည်။ တရှူးရှူး တရှဲရှဲ ဖြစ်နေသည်။

"မင်းက ရာဇဂုဏ်မောက်နေတယ်။ အခု မင်း ခံစားစံစားနေရတဲ့ ထီးနန်းစည်းစိမ်ဟာ မင်းပိုင်မဟုတ်ဘူး။ အရိုက်အရာခံ အမွေခံအဖြစ်နဲ့ ရရှိထားတဲ့ စည်းစိမ်သာဖြစ်တယ်။ မင်းက ပိသတရဲ့သားဖြစ်ပြီး ငါက ဘာရဒွါဇရဲ့သားဖြစ်တာဟာ၊ မင်းက ထီးနန်းမှာ ကြီးပြင်းပြီး ငါက တဲကုတ်တဲစုတ်မှာ ကြီးပြင်းရတာဟာ အကြောင်းတိုက်ဆိုင်မှုတစ်ခု သာဖြစ်တယ်။ မင်းက လောကီစည်းစိမ်ဥစ္စာဓနကို လိုလားတပ်မက်တယ်။ ငါက စိတ်ပိုင်းဆိုင်ရာ ဥစ္စာဓနကို လိုလားတပ်မက်တယ်။ အဲဒီ ကွာဟချက်နဲ့ ကြီးကျယ်နေရသလား။ ကြည့်ပါ။ မင်းရဲ့ ကြီးကျယ်မှုကို မှုန့်မှုန့်ညက်ညက် ကြေသွားအောင်မလုပ်ဘဲ ငါမနေဘူး"

ထိတ်လန့်ကြောက်ရွံ့ဖွယ် ဒေါသံကြောင့် ခြစ်ခြစ်တောက်နေသော ကျွန်ုပ်၏အမူအရာကို တွေ့ရသည်ဖြစ်၍ ဒုပဒသည် အတန်ငယ် ရွံ့သလိုလို ဖြစ်သွားလေသည်။

"ခင်ဗျား အဓိပ္ပာယ်မရှိတဲ့စကားတွေကို လာပြောနေတယ်။ ခင်ဗျားဟာ ဗြာဟ္မဏပဲ။ ဗြာဟ္မဏဆိုတာ ကျုပ်တို့အတွက် အလေးအမြတ်ပြုသင့်ပြုထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ခင်ဗျား အလိုရှိတဲ့အရာကို တောင်းပါလား၊ ကျုပ် ပေးဖို့ ဝန်မလေးပါဘူး"

"တောင်းဖို့ရမ်းဖို့လာတာ မဟုတ်ဘူးလို့ ငါ ပြောပြီးပြီ။ သူငယ်ချင်းမိတ်ဆွေတစ်ယောက် တွေ့ဖို့ ငါလာတာ။ မြွေနဂါးဆီက ပတ္တမြားကို လုယူတဲ့အတွက် အကျိုးဆက် ဘယ်လိုဖြစ်ရတယ်ဆိုတာ မင်း မသိဘဲမနေဘူး။ ဗြာဟ္မဏကို စော်ကားတဲ့အတွက် ဘယ်လို အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာသလဲဆိုတာကိုလည်း မင်း မကြာခင် သိရလိမ့်မယ်"

ယင်းသို့ပြောပြီးလျှင် ကျွန်ုပ်သည် လျှပ်စီးအဟုန်ဖြင့် အပြင်ဘက်ထွက်လာခဲ့လေသည်။ မှူးမတ်များနှင့် အတူတကွ အမတ်ကြီးသည် ကျွန်ုပ်ကို ငေးကြည့်ကျန်ခဲ့သည်။ တံခါးမှူးသည် မဝံ့မရဲနှင့် လမ်းရှဲပေးလိုက်လေသည်။ အမျက်ထန်ပြင်းပြီး ပါးပျဉ်းထောင်နေသော မြွေနဂါးကို မည်သူ

mgyoe.com

mgyoe.com


ဟန့်တားရဲမည်နည်း။

ကျွန်ုပ်၏ တစ်သက်တာ၌ ယခုလို တစ်ခါမှ အစော်ကား မခံရဖူးပေ။ ယခုလို အစော်ကားခံရလိမ့်မည်ဟူ၍လည်း ကျွန်ုပ် လုံးဝ မျှော်လင့်မထား ပေ။ ကျွန်ုပ် အမြိုက်သုတဟူ၍ ထင်မှတ်ယူဆထားသည့်အရာမှ အဆိပ် ထွက်လာသည်။ ကျွန်ုပ်တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်နေသည်။

စကြဝဠာတစ်တိုက်လုံး ကျွန်ုပ် မျက်မှောက်၌ ချားရဟတ်ပမာ ချာချာ လည်နေသလို ဖြစ်နေလေသည်။ လျင်မြန်သွက်လက်သော အဟုန်ဖြင့် ကျွန်ုပ် မြို့ထဲထွက်လာသည်။ ကျွန်ုပ်ကို မြင်ရသူမှန်သမျှသည် အစော်ကား ခံရသော ဗြာဟ္မဏတစ်ယောက် လမ်းပေါ်လျှောက်နေသည်ဟူ၍ ထင်မှတ် နေကြသည်။

မည်သူမျှ စကားတစ်ခွန်း မပြောကြ။ သို့ရာတွင် "ယခုလို ဖြစ်ရ ခြင်းသည် ကောင်းသည့်လက္ခဏာ မဟုတ်။ ကြွေကျလာသော ကြယ်တံခွန် သည် ပဉ္စာလတိုင်းပြည်ပေါ် မိုးကြိုးသွားအဖြစ်နှင့် ကျလာ လိမ့်မည်"ဟု သူတို့ တွက်ဆနေကြသည်ဆိုသည်ကိုမူ ကျွန်ုပ် ရိပ်စားမိလေသည်။

* * *

ကျွန်ုပ် အိမ်ပြန်ရောက်တော့ ဆည်းဆာသည် သူ၏ အရောင်အသွေးစုံ တောင်ပံကို ပြန်ရုပ်ပြီးနေပြီ။

တံခါးပိတ်ထားသည်။ အပြင်ဘက်၌ ချထားသော ညောင်စောင်း ပေါ်၌ ကျွန်ုပ်လှဲချလိုက်သည်။ ကရိပီ တစ်နေရာသွားနေပုံရသည်။ ကျွန်ုပ်၏ မျက်စိရှေ့၌ ဒုပဒ၏ ရာဇဂုဏ်မောက်နေသော မျက်နှာသည်သာလျှင် ကနေ သည်။

လူသူတိတ်ဆိတ်သည့် မှောင်ရိပ်ထဲတွင် ကျွန်ုပ်၏ ကလဲ့စား ပြန်ချေ လိုသည့်စိတ်ဓာတ်သည် တက်ကြွ အားကောင်းလာသည်။ ကျွန်ုပ် အလေး အနက် အကြံညာဏ်ထုတ်နေသည်။ နှုတ်မှလည်း ဗျစ်တောက် ဗျစ်တောက် ပြောနေသည်။

လူသည် မျက်မှောက်လောက၌ လုပ်၍မရသောအရာကို အိပ်မက် ထဲတွင် လုပ်လေ့ရှိသည်။ ကျွန်ုပ်သည် နေ့ခင်းအိပ်မက် မက်နေသည်။

mgyoe.com

mgyoe.com

ကျွန်ုပ်၏ ဒဏ်ရာရနေသော မာန်မာနသည် စစ်တပ်တစ်တပ်ကို တည်ထောင်လိုက်လေသည်။ ထိုစစ်တပ်သည် ပဋ္ဌာလတိုင်းပြည်ကို ဝင်ရောက်တိုက်ခိုက်ပြီးလျှင် ဒုပဒ၏ ရာဇမာန်ကို မှုန်မှုန်ညက်ညက် ချေပစ်လိုက်လေသည်။

စိတ်ကူးယဉ်လောကထဲ၌ ကျွန်ုပ်၏ အကြံအစည်သည် ရဲစိတ်ရဲမာန်အပြည့် ဖြစ်နေသည်။ ကျွန်ုပ်၏နှုတ်မှ ဗျစ်တောက်ဗျစ်တောက် စကားပြောသံ ထွက်ပေါ်နေသည်။ တစ်ခါတစ်ခါလည်း ဟားခနဲ ရယ်လိုက်လေသည်။ မြေကြီးကို ခြေနှင့်ဆောင့်လိုက်သည့်အခါလည်း ရှိသည်။ ကရိပီဘယ်အချိန်က ပြန်ရောက်နေသည်ဆိုသည်ကိုပင် ကျွန်ုပ် မသိပေ။ ကျွန်ုပ်ကို မတုန်မလှုပ်ကြည့်နေသည်။ ကျွန်ုပ်ပြောသည့်စကားကို နားထောင်နေသည်။

ကျွန်ုပ်အနီးသို့ အဿထ ပြေးလာမှ ကျွန်ုပ်၏ အိပ်မက်ပျက်သွားလေသည်။ ထိုအခါကျမှပင် ရှေ့တွင် ကရိပီရပ်နေသည်ကို ကျွန်ုပ် သတိပြုမိလေသည်။ ကျွန်ုပ် ဘယ်လိုခံစားနေသည်ဆိုသည်ကို သူ ရိပ်စားမိသွားပြီဟူ၍ ကျွန်ုပ် သိရှိနားလည်သွားသည်။ သူ ဘာမှ မပြောပေ။

အလွန်တရာ ချစ်ကြည်လေးစားသောအသံဖြင့် သူက မေးလိုက်သည်။

"နေလို့ ကောင်းရဲ့လား"

"ကောင်းပါတယ်"

ယင်းသို့ တစ်ခွန်းမျှသာပြောပြီး ကျွန်ုပ် နှုတ်ပိတ်နေလိုက်သည်။ ထိုအခါ သူသည် အလိုက်သိစွာဖြင့် ဘာမှ ဆက်မမေးတော့ဘဲ ကျွန်ုပ် ရှေ့မှ တိတ်တဆိတ် ထွက်သွားလေသည်။

ညဉ့်အိပ်ချိန်၌ ကရိပီသည် ကျွန်ုပ်၏အနီးသို့ တစ်ဖန် ကပ်လာ ပြန်သည်။ "ဒါလောက် ကြောင့်ကြပူပန်နေစရာ မလိုပါဘူး။ ကလေး နို့မသောက်ရကော ဘာဖြစ်မှာမို့လို့လဲ"

ကျွန်ုပ် ဘာမှ မပြောပေ။ ကျွန်ုပ်၏ မျက်လုံးသည် အိမ်ခေါင်မိုးအပေါက်မှဖြတ်လျက် အာကာသကောင်းကင်ပြင်၌ တစ်စုံတစ်ခုကို ရှာဖွေနေသည်။ ကျွန်ုပ်သည် တစ်စုံတစ်ခုပြောနိုင်သည့် အခြေအနေတွင်မရှိဘဲ ဖြစ်နေသည်။ ကရိပီသည် ကျွန်ုပ်၏ဦးခေါင်းကို ကြင်နာစွာ ပွတ်သပ်ပြီး

mgyoe.com

mgyoe.com
အနီးတွင် ထိုင်နေလေသည်။

"ကျုပ် နက်ဖြန်ခါ ဟတ္တိနာပူရကိုသွားမယ် စိတ်ကူးတယ်" ကျွန်ုပ်က ပြောလိုက်လေသည်။

"ဘာဖြစ်လို့ ဒါလောက်အရေးကြီးနေရသလဲ။ အခုပဲ ခရီးအဝေးကြီးက ပြန်လာတယ်။ နှစ်ရက်၊ သုံးရက်လောက် နားနားနေနေ အိမ်မှာ အပန်းဖြေပါဦးလား"

"ဘယ်မှာ အပန်းဖြေလို့ ရမှာလဲ ကရိပီ။ ဒီအယုတ်တမာကောင်ကို ကလဲ့စား ပြန်မချေရမချင်း ကျုပ် နေလို့ဖြောင့်မှာ မဟုတ်ဘူး"

ယင်းသို့ပြောပြီးလျှင် ကျွန်ုပ် တစ်ဖက်စောင်းအိပ်လိုက်လေသည်။ ကျွန်ုပ်စိတ် ဂနာမငြိမ်ဖြစ်နေပုံကို သူ သိသွားသည်။ ကျွန်ုပ်၏ဦးခေါင်းကို ညင်ညင်သာသာ ပွတ်သပ်ပေးနေသည်။ ကျွန်ုပ် အိပ်ပျော်သွားအောင် သူ ကြိုးစားနေခြင်း ဖြစ်သည်။

သို့သော်လည်း ကျွန်ုပ် အိပ်မပျော်ပေ။ ညဥ့်၏ ပျို့ရွယ်မှုသည် တက်ကြွလာလေသည်။ ကရိပီ အိပ်ငိုက်နေပြီးလျှင် သူ၏ဦးခေါင်းသည် ကျွန်ုပ်၏ ရင်ဘတ်ပေါ် ငိုက်ကျလာလေသည်။ ထိုနောက်တစ်ဖန် ချက်ချင်း ပြန်သတိရသွားပြီးလျှင် ကျွန်ုပ်၏ဦးခေါင်းကို ပွတ်သပ်မြဲ ပွတ်သပ်နေပြန်သည်။

"သွားအိပ်ချည်လေ" ကျွန်ုပ် သူ့ကိုပြောလိုက်လေသည်။

"ရှင်ကတော့ ဘာဖြစ်လို့ မအိပ်သေးသလဲ"

"ကျုပ်အိပ်တာ၊ မအိပ်တာ မင်းနဲ့ ဘာဆိုင်လို့လဲ" ကျွန်ုပ်၏ အသံသည် ရုတ်တရက် ခပ်မာမာဖြစ်သွားသည်။

"ရှင် အိပ်ပြီးမှပဲ ကျွန်မ အိပ်မယ်"

"ကျုပ် မအိပ်ဘူး၊ နိုးနေမယ်၊ မျက်လုံးဖွင့်ထားမယ်။ ဒီလူ ယုတ်မာရဲ့ မာန်မာနကို ချေမှုန်းမပစ်ရမချင်း ကျုပ် မအိပ်ဘူး၊ မျက်လုံး ဖွင့်ထားမယ်"

"ရှင် ဘယ်လို ခံစားနေရတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ဒါပေမဲ့ ဒါလောက် စိတ်သောကရောက်နေလို့ ဘာအကျိုးကျေးဇူးထူးမှာလဲ။ ဘုရားသခင် စီမံဖန်တီးတာ အားလုံး အကောင်းချည်းပဲလို့ သဘောထားလိုက်ပါလား"
mgyoe.com

mgyoe.com


"ဟင့်အင်း…မထားနိုင်ဘူး၊ လုံး၀ မထားနိုင်ဘူး။ ဘုရားသခင် စီမံဖန်တီးတာဟူသမျှ အားလုံး အကောင်းချည်းမဟုတ်ဘူး။ ဘုရားသခင် စီမံဖန်တီးတာဟူသမျှ အားလုံး အကောင်းချည်းပဲလို့ဆိုရင် ကျုပ် ဥစ္စာခနေ ချို့တဲ့မနေဘူး။ ကျုပ်သားလည်းပဲ နို့အတွက် နားပူနားဆာ လုပ်မနေရဘူး။ ဟိုလူယုတ်မာ ဒုပဒလည်း ထီးနန်းစည်းစိမ် ခံစားစံစားမနေရဘူး။ ဘုရားသခင်ကောင်းတာကို မပြုလုပ် မဖန်တီးတာဟာ စိတ်မချမ်းမသာ ဖြစ်စရာ အကောင်းဆုံးပဲ ကရိုပီ"

ပြောရင်းပြောရင်း ကျွန်ုပ်အသံကွဲအက်လာသည်။ မျက်လုံးကျိန်းစပ်လာသည်။ ကရိုပီလည်း အလွန်တရာ စိတ်မချမ်းမသာ ဖြစ်နေမည်ဟူ၍ ကျွန်ုပ် ခန့်မှန်း၍ရသည်။ သို့သော်လည်း သူ့ကိုယ်သူ ထိန်းချုပ်ထားသည်။

"ဒါလောက် စိတ်ဆင်းရဲနေလို့ ကျေးဇူးမများပါဘူး။ ကလဲ့စားချေလိုတဲ့မီးဟာ မိမိအတွင်းသန္တာန်က ပေါ်လာတာဖြစ်ပြီး မိမိကိုယ်ကိုပဲ လောင်ကျွမ်းသွားအောင် လုပ်တယ်။ ထိန်းထိန်းသိမ်းသိမ်း အလုပ်လုပ်စေချင်ပါတယ်။ ကျုပ်တို့ရဲ့ ဥစ္စာစည်းစိမ်ဟာ ကျုပ်တို့ ရောင့်ရဲတင်းတိမ်ခြင်းဖြစ်တယ်။ ကျုပ်တို့ရဲ့ အတတ်ပညာဖြစ်တယ်။ ကျုပ်တို့ရဲ့ စွန့်လွှတ်ခြင်းဖြစ်တယ်လို့ ရှင်ပဲ ပြောခဲ့တယ် မဟုတ်လား"

"ဒါပေမဲ့ ကျုပ်ပြောခဲ့တာ မမှန်ဘူး။ ကျုပ်စကားဟာ အလိမ်အညာသာ ဖြစ်တယ်။ ကိုယ့်ကလေးကို နို့မတိုက်နိုင်တဲ့ တင်းတိမ်ရောင့်ရဲခြင်းဆိုတာ ဘာသွားအသုံးကျမှာလဲ။ ဒုပဒရဲ့ရှေ့မှာ အစော်ကားခံရအောင်လုပ်တဲ့ အတတ်ပညာမျိုးတတ်ထားလို့ ဘာအကျိုးကျေးဇူး ရှိမှာလဲ"

"အဲဒီလိုဆိုရင် ရှင် ကိုယ့်ဟာကိုယ် စိတ်ဆင်းရဲနေတာကလွဲပြီး တခြား ဘာလုပ်မှာလဲ"

"ကျုပ် လုပ်နိုင်တယ်။ အများကြီး လုပ်နိုင်တယ်။ ဟတ္ထိနာပူရကို သွားမယ်။ အခစားလုပ်မယ်။ အင်အားစုမယ်"

"ဘာပြောတယ်။ အခစားလုပ်မယ် ဟုတ်လား။ သခ်မ်းကျောင်း တစ်ကျောင်းကို စီမံအုပ်ချုပ်သူ တစ်ယောက်အနေနဲ့ ရှင် ကိုယ့်အတတ်ပညာကို ရောင်းစားမလို့လား" ကရိုပီက တအံ့တသြ ပြောလိုက်လေသည်။

"အတတ်ပညာကိုသာ ရောင်းစားမှာမဟုတ်ဘူး။ ဘာလုပ်ရလုပ်ရ

mgyoe.com

mgyoe.com

အကုန်လုံး လုပ်မှာပဲ" ကျွန်ုပ် စိတ်ပေါက်ပေါက်နှင့် ပြောလိုက်လေသည်။

ဒုပဒ၏ ကျေးဇူးကန်းခြင်းက မွေးပေးလိုက်သော ကျွန်ုပ်၏အတွင်းသန္တာန်ထဲက မီးလျှံသည် တော်တော်နှင့် ငြိမ်းမည်မဟုတ်သည်ကို ကရိပီကောင်းကောင်း နားလည်သွားသည်။ မျက်နှာချိုသွေးပြီးလျှင် အလွန်တရာ နူးညံ့သိမ်မွေ့စွာဖြင့် ပြောလေသည်။

"အဲဒီလိုဆိုရင် နက်ဖြန်ကျမှ သွားမှာမဟုတ်လား။ နက်ဖြန်ကျတော့ ရှင့်သဘောအတိုင်းသွားပေါ့။ အခု အိပ်ရေးဝအောင် အိပ်လိုက်ပါဦး။ ကျွန်မ ချစ်တဲ့ ဒေါဏက သိပ်လိမ္မာတာပဲ။ အိပ်နော်၊ အိပ်လိုက်" သူ၏ အချစ်ပြည့်လျှမ်းနေသော အထိအတွေ့သည် ကျွန်ုပ် အိပ်ပျော်သွားအောင်လုပ်ရာ၌ အောင်မြင်မှု မရရှိပေ။ သို့သော်လည်း ကျွန်ုပ်ကို သိပ်ရင်းသိပ်ရင်း သူကိုယ်တိုင် ကျွန်ုပ်ဘေးတွင် အိပ်ပျော်သွားလေသည်။

အိမ်အမိုးပေါ် အရိပ်ထိုးနေသော တမာကိုင်းပေါ် နားနေသည့် တစ်တီတူးငှက်တစ်ကောင် အော်မြည်သည့်အသံကို ကြားနေရသည်။

❑

mgyoe.com

mgyoe.com

# [ ၄ ]

ဟတ္တိနာပူရသို့ ကျွန်ုပ် ရောက်လာသည်။ သို့ရာတွင် ကရိပါသည် ကျွန်ုပ်ကိုတွေ့ရသည့်အတွက် ဝမ်းသာအားရ ဖြစ်ပုံမရပေ။ ကျွန်ုပ်ကို အပြင်ပန်း၌ တလေးတစား ဆက်ဆံသော်လည်း အတွင်းမနော၌မူ စိတ်မကောင်းဖြစ်နေပုံရသည်။ သူ၏ယောက်ဖ အခြေမလှ အနေမလှ ဟတ္တိနာပူရ ရောက်လာသည်ကို သူ လိုလားပုံမရဟုပင် ကျွန်ုပ်ထင်သည်။

သတိပြုဖွယ် နောက်အချက်တစ်ချက်မှာ ကျွန်ုပ်တို့နှစ်ဦးတွင် မူဝါဒ ကွဲပြားခြားနားမှုရှိနေသည်။ သူက သူ၏အတတ်ပညာကို မင်းမျိုးမင်းနွယ်၏လက်ထဲ ကျေကျေနပ်နပ် ရောင်းစားသည်။ ယင်းအချက်ကို ကျွန်ုပ်မနှစ်သက်ပေ။ ယင်းသို့ ကိုယ့်အတတ်ပညာကို ရောင်းသည့်အတွက် သူ ဂါရဝအပြုခံနေရသူတစ်ယောက် ဖြစ်နေသည်။ အားလုံး၏နှုတ်ဖျား၌ "ဆရာကရိပါ၊ ဆရာကရိပါ"နှင့် ဖြစ်နေသည်။ သူ့သြဇာ အတော်ကြီးမားနေသည်။

ကျွန်ုပ်ကမူ အတတ်ပညာမပေးခင် အတတ်ပညာယူသူ၏ လက္ခဏာကို အသေအချာ လေ့လာအကဲခတ်သူများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ကျွန်ုပ်သည် ယခုထက်ထိ မထိုက်တန်သူအား အတတ်ပညာပေးသည့်အထဲက မဟုတ်ပေ။ ငွေကြေးမျက်နှာကိုကြည့်ပြီး ဒုပဒလို မထိုက်တန်သူအား အတတ်ပညာ ပေးမိသဖြင့် ကျွန်ုပ်၏ အဂ္ဂိဝေသ ရသေ့ကြီးသည်

mgyoe.com

အမှားကြီးမှားခဲ့သည်။ ယင်းအမှားမျိုးကို ကျွန်ုပ် မကျူးလွန်လိုပေ။

ကရိပါ၏ဘဝ၌မူ ငွေကြေးမှနေသည် အဓိကဖြစ်နေသည်။ လူကို မကြည့်ဘဲ ဥစ္စာနေကိုကြည့်ပြီး အတတ်ပညာကို ရောင်းသည်။ ယင်းဝါဒမှာ ကျွန်ုပ်နှင့်သူ ဆုံးစည်းပေါင်းစပ်၍ မရသည့်အချက်ဖြစ်သည်။

ကျွန်ုပ် မှားနေသည့်အချက်ကို ကျွန်ုပ်၏ ခါးသည်းသော အတွေ့ အကြုံများက ပြောပြနေကြသည်။ ငွေကြေးကို အဓိကထားသော ဤခေတ် ဤအခါကြီး၌ စံနမူနာ မူဝါဒသဘောကို တွေးတောကြံဆနေခြင်းသည် ရေကို ရေနှင့်ဆေးကြောဖို့ ကြိုးစားအားထုတ်နေခြင်းသာ ဖြစ်သည်။

ကျွန်ုပ်သည် ကရိပါအား ကျွန်ုပ် အကြံအစည်ကိုလည်းကောင်း၊ ကျွန်ုပ်တွေ့ကြုံရသည့် အခက်အခဲ အကျပ်အတည်းကိုလည်းကောင်း ပြောပြလိုက်သည်။ သူ၏အပြုံးမှာ သရော်ပြုံး ဖြစ်သည်။ သူ၏ ထူးခြားသော အမူအရာသည် "ကျွန်ုပ် အခု ဒီလိုလုပ်ဖို့မလိုတော့ဘူး။ ကျွန်ုပ် ဘယ်သူ့ ကိုဖြစ်ဖြစ် ကိုယ့်အတတ်ပညာကို ပေးနိုင်ရမယ်။ ကျွန်ုပ်လိုတာ ဘာလဲ၊ မနဥစ္စာဖြစ်တယ်။ စွမ်းအားဖြစ်တယ်။ ဒုပဒကို ကလဲ့စားပြန်ချေနိုင်မယ့် စွမ်းအားရှိဖို့ လိုတယ်"ဟူ၍ ကျွန်ုပ်အား ပြောပြနေသယောင် ထင်နေရသည်။

* * *

နေ့တွေ၊ ရက်တွေ ကုန်ဆုံးကျော်လွန်လာခဲ့သည်။

ကျွန်ုပ် ဟတ္ထိနာပူရ ရောက်နေသည်ဆိုသည်ကို လူတွေ မသိကြ သေးပေ။ အပြင်ထွက်လျှင်လည်း ကျွန်ုပ် ပုန်းလျှိုးကွယ်လျှိုးသာလျှင် ထွက်လေ့ရှိသည်။ မြို့ဘက်သို့ အထွက်နည်းသည်။ လမ်းလျှောက် ထွက်လို သည့်ဆန္ဒရှိလျှင် တောအုပ်ဘက်သို့ လည်းကောင်း၊ မြစ်ကမ်းနားသို့ လည်းကောင်း ထွက်လေ့ရှိသည်။ ထိုနေရာများ၌ ကျွန်ုပ်ကို မည်သူ သိမည် နည်း။ ကရိပီနှင့် လက်ထပ်သည့်အချိန်က ဟတ္ထိနာပူရ၌ သုံးလေးရက် နေခဲ့သည်မှာ မှန်သည်။ သို့သော်လည်း နန်းတော်တွင်းမှာ အနေများသည်။ ထိုစဉ်က လူအတော်များများနှင့် တွေ့ဆုံခဲ့ရသော်လည်း ကျွန်ုပ် ဒေါဏဆို သည်ကို မည်သူ မှတ်မိမည်နည်း။

အခြေအနေကလည်း ယခင် အခြေအနေမျိုး မဟုတ်တော့ပေ။ ထို

mgyoe.com

mgyoe.com


အချိန်က ပျိုရွယ်မှု၏ တသွင်သွင်စီးဆင်းနေသော မာန်တက်နေသည့် မြစ်သည် ပတ်ဝန်းကျင်အခြေအနေတည်းဟူသော ကျောက်ဆောင်များနှင့် ထိခိုက်ရဖန်များသဖြင့် အရှိန်အဟုန် လျော့နည်းသွားလေပြီ။ မိမိသန္တာန်၌ လည်း မိုးသောက်ကာလက နူးညံ့ပျော့ပျောင်းမှုမျိုး ယခု မရှိတော့ပေ။

နေ့လယ်မွန်းတည့်ချိန်၏ အပူရှိန်သာလျှင် ရှိနေသည်။ ထိုအပူရှိန်ကလည်း ထူးခြားဆန်းကြယ်သည်။ သူတစ်ပါးထက် မိမိကိုယ်ကို ပိုပြီး လောင်မြိုက်သည့် အပူရှိန်မျိုးဖြစ်သည်။

ထိုအပူရှိန်ကို နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး တောထနေသည့် အညိုရောင် ပုံပန်းသဏ္ဍာန်တွင် ဖုံးဖုံးဖိဖိလုပ်ပြီးလျှင် ကျွန်ုပ် တစ်ရက်ပြီး တစ်ရက် အချိန်ဖြုန်းလာခဲ့လေသည်။

တစ်နေ့တွင် ယခင်နေ့များကအတိုင်းပင် ကျွန်ုပ်သည် ဘာရည်ရွယ်ချက်မှ မရှိဘဲနှင့် အပြင်ဘက် လမ်းလျှောက်ထွက်လာခဲ့သည်။ နေစောင်းချိန်ဖြစ်သည်။ တစ်နေရာရာ၌ ညနေဆည်းဆာ ပူဇော်ဝတ်ပြုမည်ဟူ၍ ကျွန်ုပ် စိတ်ကူးရလာသည်။ အနီးအနား၌ ရေတွင်းတစ်တွင်း ရှိသည်။ ရေငတ်လာသဖြင့် ရေသောက်ရန် ထိုရေတွင်းရှိရာသို့ လာခဲ့သည်။

ရေတွင်းတွင် သူငယ်ကလေးများ စုရုံးနေကြသည်။ သူတို့၏ အမူအရာကို ကြည့်ရသည်မှာ သူတို့အလွန်မြတ်နိုးသော အရာတစ်ခု ရေတွင်းထဲ ကျသွားသည်ဟု ထင်ရလေသည်။

ကျွန်ုပ် ရေတွင်းနားရောက်သွားသောအခါ သူငယ်တစ်ယောက်၏ အသံ ကြားရသည်။ "ဒါ နောင်တော်ကြီး ချပစ်တာ၊ နောင်တော်ကြီးပဲ ရေတွင်းထဲက ဆယ်ရမယ်။ ငါတို့ ဘာမှ သိလိုက်တာမဟုတ်ဘူး။ ပြန်ရအောင်လုပ်ဖို့က ချပစ်တဲ့လူရဲ့ တာဝန်"

"ဟုတ်တယ်၊ ဟုတ်တယ်။ နောင်တော်ကြီးကြောင့် ကျသွားတာ"

အခြား သူငယ်တစ်ဦးကလည်း ပထမသူငယ်ကို ထောက်ခံပြောနေသည်။ သူတို့ "နောင်တော်"ဟူ၍ခေါ်သော ထိုသူငယ်ခမျာ ပျာယာခတ်သွားသည်ကို ကျွန်ုပ် မြင်လိုက်ရသည်။ ရေတွင်းထဲ ငုံ့ကြည့်လိုက်၊ ရေတွင်းထဲ သစ်ကိုင်းချလိုက်နှင့် ဖြစ်နေသည်။ ရေတွင်းထဲ သစ်ကိုင်း ကျသွားသံကိုသာ ကြားလိုက်ရသည်။ သို့သော် ထိုနောင်တော်ကြီးခမျာ ပြဿနာမှာမူ

mgyoe.com

mgyoe.com


ပြေလည်မသွားပေ။

"ဟော့...မင်းတို့တစ်တွေ ဘာဖြစ်နေကြတာလဲ" ရေတွင်းနား ကပ်သွားသည်နှင့် ကျွန်ုပ်က မေးလိုက်သည်။

"ဦးကြီးက ဘယ်သူလဲ"

သူတို့အထဲက တစ်ယောက်က စပ်စုသည်။

"ဗြာဟ္မဏ တစ်ယောက်ပါ"

"အဲဒါကတော့ မြင်တာနဲ့အသိသားပဲ"

ကတ်တီးကတ်ဖဲ့ လုပ်ချင်ပုံရသော သူငယ်တစ်ယောက်၏အသံ ဖြစ်သည်။

"ဦးကြီးက ဒီနေရာ ဘာလာလုပ်တာလဲ"

သူတို့ထဲက တစ်ယောက်က မေးသည်။

"ရေသောက်ချင်လို့"

"ဦးကြီးမှာ ကြိုးလည်းမရှိဘူး၊ ရေပုံးလည်း မရှိဘူး။ ရေတွင်းထဲကရေကို ဦးကြီး ဘယ်လိုလုပ် ခပ်ယူမှာလဲ"

"သစ်ရွက်နဲ့ ခွက်လုပ်မယ်။ သစ်ခက်တွေရဲ့ အကူအညီနဲ့ သစ်ရွက်ခွက်ကို ရေတွင်းထဲချပြီး ရေခပ်ယူမှာပေါ့"

"သစ်ရွက်နဲ့ ရေခပ်ယူလို့ ရပါ့မလား"

သူတို့ မယုံကြည်နိုင်အောင် ဖြစ်သွားကြသည်။

"မင်းတို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့ ခတ္တိယမျိုးနွယ် ဘုရင့်သားတော်တွေပါ"

"ဒါပေမဲ့ ကြည့်ရတာတော့ ဘုရင့်သားတော်နဲ့ မတူပါကလား"

ကျွန်ုပ် သူတို့ကို ဆွပေးလိုက်လေသည်။

"ဘာဖြစ်လို့လဲ"

"မင်းတို့ လေးအတတ်မှ မတတ်ကြဘဲ"

"ကျွန်တော်တို့ကို ဆရာကရိပါ လေးအတတ် သင်ပေးပါတယ်"

ထိုသူငယ်များထဲက အစ်ကိုအကြီးဆုံးက ပြောလေသည်။

"သစ်ခက်နဲ့ ဦးကြီး ကျွန်တော့်ဘောလုံးကို ရေတွင်းထဲက ဆယ်ယူပေးနိုင်မလား"

mgyoe.com

"ဘယ်လို ဘောလုံးလဲ"

"ကစားရင်းနဲ့ ကျွန်တော်တို့ဘောလုံး ဒီရေတွင်းထဲ ကျသွားတယ်"

"မင်းတို့ မဆယ်နိုင်ကြဘူးလား"

အစ်ကိုကြီးဖြစ်သူက ဦးခေါင်းရမ်းပြလေသည်။

ကျွန်ုပ်က ရယ်ပြီး "ကောင်းပြီ၊ ငါ ဆယ်ပေးမယ်"ဟူ၍ ပြောလိုက်လေသည်။ ထိုအချိန်၌ ကျွန်ုပ် ထိုအစ်ကိုကြီးဖြစ်သူ၏လက်က တောက်ပဝင်းလက်နေသော လက်စွပ်ကို မြင်လိုက်ရလေသည်။ ကျွန်ုပ်သည် ထိုလက်စွပ်ကို လက်ညှိုးထိုးပြပြီး "မင်း အဲဒီလက်စွပ် ငါ့ကို ပေးမလား"ဟူ၍ မေးလိုက်သည်။

"ဘောလုံးဆယ်ပေးခ အနေနဲ့လား" ကျွန်ုပ်အား လောဘကြီးသူတစ်ယောက်အဖြစ် ထင်မှတ်သွားသည်ဆိုသည်ကို သူ့အမူအရာက ဖော်ပြနေသည်။

ကျွန်ုပ် ရယ်ချင်လာသည်။ "ဒီ ဘာမှ မပြောပလောက်တဲ့အလုပ်ကို လုပ်ပေးတဲ့အတွက် လုပ်ခဟာ ဒါလောက် အဖိုးတန်တဲ့လက်စွပ် ဘယ်ဖြစ်နိုင်ပါ့မလဲ။ ငါတောင်းတဲ့သဘောက ထူးထူးထွေထွေ မဟုတ်ပါဘူး။ ဒီလိုပဲ တောင်းချင်တဲ့စိတ်ပေါ်လာလို့ တောင်းလိုက်တာပါပဲ"

အစ်ကိုကြီးဖြစ်သူက ရယ်ပြီး သူ့လက်စွပ်ကို ချွတ်ပေးသည်။ သူ့လက်ထဲက လက်စွပ်ကိုယူပြီး ကျွန်ုပ်သည် ဖျတ်ခနဲ ရေတွင်းထဲ ချပစ်လိုက်လေသည်။

"အလို...ဦးကြီး ဒါ ဘာလုပ်တာလဲ" တအံ့တသြဖြစ်သွားပြီးလျှင် သူငယ်အားလုံး ထအော်ကြလေသည်။

"ဦးကြီး ဘာဖြစ်လို့ လက်စွပ်လွှင့်ပစ်တာလဲ"

အစ်ကိုကြီးဖြစ်သူက မေးလိုက်လေသည်။

"ရေတွင်းထဲက ဘောလုံးဆယ်ပေးရမယ့် အတူတူတော့ လက်စွပ်ကိုလည်း ရေတွင်းထဲက ဆယ်ပြမယ်ဆိုတဲ့အကြံနဲ့ လက်စွပ်ကို ရေတွင်းထဲ ချပစ်လိုက်တာပါ"

"ဘောလုံးက ရေပေါ်မှာ ပေါ်နေတယ်၊ မြင်နေရတယ်။ ဦးကြီး လေးအတတ်ပညာကို ပြလို့ ရချင်ရမယ်။ ဒါပေမဲ့ လက်စွပ်က ရေထဲမြုပ်

mgyoe.com

mgyoe.com


သွားလို့ လုံးလုံး မမြင်ရဘူး မဟုတ်လား"

အစ်ကိုကြီးဖြစ်သူထက် ငယ်သောသူတစ်ယောက်က သူ့ ထင်မြင်ချက်ကို ပြောလေသည်။ ထိုသူငယ်သည် လေးအတတ်ကို သူတို့အားလုံးထက် ပိုပြီး စိတ်ပါဝင်စားပုံရသည်။ ထိုသူငယ်၏အမည် အဇ္ဇုန (အရဂျုန်) ဆိုသည်ကို နောက်တွင် သိရသည်။

သူ့စကားကို ကြားရသောအခါ ကျွန်ုပ် ရယ်ချင်လာသည်ဖြစ်၍ ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

"လက်စွပ်ကို အခု မမြင်ရပေမဲ့ ရေထဲမြုပ်သွားတုန်းက ငါ မြင်လိုက်တယ်။ လက်စွပ်ကို ရှာယူလာမယ့် သစ်ခက်တွေကို ငါ ရေတွင်းထဲ ပစ်ချလို့ရတယ်"

သူငယ်အားလုံးက ကျွန်ုပ်ကို မျက်လုံးပြူးကြည့်နေကြသည်။

ကျွန်ုပ်သည် သစ်ကိုင်းရှည်ရှည်တစ်ခုကို အရှာခိုင်းလိုက်လေသည်။ ထိုနောက် ညောင်ပင်က နွယ်ကြိုးကို လေးကြိုးလုပ်ပြီးလျှင် လေးအဖြစ်ဖန်တီးလိုက်သည်။ သစ်ခက်များကိုလည်း အစုခိုင်းလိုက်သည်။ လေးနှင့်မြား အဆင်သင့် ဖြစ်လာသောအခါ ကျွန်ုပ်သည် မန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်လျက် ထိုသစ်ခက်မြားများကို ရေတွင်းထဲတစ်စင်းပြီး တစ်စင်းပစ်ချလိုက်လေသည်။

ပထမသစ်ခက်သည် ဘောလုံးကို သွားငြိသည်။ ဒုတိယသစ်ခက်က ပထမသစ်ခက်ကို သွားငြိသည်။ တတိယသစ်ခက်က ဒုတိယသစ်ခက်ကို သွားငြိသည်။ ယင်းသို့အားဖြင့် တစ်ခုနှင့်တစ်ခု ချိတ်နေသော သစ်ခက်များ၏ အရင်းသည် ရေတွင်းဝအထိ ရောက်လာသည်။ ထိုအခါ ရေပုံးကြိုးကဲ့သို့ သစ်ခက်များကိုဆွဲယူပြီး ဘောလုံးကို အပေါ်တင်လိုက်လေသည်။ သူငယ်အားလုံး မှင်တက်မိနေကြသကဲ့သို့ ကျွန်ုပ်ကို မျက်တောင် မခတ်ကြည့်နေကြသည်။

"ကဲ...မင်းတို့ဘောလုံး ရပြီမဟုတ်လား"

ကျွန်ုပ်သည် ရေတွင်းနှုတ်ခမ်းမှ ဘောလုံးကို မြေကြီးပေါ် ပစ်ချပြီး ပြောလိုက်လေသည်။

"ကျွန်တော့် လက်စွပ်ကကော"

mgyoe.com

mgyoe.com

အစ်ကိုကြီးဖြစ်သူက ပြောလိုက်လေသည်။

"တကယ်လို့ မင်း လက်စွပ်ကို ငါ့ဆီယ်မပေးရင်..." ကျွန်ုပ်က ပြုံးပြီး ပြောလေသည်။

"ဆယ်မပေးရင်လည်း ကိစ္စမရှိပါဘူး၊ ဦးကြီး သဘောအတိုင်း ပါပဲ" သူငယ်က အလွန်တရာ ရိုကျိုးသော အမူအရာဖြင့် ပြောလေသည်။ သူငယ်သည် ရည်မွန်သည်။ စိတ်ကောင်းစေတနာကောင်းရှိသည်။ သူ၏ အမည် ယုဓိဋ္ဌိရ (ယုဓိရှဋ္ဌိရ)ဆိုသည်ကို နောက်တွင် ကျွန်ုပ်ကို တစ်ယောက်က ပြောပြသည်။ ပဏ္ဍု၏ သားတော်များထဲတွင် အကြီးဆုံးဖြစ်သည်။

ကျွန်ုပ်သည် ယခင်နည်းအတိုင်းပင် သစ်ခက်မြားများကို ပစ်ချလျက် လက်စွပ်ကိုလည်း ရေတွင်းထဲက ဆယ်ယူပေးလိုက်လေသည်။ ယုဓိဋ္ဌိရသည် ကျွန်ုပ်ကို ယုံကြည်ကိုးစားသွားပြီးလျှင် ကျွန်ုပ်၏ ခြေပေါ် လှဲချလိုက်လေသည်။

"ဦးကြီး ကျွန်တော့်ကို လေးအတတ် သင်ပေးနိုင်မလား" ထို မေးခွန်း မေးသူမှာ ဒုယောဓနေ (ဒုရိယောဓနေ)ဟု အများက ခေါ်ကြသည့် သူငယ်ဖြစ်သည်။

"ကျွန်တော်တို့လည်း ဦးကြီးဆီက လေးအတတ် သင်ချင်ပါတယ်။ ဒါပေမဲ့ အဲဒီကိစ္စအတွက် ဦးကြီး ကျွန်တော်တို့ဆရာ ကရိပါဆီက ခွင့်ပြုချက် ယူပြီး ဘိုးတော်နဲ့ တွေ့စေချင်ပါတယ်" ယုဓိဋ္ဌိရက ပြောလေသည်။

"ကရိပါဆရာဆီက ခွင့်ပြုချက်ယူနေဖို့ မလိုပါဘူး။ ဦးကြီး ဘိုးတော်နဲ့ တွေ့လိုက်ပါ" ဒုယောဓနေက ပြောလေသည်။

"ခွင့်ပြုချက်ယူဖို့တော့ လိုလိမ့်မယ် ထင်တယ်၊ ဆရာတစ်ယောက် ရှိနေပါလျက်နဲ့ အဲဒီဆရာရဲ့ ခွင့်ပြုချက်မယူဘဲနှင့် တခြားဆရာတစ်ယောက် ထားလို့ ဘယ်ဖြစ်ပါ့မလဲ" ယုဓိဋ္ဌိရ၏ အဆင်ခြင် အစဉ်းစားဉာဏ်သည် သူ၏ စိုးရိမ်မှုထက် ပိုသည်ဆိုသည်ကို ကျွန်ုပ် မြင်တွေ့ရလေသည်။

သို့သော်လည်း ဒုယောဓနေကလက်မခံပေ။ "ဆရာခန့်တာ ငါတို့ သဘောပါ။ ငါတို့အပေါ်မှာ တည်ပါတယ်။ ငါတို့ဆန္ဒရှိရင် ဆရာတစ်ယောက်ဖြစ်ဖြစ်၊ ဘယ်နှစ်ယောက်ဖြစ်ဖြစ် ခန့်နိုင်ပါတယ်။ အခကြေးငွေ ပေးဖို့သာ အဓိကပါ။ ဆရာအတွက် အခကြေးငွေ ငါတို့ကပေးရတာ

mgyoe.com

mgyoe.com


မဟုတ်လား"

ဒုယောဓနေ၏အသံ၌ မာန်မာန၏ပမာဏ အတော်များများရှိသည်ကို တွေ့ရသည်။ သူ့တွင် တပည့်ကျောင်းသားတစ်ယောက်နှင့် လိုက်လျောညီညွတ်သော နှိမ့်ချမှု၊ ရိုကျိုးမှု မရှိပေ။ နှိမ့်ချရိုကျိုးမှုမရှိလျှင် အတတ်ပညာ ဘယ်မှာရရှိမည်နည်း။ အကယ်၍ ကျွန်ုပ်သည် မိမိ၏မူဝါဒအတိုင်း ကျင့်သုံးလိုက်နာပါက ဒုယောဓနေကို မည်သည့်အခါမှ တပည့်အဖြစ် အသိအမှတ်ပြုမည် မဟုတ်ပေ။ သို့သော်လည်း ယခုအခါ၌ ယခင် ဒေါဏကွယ်လွန်အနိစ္စရောက်သွားပြီး ဒေါဏအသစ်တစ်ယောက် ဖွားမြင်လာသည်။ ဒေါဏအသစ်သည် အာဃာတနှင့် စည်းစိမ်ချမ်းသာ မျှော်မှန်းချက်ကြီးများကို သယ်ဆောင် ဖွားမြင်လာခြင်း ဖြစ်လေသည်။

အရွယ်အားဖြင့်ကြီးသော်လည်း ယုဓိဋ္ဌိရသည် ဒုယောဓနေ၏ မာန်မာနရှေ့မှောက်၌ နှုတ်ပိတ်သွားသည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ ယင်းအချက်ကို ကျွန်ုပ် မနှစ်သက်ပေ။ အခြေအနေကို ထိန်းထိန်းသိမ်းသိမ်း လုပ်ပြီး ကျွန်ုပ်က ပြောလိုက်သည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ဝိဝါဒဖြစ်နေစရာ မလိုပါဘူး။ မင်းတို့ကိုယ်တိုင် ဘိုးတော်ကို ဒီကိစ္စပြောပြပြီး ငါ့ကို အကြောင်းပြန်ကြားစေချင်တယ်။ ဘိုးတော် ဘယ်လိုပြောမယ်ဆိုတာ စောင့်ကြည့်ရမယ်"

"ဦးကြီးကို ဘိုးတော် သိသလား"

"အဲဒါတော့ ငါ မပြောတတ်ဘူး"

ဘုရင့်သားတော်များသည် ကျွန်ုပ်ကို တရိုတသေနှုတ်ဆက်ပြီး ပြန်သွားကြလေသည်။

* * *

ထိုနေ့ညတွင် ကျွန်ုပ်သည် ကရိပါကို အကြောင်းစုံ ပြောပြလိုက်သည်။ သူ အားရဝမ်းသာ ဖြစ်သွားလိမ့်မည်ဟု ကျွန်ုပ်ထင်သည်။ သို့သော်လည်း ကျွန်ုပ် ထင်သလို ဖြစ်မလာပေ။ ကျွန်ုပ် ပြောပြသမျှကို အလေးအနက်နားထောင်ပြီးလျှင် "ဒေါဏတစ်ယောက် ဒီဟတ္တိနာပူရ မြို့တော်မှာ ယောင်ခြောက်ဆယ်ဖြစ်နေတယ် ဆိုတဲ့အကြောင်း ဒီကနေ့ ဘီသမ (ဘီရှမ) သိသွား

mgyoe.com

mgyoe.com

တော့မှာပဲ"ဟု ကရိပါက ပြောသည်။ ထို့နောက် သူ ကျွန်ုပ်အပါးမှ ထသွားလေသည်။

အလုပ်သဘောအားဖြင့် ကျွန်ုပ်ကို သူ၏ပြိုင်ဘက်အဖြစ် သဘောထားနေသည်ဆိုသည်ကို ကျွန်ုပ်နားလည်သဘောပေါက်သွားသည်။ သို့သော်လည်း ကျွန်ုပ် ဘာတတ်နိုင်မှာနည်း။ ယင်းအခြေအနေအရပ်ရပ်မှ ကျွန်ုပ် မိမိကိုယ်ကို ရှောင်တိမ်းဖယ်ရှားပစ်ဖို့ရန်လည်း မဖြစ်နိုင်တော့ပေ။

ဘုရင့်သားတော်များက သူတို့ဘိုးတော်ကို ထိုနေ့၌ပင် အကြောင်းစုံပြောပြလိုက်သည်ဟု ကျွန်ုပ် ကြားသိရသည်။ လေးအတတ်ပညာ တစ်ဖက်ကမ်းရောက်တတ်မြောက်သော ထိုဗြာဟ္မဏမှာ ဒေါဏဖြစ်လိမ့်မည်ဟု ဘိုးတော်သည် မဆိုင်းမတွပင် သိရှိနားလည်သွားသည်။

နောက်တစ်နေ့၌ပင် ကရိပါကိုခေါ်ပြီးလျှင် ဘိုးတော်သည် ဘုရင့်သားတော်များပြောသည်ကို တစ်ဆင့်ပြန်ပြောလျက် "ဆရာဒေါဏတစ်ယောက် နေပြည်တော် ရောက်နေတယ်ထင်တယ်"ဟု ပြောလေသည်။

ကရိပါ မည်သို့ ပြန်ပြောမည်နည်း။ သူ မသိဘူးဟု ပြန်ပြော၍ မဖြစ်တော့ပေ။ တစ်နေ့မဟုတ်တစ်နေ့ ဖြစ်ရပ်အမှန်ပေါ်လာတော့မည်မှာ ဧကန်ဖြစ်သည်။ သူ ဘေးကျပ်နံကျပ် ဖြစ်နေသည်။ "ဟုတ်တယ်၊ ဒေါဏရောက်နေတာ နှစ်ရက်၊ သုံးရက်လောက်ရှိသွားပြီ"ဟူ၍ အေးအေးဆေးဆေးပင် ပြန်ပြောလိုက်လေသည်။

"ကျုပ်ကို ဘာဖြစ်လို့ ပြောမပြသလဲ"

ကရိပါ ပရိယာယ်ဆင်လိုက်လေသည်။ "သူလာတယ်ဆိုတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ ဒေါဏကိုယ်တိုင်က ပိတ်ထားလို့ပါ။ သူ ဒီမှာ နေ့ရက်အတန်ကြာ မထင်မရှားနေချင်လို့ပါတဲ့"

"ဘာဖြစ်လို့ မထင်မရှား နေချင်ရတာလဲ"

မင်းမှုထမ်းတစ်ယောက် ပြန်ပြောပြသည်ကို ကျွန်ုပ် ကြားရသည်။ ဘိုးတော်က ယင်းသို့မေးလိုက်သည့်အခါ ကရိပါနှုတ်ပိတ်သလို ဖြစ်သွားသည်။ ထိုနောက်မှတစ်ဖန် အလိမ်အညာကို အလိမ်အညာဖြင့် ဖုံးလျက် "သူ ဒီမှာ အေးအေးဆေးဆေး အနားယူချင်တယ်လို့ ပြောပါတယ်"ဟု ပြောပြလိုက်လေသည်။

mgyoe.com

mgyoe.com


"အေးအေးဆေးဆေး အနားယူချင်တယ်ဆိုရင် စိတ်တိုင်းကျ ယူလို့ရပါတယ်။ ကိုယ်ယောင်ဖျောက်ပြီး ဘာဖြစ်လို့ နေစရာလိုသလဲ၊ ကျုပ်သာ စောစောကသိရင် သူဒီမှာ အခုလိုယောင်လည်လည် ဖြစ်မနေရဘူး"

ကျွန်ုပ် ရောက်နေသည့်အကြောင်း ကရိပါက သူ့ကို ပြောမပြသည့်အတွက် ဘိုးတော်ဘီသမ ဘဝင်မကျဖြစ်သွားသည်မှာ လယ်ပြင် ဆင်သွားသကဲ့သို့ ထင်ရှားသွားလေသည်။ ဘီသမသည် နောက်တစ်နေ့ ကျွန်ုပ်ကို အခေါ်ခိုင်းသည်။

ကရိပါသည် ထိုအကြောင်းကို အမြီးနုတ်၊ ခေါင်းနုတ်ပြီး ကျွန်ုပ်ကို ပြောပြသည်။

နောက်တစ်နေ့ ကျွန်ုပ်ဘိုးတော်ထံ ရောက်သွားသည်။ ဘိုးတော်က ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း ပြုံးပြုံးရယ်ရယ်နှင့် "ဆရာ ကိုယ်ယောင်ဖျောက်နေတယ်လို့ ကြားရတယ်။ ကျုပ် အခေါ်ခိုင်းတာကိုတော့ ခွင့်လွှတ်စေချင်ပါတယ်"

ကျွန်ုပ် အကျပ်ရိုက်သွားသည်။ တစ်စုံတစ်ခု ပြောပြရန် ကြိုးစားသည်။ သို့သော်လည်း စကားလုံးများ အပြင်ထွက်မလာဘဲ အထဲပြန်ဝင်သွားကြသည်။

ဘိုးတော်က ဆက်ပြောသည်။

"ကျုပ်တို့ဆီမှာ ဆရာလာပြီး အေးအေးဆေးဆေး အနားယူတယ်ဆိုရင် ကျုပ်အတွက် ဂုဏ်ယူစရာလို့ အောက်မေ့ပါတယ်။ ဒါပေမဲ့ ဆရာက အဲဒီလိုမလုပ်ဘူး။ ကဲလေ...ထားပါတော့။ သူ့အကြောင်းနဲ့သူ ရှိနေတယ် ထင်တယ်"

ထိုအချိန်အထိ ကျွန်ုပ်၏နှုတ်မှ စကားတစ်ခွန်းမှ ထွက်မလာသေးပေ။ ရှက်ခြင်းအပြည့်ရှိသော ကျွန်ုပ်၏အကြည့်သည် မြေကြီးထဲ မြုပ်ဝင်သွားသည်။ ကျွန်ုပ်၏နှုတ်ခမ်းတွင် အပြုံးတစ်ချက် ညင်ညင်သာသာ ပေါ်လာသည်။

ဘိုးတော်က တစ်ဖန်ပြောပြန်သည်။

"သားတော်တွေက ဆရာ့ကို သိပ်သဘောကျနေတယ်။ သူတို့ ဆရာ့ဆီက လက်နက်အတတ်ပညာ သင်ချင်နေကြတယ်"

mgyoe.com

mgyoe.com

ကျွန်ုပ် အကြံပြုထားသည့်အချက်ကိုပင် ဘိုးတော်က ဖွင့်ဟပြောလိုက်လေသည်။ မဆိုင်းမတွပင် ကျွန်ုပ် ပြန်ပြောလိုက်သည်။ "ကျွန်ုပ် အနေနဲ့ကလည်း ဘိုးတော်တို့ရဲ့အကျိုးကို သည်ပိုးဆောင်ရွက်လိုတဲ့အတွက် ဒီကိုရောက်လာရခြင်း ဖြစ်ပါတယ်"

"ဆရာရဲ့ ကျေးဇူးတရား အလွန်မှပဲ ကြီးမားပါတယ်။ အဲဒီလို ဆိုရင် ဘုရင့်သားတော်တွေကို ပညာသင်ကြားပေးဖို့ ဆရာ သဘောတူ ပြီလို့ မှတ်လိုက်တော့မယ်"

"ဆက်ဆက် သင်ပေးပါ့မယ် ဘိုးတော်"

ကျွန်ုပ် ထွေထွေထူးထူး ပြောရမည့် အခြေအနေ မဟုတ်တော့ပေ။

"အဲဒီလိုဆိုရင် ပညာသင်ပေးတဲ့အတွက် အခကြေးငွေ ဘယ်လောက်ပေးရမလဲ"

ဘိုးတော်သည် တိုက်ရိုက်တည့်တိုးပင် ပြောနေသည်ဟူ၍ ကျွန်ုပ် ထင်သည်။ သူ့ထံ ကျွန်ုပ် မသွားသည့်အတွက် စိတ်ကွက်နေဟန်တူသည်။ မိမိ မှားသွားသည်ဆိုသည်ကိုလည်း ကျွန်ုပ် နားလည်သဘောပေါက်လာသည်။ ကျွန်ုပ် ဘာတတ်နိုင်မှာနည်း။ အိမ်ရှင်ပြောစကားကို လိုက်နာဖို့ရန်မှာ ဧည့်သည်၏ ကျင့်ဝတ္တရားဖြစ်သည် မဟုတ်လား။

ပညာသင်ကြားပို့ချခနှင့် ပတ်သက်၍လည်း ကျွန်ုပ် ရေငုံနေသည်။ ဤမျှသာ ပြောလိုက်သည်။ "ပညာသင်ခနှင့် ပတ်သက်ပြီး စဉ်းစားတဲ့အလုပ်က ကျွန်ုပ်တို့အလုပ် မဟုတ်ပါဘူး။ ကျွန်ုပ်တို့က ဗြာဟ္မဏမျိုးတွေ မဟုတ်လား။ ပညာပေးဖို့လောက်သာ နားလည်ပါတယ်"

ဘိုးတော်က ပြုံးလေသည်။

နှစ်ရက်၊ သုံးရက်လောက် ကြာသွားပြီးနောက် မင်္ဂလာရှိသော အချိန်တစ်ချိန်၌ အကျယ်မချဲ့သည့် အခမ်းအနားတစ်ခုတွင် ကျွန်ုပ်အား တော်ဝင်နန်းတွင်း ဆရာဂုရုတစ်ယောက်အဖြစ် ကြေညာလိုက်လေသည်။ နန်းတော်၏ဧည့်ရိပ်သာ၌ ကျွန်ုပ်အတွက် နေဖို့ထိုင်ဖို့ စီမံပေးလေသည်။ ပထမနေ့၌ပင် ရတနာများနှင့် ရွှေဒင်္ဂါးပြားများ ဆရာခအနေဖြင့် ကျွန်ုပ် ရရှိသည်။ ကျွန်ုပ်ဘဝ၏သဲကန္တာရသည် စိမ်းလန်းစိုပြည်လာသည်။ နွားမ တစ်ကောင်မက အကောင်ပေါင်းများစွာ ဝယ်နိုင်သည့် အခြေအနေရှိလာလေသည်။

mgyoe.com

mgyoe.com

ကျွန်ုပ်နှင့်ကရိုပါ နှစ်ဦးစလုံး ဘုရင့်ဆရာသမားများ ဖြစ်ကြသည်။ စားအိမ်တစ်ခုတည်းက စားနှစ်လက်ဖြစ်သည်။ သို့သော်လည်း နှစ်ဦးစလုံး တစ်ဦးနှင့်တစ်ဦး မထိခိုက်စတမ်း သစ္စာဆိုကြသည်။

* * *

ကာလစက်ရဟတ်သည် လှည့်ပတ်နေသည်။ အချိန်သမယသည် ကုန်ဆုံးကျော်လွန်သွားသည်။

ကျွန်ုပ်သည် ကုရုညီနောင်နှင့် ပဏ္ဍုညီနောင်နှစ်ဦးစလုံးကို လက်နက်အတတ်ပညာ သေနင်္ဂဗျူဟာ သင်ကြားပေးနေသည်။ ကျွန်ုပ်၏ဘဝသည် ကြွယ်ဝချမ်းသာမှု၏ တောင်ထိပ်တောင်ထွတ်ပေါ် ရောက်ရှိလာသည်။ ထိုတောင်ထွတ်တောင်ထိပ်၌ စည်းစိမ်ချမ်းသာ တိမ်ထုတိမ်စိုင်တို့သည် မိမိ၏ အတိတ်ကာလအား ပြန်ပြောင်းသတိရခြင်းများကို တစ်ခဲနက် ဖုံးအုပ်ထားလိုက်ကြလေသည်။ မိမိသည် နို့ကိုပင် မသောက်နိုင်ရှာသော သား၏ ဖခင်ဖြစ်၏ဟု စဉ်းစားနိုင်သော အခါအခွင့်သည်ပင်လျှင် ကျွန်ုပ်ထံ ရောက်မလာတော့ပေ။

ယခုအခါတွင် ကျွန်ုပ်သည် အဘက်ဘက်က ပြည့်စုံကြွယ်ဝနေသည်။ "ဆရာ့လို ပုဂ္ဂိုလ်မျိုးကို ဆရာဂုရုအဖြစ် ကျုပ်တို့ရရှိခြင်းမှာ ဘုရားသခင်က ကျုပ်တို့ကို ကြည့်ရှုစောင်မခြင်းပင် ဖြစ်၏"ဟူ၍ပင် ဘိုးတော်ကလည်း ပြောပြလေသည်။ ဘုရင့်သားတော်များကို ပညာသင်ကြားပေးပါ။ ကိုယ်ကိုယ်တိုင်လည်း ဟတ္ထိနာပူရပြည်၏ ဘုရင်အဖြစ် သဘောထားပါဆိုသည်အထိပင် ဘိုးတော်က ကျွန်ုပ်ကို ပြောလာလေသည်။

အခြေအနေမှာ ဤအဆင့်အထိပင် ရောက်ရှိလာခဲ့သည်။ ကျွန်ုပ်၏ ဂုဏ်သိက္ခာသည် ဘုရင်တစ်ပါး၏ အခြေအနေထက် မယုတ်လျော့တော့ပေ။ မြို့သူမြို့သား အတော်များများသည် ကျွန်ုပ်၏ ထောက်ထားငဲ့ညှာမှုရရှိရေးအတွက် သူတောင်းစားပမာ လက်ဖြန့်နေကြသည်။

ကျွန်ုပ် ငါက်ဖျစ်တစ်ကြိမ် တွက်လိုက်ရုံနှင့် ဘာမဆို အကုန်ရသည်။ စည်းစိမ်ဥစ္စာမှာမူ ကျွန်ုပ်၏ လက်တစ်ကမ်းတွင် ရှိနေသည်။ ကျွန်ုပ်သာ ဆန္ဒရှိလျှင် သေရည်သေရက်ဖြင့် ရေချိုး၍ရသည်။ အချိန်မရွေး လုပ္ပေ

mgyoe.com

mgyoe.com


ချောပေ့ဆိုသည့် အပျိုကညာများကို ရင်ခွင်ထဲတွင် ပွေ့ဖက်ထား၍ရသည်။ မိန်းမပေါင်းများစွာတို့သည် မင်းပေါက်စိုးပေါက် တော်ဝင် ဂုဏ်သိက္ခာရရှိရေးအတွက် ကျွန်ုပ်၏မျက်နှာကို ကြည့်နေကြသည်။ ကျွန်ုပ် မျက်ရိပ်တစ်ကြိမ်ပြလိုက်ရုံနှင့် ဘာမဆိုစွန့်လွှတ်ရန် အဆင်သင့်ရှိနေကြသည်။ သို့သော်လည်း ကျွန်ုပ်၏အခြေအနေမှာ အလွန်ထူးခြားဆန်းကြယ်သည်။

ကျွန်ုပ်၏လုပ်ငန်းမှာ သန့်စင်မွန်မြတ်သည်။ ယင်းကဲ့သို့သော လူအမြင်မတော်သည့် လုပ်ရပ်မျိုး လုံးဝ မပြုလုပ်ပေ။ စိတ်ထဲကရှိသော်လည်း စွန်းထင်းသွားမှာစိုး၍ ထိုလုပ်ငန်းများဘက် ခြေဦးပင်မလှည့်ပေ။ အကြောင်းမူကား ဂုဏ်သိက္ခာ မဟာရုံတံတိုင်းကြီး ကာရံထားသဖြင့် ဤလမ်းမှ ထွက်သွားခွင့်ရဖို့ရန်ပင် အလွန်တရာ ခဲယဉ်းလှသည်။ နောက် တစ်ကြောင်းမှာ ကရိပီကလည်း ရှိသေးသည်။ ကျွန်ုပ်၏ဂုဏ်သိက္ခာ မြင့်မားလာသည့်အတွက် ကျွန်ုပ်အပေါ် ဒီရေအလား တိုးပွားများပြားလာသော လူအများ၏ စိတ်ဝင်စားမှု၊ တွယ်တာမှုသည် ကရိပီအတွက် သက်ာမကင်းစရာ ဖြစ်လာသည်။

ကရိပီသည် ကျွန်ုပ်ကို တတ်နိုင်သရွေ့ မျက်ခြည်မပြတ်ကြည့်နေသည်။ အိမ်အပြင်ဘက်ထွက်သည့်အခါများ၌ မိမိ၏ အရိပ်ပမာ အသထကို ကျွန်ုပ်နောက် တကောက်ကောက်လိုက်စေသည်။

ယင်းချုပ်ကိုင်မှုသည် သွေးရိုးသားရိုးချစ်စိတ်ကို အရင်းခံသဖြင့် ကျွန်ုပ်အနေနှင့်လည်း ထော်လော်ကန့်လန့် မလုပ်တော့ပေ။ ကရိပီသည် ကျွန်ုပ်အား အခက်အခဲ အမျိုးမျိုးကြားထဲက ထုတ်ဆယ်ကယ်တင်ထားသူ ဖြစ်သည်။

နေ့ညဉ့်မပြတ် ကုရုညီနောင်နှင့် ပဏ္ဍုညီနောင်တို့သည် ကျွန်ုပ်၏ အုပ်ချုပ်မှုအောက်တွင် ရှိနေကြသည်။ ကျွန်ုပ်သည် သူတို့ကို သေနင် ဗျူဟာ လက်နက်အတတ်ပညာ သင်ပေးသည်။ တစ်ခါတစ်ရံ ဟတ္ထိနာပူရ မြို့တွင်း၌ သင်ပေးပြီး တစ်ခါတစ်ရံ၌မူ မြို့နှင့်လည်း အလှမ်းဝေးသည့် တောထဲတွင် သင်ပေးသည်။

မိမိ၏တပည့်များထဲတွင် ကျွန်ုပ်သည် အဇ္ဇုနကို သဘောအကျဆုံး ဖြစ်သည်။ သူ၏တပည့်ဝတ်နှင့် အတတ်ပညာလေ့လာမှုကြောင့် ကျွန်ုပ်

mgyoe.com

mgyoe.com


သူ့အပေါ်တွင် အားရကျေနပ်နေသည်။ အတတ်ပညာကို မှတ်သားနာယူသော သူ၏အစွမ်းအစမှာလည်း အံ့ဖွယ်သရဲ ထူးခြားလှပေသည်။ အဖွားနသည် ကျွန်ုပ်တစ်ထွာပြလျှင် တစ်လံမြင်သော တပည့်ဖြစ်သည်။

ယင်းအချက်မှာ ယခုပြောပြမည့် အဖြစ်အပျက်အရ ပိုမိုပြတ်သားသွားပေလိမ့်မည်။

ဟတ္ထိနာပူရမြို့ ဂင်္ဂါမြစ်ကမ်းပါး၌ အဖွားနသည် မြားပစ်လေ့ကျင့်နေလေသည်။ နေရာမှာ လူသူကင်းရှင်း တိတ်ဆိတ်သောနေရာဖြစ်သည်။ ညနေစောင်းလာပြီ။ သူ့ ကြည့်ရသည်မှာ ပင်ပန်းနေပုံရသည်။ မြားပစ်လေ့ကျင့်ရင်း လေ့ကျင့်ရင်းနှင့် ချွေးတွေ ရွှဲရွှဲစိုနေသည်။

သူ့နောက်မှရပ်ပြီး ကျွန်ုပ်သည် သူ၏စိတ်အားထက်သန်ပုံကို အသေအချာ စိုက်ကြည့်နေသည်။ တပည့်၏ ယင်းဖွဲလုံ့လသည် ဆရာဖြစ်သူ ကျွန်ုပ်အား ဂုဏ်ယူမဆုံးအောင် စေ့ဆော်ဖန်တီးနေသည်။

သူ ခဏနားသည်။ ကျွန်ုပ် ဂင်္ဂါမြစ်ကမ်းစပ် ရေသွားသောက်သည်။ ထိုအခိုက် သူ ကျွန်ုပ်ကို မြင်သွားသည်။ ကျွန်ုပ်ထံ အတင်းပြေးလာပြီး ကျွန်ုပ်၏ခြေပေါ်တွင် လှဲချလိုက်လေသည်။ ကျွန်ုပ် သူ့ကို ရင်ချင်း ယှဉ်ဖက်ပြီး "ဘယ်အချိန်ကစပြီး လေ့ကျင့်နေတာလဲ"ဟု မေးလိုက်လေသည်။

"မနက်ကတည်းကပါ။ နေ့လယ်စာစားချိန် တစ်နာရီလောက်ပဲ ခဏနားလိုက်တယ်"

"ဘယ်အချိန်အထိ လေ့ကျင့်မလို့လဲ"

"နေမဝင်မချင်း"

"ဘာဖြစ်လို့လဲ၊ နေဝင်သွားတော့ မလေ့ကျင့်နိုင်တော့ဘူးလား။ တပည့်အတော်မောနေပြီထင်တယ်" ကျွန်ုပ်က ပြုံးပြီး ပြောလိုက်သည်။

"မောလို့ မဟုတ်ပါဘူး ဆရာ၊ အမှောင်ထဲမှာ ဘယ်လိုလုပ် မြားပစ်လေ့ကျင့်လို့ရမလဲ"

"အဲဒီလို မဟုတ်ဘူး တပည့်၊ အလေ့အကျင့်ဆိုတာ မှောင်ထဲမှာလည်း လုပ်လို့ရတယ်" ကျွန်ုပ်က ပြောလိုက်သည်။ သူ ကျွန်ုပ်မျက်နှာကို ငေးကြည့်နေသည်။ ကျွန်ုပ်ပြောသည်ကို သူ နားလည်ပုံမရပေ။

"ကောင်းပြီလေ၊ ထားလိုက်ပါတော့။ မင်းက ငါ ကျေနပ်အားရတဲ့

mgyoe.com

mgyoe.com
တပည့် ဖြစ်တယ်။ အလေ့အကျင့်သာ မပြတ်လုပ်နေဖို့ လိုတယ်" ယင်းသို့ ပြောပြီး ကျွန်ုပ် သူ့အပါးမှ ထွက်ခွာသွားလေသည်။

နေဝင်မိုးချုပ်သည်နှင့် နန်းတော်စားသောက်ခန်းဆောင်သို့ ကျွန်ုပ် ရောက်သွားသည်။ ကျွန်ုပ်ကိုတွေ့ရသောအခါ အားလုံး အံ့အားသင့်သွားကြသည်။ ယနေ့ ဆရာဒေါ်ထာတစ်ယောက် စားသောက်ခန်းဆောင်ကို အဘယ့်ကြောင့် ရောက်လာရသနည်း။ ယခင်က လာရိုးထုံးစံ မရှိခဲ့ပေ။ တချို့က မျက်နှာရိပ် မျက်နှာကဲဖြင့် လည်းကောင်း၊ တချို့က စကားဖြင့် ထုတ်ဖော်ပြောပြ၍ လည်းကောင်း ကျွန်ုပ် လာခြင်းအကြောင်းကို စုံစမ်းကြလေသည်။ ကျွန်ုပ်သည် ပြုံးပြုံးရယ်ရယ်နှင့် အကြောင်းအရာတစ်ခုကို လှီးလွှဲပြောလိုက်သည်။ တကယ် အစစ်အမှန်အကြောင်းကိုမူ မပြောဘဲ ထိန်ချန်ထားသည်။

ကျွန်ုပ်သည် စားဖိုမှူးကိုခေါ်ပြီးလျှင် နှစ်ကိုယ်ချင်း ပြောလိုက်လေသည်။ "ဒီကနေ့ည အဖွားနှ ထမင်းစားနေတဲ့အချိန်မှာ မီးလုံးလုံး ငြိမ်းပစ်လိုက်စေချင်တယ်"

"ဟာ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ မီးတာဝန်ခံက ကျွန်ုပ်လဲ မဟုတ်ဘူး"

"ဒါပေမဲ့ အဲဒီအလုပ်ကို မင်းပဲလုပ်ရလိမ့်မယ်။ ဒီမှာ မင်းက လွဲပြီး ဒီကိစ္စပြောလို့ဖြစ်မယ့် တခြား ငါနဲ့ရင်းနှီးတဲ့လူ မရှိဘူး"

စားဖိုမှူးသည် အတန်ငယ် စဉ်းစားနေသည်။ ထိုနောက်မှ ပြောလေ၏။ "ကျွန်ုပ် မီးငြိမ်းလိုက်ရင် တခြားလူတွေ ကျွန်ုပ်ကို ဝိုင်းပြီး မအော်ကြပေဘူးလား"

"အဲဒီလိုမဖြစ်အောင် လုပ်ရလိမ့်မယ်။ တခြားလူတွေ မင်း မီးငြိမ်းမှန်းမသိအောင် ငြိမ်းလိုက်ပါ"

စားဖိုမှူးသည် တစ်ဖန်စဉ်းစားနေပြန်သည်။ ကျွန်ုပ် သူ့ကို နားလည်အောင် ရှင်းပြသည်။ "ဒီကိစ္စ ဒါလောက် စဉ်းစားနေစရာမလိုဘူး။ မင်း ထမင်းပွဲ ပြင်ကျွေးတဲ့အချိန်မှာ တစ်ယောက်ယောက်ကို လက်တို့ထား။ သူက မီးကို ငြိမ်းပစ်လိုက်လိမ့်မယ်။ မီးကို ဘယ်သူငြိမ်းပစ်တယ်၊ ဘာကြောင့် ငြိမ်းပစ်တယ်ဆိုတာ နောက်ကျတော့ သူ့ဟာသူ ရှင်းသွားလိမ့်မယ်"
mgyoe.com

mgyoe.com


"အဖွားနုတစ်ယောက်တည်း ထမင်းလာစားတာ မဟုတ်ဘူး။ သူ့ညီနောင်တွေနဲ့ အတူလာတာ" စားဖိုမှူးက သူ့အခက်အခဲကို ပြောပြပြန်လေသည်။

"ဒီကနေ့ သူတစ်ယောက်တည်း လာလိမ့်မယ်"

"သူ တစ်ယောက်တည်း လာမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ဆရာ"

"သူ တစ်ယောက်တည်းလာတာ မလာတာ မင်းနဲ့ မဆိုင်ပါဘူး။ အဲဒီကိစ္စ ငါ့တာဝန်ထား"

ကျွန်ုပ်က ရယ်ပြီး ပြောလိုက်လေသည်။ "ဒီကနေ့ည ငါလည်းပဲ သူနဲ့အတူ ဒီမှာ ထမင်းလာစားမယ်"

"အဲဒီလိုဆိုရင်တော့ ကိစ္စမရှိပါဘူး"

စိမ်ကိန်း ချမှတ်ပြီးသွားလေပြီ။ ဆရာဒေါက်တာတစ်ယောက် ဘာကြောင့် ဤအစီအစဉ်ကို ပြုလုပ်ရသည်ဆိုသည်ကိုမူ စားဖိုမှူးမှာ ဝေခွဲမရ ဖြစ်နေရှာသည်။

ညဥ့်ပထမပဟိုရ်အထိ ကျွန်ုပ်သည် အဖွားနုအား စကားအမျှင်မပြတ်ပြောပြီး ဆွဲထားလေသည်။ တခြားသားတော်များ ညစာစားပြီးကြပြီဟု ယုံကြည်စိတ်ချရလောက်မှ စကားပြောရပ်လိုက်ပြီး ကျွန်ုပ်ပါ သူနှင့် တစ်ခါတည်း စားသောက်ခန်းဆောင်သို့ လိုက်လာခဲ့လေသည်။

ယနေ့ သူ၏ဆရာသမားလည်း သူနှင့်အတူ ညစာစားမည်ဟု သိရသဖြင့် အဖွားနုသည် အားရဝမ်းသာ ဖြစ်နေသည်။ ကြိုတင် စီစဉ်ထားသည့်အတိုင်း ထွန်းထားသည့်မီးကို ငြိမ်းပစ်လိုက်လေသည်။

"အလို...ဒါ ဘာဖြစ်တာလဲ" အဖွားနု ထအော်လေသည်။

"ဘာမှ မဖြစ်ပါဘူး၊ ပြန်လင်းလာမှာပါ" ကျွန်ုပ်သည် မီးငြိမ်းသွားသဖြင့် ပေါ်လာသည့်အမိုက်မှောင်ကို အရေးမကြီးသည့်ပုံစံဖြင့် သူ့ကို ပြောလိုက်လေသည်။

ထမင်းစားကြသည်။

ကျွန်ုပ် ထမင်းစားပြီးပြီဖြစ်ကြောင်း သူ မှန်းဆသိရသောအခါ ကျွန်ုပ်ကို ပြန်ကြစို့ဟု သူက စကားစသည်။

"ငါ စားပြီးပြီဆိုတာ မင်း ဘယ်လိုလုပ် သိသလဲ။ အမှောင်ထဲမှာ

mgyoe.com

mgyoe.com


မင်း မြင်ရတယ်ထင်တယ်" ကျွန်ုပ်က ပြုံးပြီးပြောလိုက်လေသည်။ ထို အမိုက်မှောင်ထဲ၌လည်း ကျွန်ုပ်၏အပြုံးလှိုင်းဂယက်သည် သူ့ကို ထိသွားလေသည်။

"ကျွန်တော် ငတုံးမှမဟုတ်ဘဲ" သူ ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။ သူ၏ရယ်သံသည် အမိုက်မှောင်ထဲ၌ အဝေးသို့အထိ ကူးခတ်သွားလေသည်။

"ငါ ထမင်းစားပြီးပြီဆိုတာ မင်း မှန်းဆလို့ရတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"မင်းလည်း စားပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့...စားပြီးပါပြီ"

"အမှောင်ထဲမှာ စားရပေမယ့် ဘယ်လို အခက်အခဲမှ မတွေ့ဘူး မဟုတ်လား။ ထမင်းကို ဆုပ်ထားတဲ့လက်က ပါးစပ်ထဲ ရောက်ရောက်သွားတာပဲ မဟုတ်လား"

သူ၏ဆရာ အဆန်းမဟုတ်သည်ကို အဆန်းလုပ်ပြောနေသည်ဟု အဇ္ဈနှ ထင်ဟန်တူသည်။

"ထမင်းဆုပ်ထားတဲ့လက် ပါးစပ်ထဲရောက်မသွားလို့ ဘယ်ရောက်သွားရမှာလဲ။ အလင်းရောင် ရှိရှိ မရှိရှိ အလေ့အကျင့်ဖြစ်နေတဲ့အတွက် ပါးစပ်ထဲလက်ရောက်မသွားဘဲ မနေပါဘူး"

"အလေ့အကျင့်ရှိနေတဲ့အတွက် ပါးစပ်ထဲ လက်ရောက်မသွားဘဲ မနေဘူးဆိုရင် အလေ့အကျင့်ရှိနေပါက ကောင်းကင်မှာ နေရှိရှိ မရှိရှိ မြားဟာ ပစ်မှတ်ကို မထိမှန်ဘဲ မနေဘူး" ကျွန်ုပ်၏အသံ၌ လိုသည်ထက် ပိုသော လေးနက်မှု ရှိနေသည်။

ထိုပြဇာတ် အဘယ့်ကြောင့် ကရသည်ဆိုသည်ကို အဇ္ဈနှ ချက်ချင်း သိရှိရိပ်မိသွားသည်။ အတော်ပင် အလေးအနက် ဖြစ်သွားလေသည်။

နောက်ပိုင်း၌မူ သူ့ကို အမှောင်ထဲ၌လည်း မြားပစ်လေ့ကျင့်နေသည်ကို တွေ့မြင်ရသည်။

တစ်နေ့တွင် ညဉ့်နက်သန်းခေါင် ကျွန်ုပ် အိပ်ရာမှ လန့်နိုးသည်။ ကျွန်ုပ်အနီးမှ ဝှီးခနဲ ဖြတ်သွားသော မြားသံကို ကြားလိုက်ရသည်။ ဘယ်လို

mgyoe.com

mgyoe.com

အကြောင်းလဲ၊ ကျွန်ုပ် စူးစမ်းချင်သည့်စိတ် ပေါ်လာသည်။ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။ ဘာကိုမှ မမြင်ရပေ။ အပြင်ဘက် ထွက်လာခဲ့သည်။ အပြင်ဘက်ထွက်ကြည့်မှ မြင်ရသည်။ ကျယ်ပြန့်သော နန်းရင်ပြင်အတွင်းထဲက ရေကန်တောင်ဘက်၌ အဇ္ဈုန မြားပစ်လေ့ကျင့်နေသည်။

သူ့ကို တွေ့ရသောအခါ ကျွန်ုပ် မည်မျှ အားရဝမ်းသာဖြစ်သွားသည်ဆိုသည်ကို ကျွန်ုပ် ဘယ်လိုပြောပြ၍ ရမည်နည်း။ ရှိသမျှလူတွေအားလုံး ဤကမ္ဘာလောကမှ ဝေးကွာသီခေါင်သည့် အိပ်မက်လောကထဲရောက်ကြပြီး ကိုယ့်အိပ်ရာထဲတွင် တုံးလုံးပက်လက်ဖြစ်နေသည့်အချိန်၌လည်း သူ့ခမျာ လေးအတတ် လေးအလေ့အကျင့် သင်နေတုန်းပင် ဖြစ်သည်။ ကျွန်ုပ် အတိုင်းမသိ ပီတိဖြစ်သွားသည်။ ဆရာဂုရုတစ်ယောက်အတွက် ယင်းမှတစ်ပါး တခြား မည်သည့်အရာလိုသေးသနည်း။ ဝမ်းသာအားရ ဖြစ်လွန်းမကဖြစ်ပြီး ကျွန်ုပ်၏နှုတ်မှ ရုတ်တရက် ထွက်သွားသည်။

"သား အဇ္ဈုန၊ ဘယ်လေးသည်တော်မှ မင်းနဲ့ပြိုင်နိုင်တော့မှာ မဟုတ်ဘူး"

သူ့အလိုလိုပင် ထွက်သွားသော ဥဒါန်းစကား ဖြစ်လေသည်။ အဇ္ဈုနလည်း အားတက်သရောဖြစ်သွားလျှင် ဂုရုဒေဝဟု ခေါ်လျက် ကျွန်ုပ်၏ခြေအစုံပေါ် ပစ်လှဲချလိုက်လေသည်။

အဇ္ဈုနသည် ယင်းကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။ အတတ်ပညာသင်ကြားအားထုတ်ရာ၌ လည်းကောင်း၊ အလေ့အကျင့် ပြုလုပ်ရာ၌လည်းကောင်း သူနှင့်ယှဉ်နိုင်သူ တစ်ယောက်မှမရှိပေ။ လုံ့လဝီရိယနှင့်ပတ်သက်၍ လည်းကောင်း၊ ဉာဏ်စွမ်းဉာဏ်စနှင့် ပတ်သက်၍လည်းကောင်း ယှဉ်နိုင်သူရှိသည်ဆိုလျှင် ထိုသူမှာ ကဏ္ဏ (ကရဏ)ဖြစ်လေသည်။

ကဏ္ဏလည်း ထူးခြားမှုရှိသူ ဖြစ်သည်။ ဇာတ်နိမ့်သားသမီးထဲကဖြစ်သော်လည်း ခတ္တိယနွယ်ဖွား မင်းညီမင်းသား ပုံပန်းသဏ္ဌာန် ဟန်ပန်အမူအရာမျိုးဖြင့် ဘယ်လိုလုပ်မွေးဖွားလာသည်မသိပေ။ သူ့ကို ကျွန်ုပ်ဘာတစ်ခွန်းမှလည်း ပြောမပြပေ။

သူ့ကို မိမိ၏တပည့်တစ်ယောက်အဖြစ်လည်း ပြောမပြပေ။ ဘာတစ်ခုမှလည်း သင်ကြားပြသမပေးပေ။ တခြားတပည့်များအား သင်ကြား ပြသသည်ကို ကြည့်ရင်း သူ နားလည်တတ်မြောက်သွားသည်။
mgyoe.com

mgyo.com

နှစ်ကြိမ် ကြည့်ရသည်ဟူ၍ မရှိပေ။ ခက်ပေ့ဆိုသည့် လေးပစ်နည်းများကိုပင် တစ်ခဏအတွင်း သူ့အလိုလို တတ်မြောက်သွားသည်။ ထိုပစ်နည်းများကိုလည်း လက်တွေ့ပစ်ပြလေသည်။

ယင်းသို့ ဖြစ်ပါသော်လည်း ထိုဇာတ်နိမ့်သား၏ မာန်မာနသည် ဟိမဝန္တာတောင်ထက်ပင် မြင့်သေးသည်။ ကျွန်ုပ်အပါးသို့ မည်သည့်အခါမှ ချဉ်းကပ်မလာပေ။ အဇ္ဇုနကမူ ကျွန်ုပ်အပါးသို့ မကြာခဏချဉ်းကပ်လာလေ့ ရှိသည်။ အဇ္ဇုနသည် ကျွန်ုပ်၏သား အဿထပင်မရောက်သည့် ကျွန်ုပ်၏ နှလုံးသား အောက်ခြေထိ ရောက်နေလေသည်။

ယင်းသို့ဖြစ်ရခြင်း၌ ကျွန်ုပ်၏သံယောဇဉ်က သာမညဖြစ်ပြီး ဂုရုအပေါ်ထားရှိသည့် သူ၏လေးစားကြည်ညိုမှုက အဓိကဖြစ်လေသည်။

ကျွန်ုပ်အပေါ်ထားရှိသော အဇ္ဇုန၏ စေတနာမျိုးကိုလည်းကောင်း၊ ကြည်ညိုလေးစားမှုမျိုးကို လည်းကောင်း တခြား မည်သည့်တပည့်တွင်မှ ကျွန်ုပ် မတွေ့မမြင်ရပေ။

အားလုံးပင် ကျွန်ုပ်၏ တပည့်များဖြစ်ကြသည်။ လေး၊ ပုဆိန်၊ ဓား၊ လှံတို၊ လှံရှည် စသော လက်နက်ဟူသမျှ ကိုင်တွယ်ပုံ ကိုင်တွယ်နည်း၊ အသုံးပြုပုံပြုနည်း နည်းပညာများကို ကျွန်ုပ်သင်ကြားပေးသည်။ ကျွန်ုပ်၏ ကျော်စောကိတ္တိသည် ရပ်ဝေးတိုင်းပြည်သို့အထိ ရောက်သွားသည်။ တိုင်းတစ်ပါးမှ ဘုရင်ကေရာဇ်တို့သည် သူတို့၏သားတော်များအား ပညာသင်ကြားဆည်းပူးရန် ကျွန်ုပ်ထံလွှတ်လိုကြသည်။ သို့သော်လည်း ကျွန်ုပ် လက်မခံပေ။ ကျွန်ုပ်သည် အနှောင်အဖွဲ့ကင်းစွာဖြင့် ပညာသင်ကြားပေးသော သင်္ချမ်းကျောင်းက ဆရာဂုရု မဟုတ်တော့ပေ။ ကိုယ့်ကိုယ်ကိုယ် ရောင်းစားထားပြီးဖြစ်သည့် ဟတ္ထိနာပူရက မင်းမှုထမ်းတစ်ယောက်ဖြစ်နေပြီ။

တစ်နေ့သ၌ နံနက်ခင်းအချိန်တွင် ကျွန်ုပ်သည် ဘုရင့်သားတော်များကို လေ့ကျင့်ခန်းလုပ်ခိုင်းနေသည်။ ထိုအခိုက် တော်သလင်းလ မိုးတိမ်ကဲ့သို့ နက်ကြုတ်သောအသွေးအရောင်ရှိသည့် အားကောင်းမောင်းသန် သူငယ်တစ်ယောက် ကျွန်ုပ်ထံ ရောက်လာသည်။ ကျွန်ုပ်၏ ခြေကိုကိုင်ပြီး လျှင် ကျွန်ုပ်ထံတွင် တပည့်ခံလိုကြောင်း ပြောပြလေသည်။ ကျွန်ုပ် သူ့ကို

mgyoe.com

mgyoe.com


ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

သူ၏ ညိုမှောင်သော ကိုယ်ရောင်ထဲမှ ရောင်ခြည်များ ဖြာထွက်နေကြသည်။ သူ၏ ကိုယ်ခန္ဓာထဲ၌ ပုန်းအောင်းနေသောနေသည် အခွင့်ကြုံသည်နှင့် တစ်ပြိုင်နက် ထွက်ပြူလာလိမ့်မည်ဟူ၍ ထင်နေရသည်။

"နေပါဦး၊ မင်းက ဘယ်သူလဲ"

ကျွန်ုပ်က မေးလိုက်လေသည်။

"ကျွန်တော် နိသာဒဘုရင် ဟိရညဓနုရဲ့ သားပါ"

သူငယ်က ပြန်ဖြေသည်။

"နိသာဒ သားတစ်ယောက်က လေးအတတ်ကိုသင်မလို့ ဟုတ်လား"

ကျွန်ုပ် တအံ့တသြ မေးလိုက်သည်။

ကျွန်ုပ်၏ အမူအရာကိုကြည့်ပြီး သူငယ်သည် ရွံ့သလိုဖြစ်သွားသည်။

"ဒါပေမဲ့ သျှတ္တရကျမ်းဂန်တွေက နိသာဒလူမျိုးတွေကို လေးအတတ်သင်ကြားပေးဖို့ ခွင့်ပြုမထားဘူး"

သူငယ် အတန်ကြာ နှုတ်ဆိတ်သွားသည်။ ထိုနောက် တစ်လုံးချင်း ပြောလေသည်။

"အတတ်ပညာ တစ်ခုခုကို အမျိုးဇာတ်တစ်ခုခုက လက်ဝါးကြီးအုပ်ထားတယ်ဆိုတာ မှန်သလား၊ မမှန်ဘူးလား ဆရာ..."

သူ့ထံမှ ဤကဲ့သို့စကားမျိုး ကြားရလိမ့်မည်ဟူ၍ ကျွန်ုပ် မမျှော်လင့်ပေ။ ကျွန်ုပ်၏ မျက်နှာအမူအရာ ရုတ်ခြည်း ပြောင်းလဲသွားသည်။ ကျွန်ုပ်သည် မိုးသားတိမ်တိုက်ပမာ လေးနက်တည်ကြည်သွားပြီးလျှင် ပြောလိုက်လေသည်။ "မှားမှား မှန်မှန် မင်းနဲ့ ဘာဆိုင်လို့လဲ။ သျှတ္တရကျမ်းဂန် အဆိုအမိန့်ကို လက်ညှိုးထိုးပြဝံ့တာ မင်းက ဘာကောင်မို့လဲ"

သူငယ်သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ကျွန်ုပ်၏ ခြေထောက်ပေါ် ပစ်လှဲချလိုက်ပြီးလျှင် မဝံ့မရဲ ပြောလေသည်။

"ကျွန်တော် မှားသွားပါတယ်၊ ခွင့်လွှတ်ပါ ဂုရုဒေဝ"

ကျွန်ုပ် ထောင်းခနဲ ဒေါသထွက်သွားသည်။

"ဂုရုဒေဝ ဟုတ်လား။ မင်းက ငါ့ကို ဂုရုဒေဝလို့ ဘာဖြစ်လို့ ခေါ်ရတာလဲ။ အရှင်မင်းကြီးလို့ ခေါ်ချင်ခေါ်နိုင်တယ်။ အရှင်သူမြတ်လို့ ခေါ်ချင်

mgyoe.com

ခေါ်နိုင်တယ်။ ငါက မင်းကို တပည့်အဖြစ်မှ အသိအမှတ်မပြုသေးဘဲ။ ငါ မင်းရဲ့ ဂုရုဒေဝ ဘယ်လိုဖြစ်မှာလဲ"

"ဆရာက ကျွန်တော့်ကို တပည့်တစ်ဦးအဖြစ် အသိအမှတ်ပြုပြု မပြုပြု ကျွန်တော်ကတော့ ဆရာ့ကို မိမိဆရာဂုရုလို့ပဲ အောက်မေ့ထားပြီးပါပြီ။ ဆရာဂုရုတစ်ဦးရဲ့ ရုပ်တုတည်ရှိနေပြီးဖြစ်တဲ့ ကျွန်တော့်နှလုံးအိမ် ပလ္လင်မှာ အခြားတစ်စုံတစ်ယောက်အတွက် နေရာမရှိတော့ပါဘူး"

သူ၏ စကားလုံးတိုင်း စကားလုံးတိုင်း၌ လေးနက်တည်ငြိမ်မှု ရှိနေသည်။ သူ၏အသံ၌ သြဇာရှိနေသည်။ သူ၏မျက်နှာအမူအရာ၌ ထူးခြားသော အရှိန်အဝါရှိနေသည်။ ထိုနိသာဒသူငယ် ယင်းသို့ ပြောလိုက်စဉ် ခဏက သူ့တွင်ပေါ်လွင်နေသော ယင်းအချက်အလက်များကို ကျွန်ုပ် သတိရနေသည်။ ကုရုညီနောင်နှင့် ပဏ္ဍုညီနောင်တို့သည် သူ့ကို မျက်လုံးပြူးကြည့်နေကြသည်။ ထိုသူငယ်၏ ပြတ်သားခိုင်မာမှုကို သူတို့ တအံ့တဩ ဖြစ်နေကြသည်။ သို့သော်လည်း ထိုသူငယ်သည် ဆက်လက်မနေတော့ပေ။ သွားတော့မည်ဟန် ပြင်လေသည်။

ထိုအချိန်ပိုင်းကလေး၌ပင် ကျွန်ုပ်သည် သူ၏အရှိန်အဝါ အလွှမ်းမိုးခံသွားရသည်။ ကျွန်ုပ်၏စိတ်က ကျွန်ုပ်ကို ပြောပြသည်။

"ဒီသူငယ်မှာ မင်းတပည့်ဖြစ်ထိုက်တဲ့ အရည်အချင်း အပြည့်အဝ ရှိတယ်။ သူ့ကို တပည့်သားမြေးအဖြစ် လက်ခံလိုက်ပါ။ သျှတ္တရကျမ်းဂန်ရဲ့ အဆိုအမိန့်ကို ချိုးဖောက်ဖျက်ဆီးပစ်လိုက်ပါ။ တပည့်ဖြစ်ထိုက်သူရဲ့ အရည်အသွေးကိုသာ ကြည့်ပါ။ မင်းက ဆရာဂုရုတစ်ယောက် မဟုတ်လား"

သို့သော်လည်း ကျွန်ုပ်၏အသိဉာဏ်က ပြောနေပြန်သည်။

"မင်း...အဲဒီလို ဘယ်တော့မှ မလုပ်နဲ့။ မင်းတပည့်ဖြစ်ရတာနဲ့ တစ်ပြိုင်နက် သူ့အရှိန်အဝါဟာ နေမင်းလို ထက်မြက်ပြင်းထန်လာလိမ့်မယ်။ အဲဒီအချိန်မှာ မင်းရဲ့တပည့်များဖြစ်တဲ့ ကုရုညီနောင်နဲ့ ပဏ္ဍုညီနောင်တို့ ဘယ်လိုဖြစ်သွားမယ် ထင်သလဲ။ သူတို့ထဲက တစ်ယောက်မှ ဒီသူငယ်ကို ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး။ မင်းက အဇ္ဇုနကို အတုမရှိတဲ့လူတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ နိမိတ်ဖတ်ထားတယ် မဟုတ်လား။ အဇ္ဇုန ဘယ်လို ဘယ်လို အခြေအနေမျိုး ဖြစ်သွားမယ် မှတ်သလဲ၊ ဇမ္ဗူဒိပ်ကျွန်းရဲ့ ကြီးမြတ်

mgyoe.com

mgyoe.com

တဲ့ အာစရိယ အစဉ်အလာအရ ငါဟာ အာစရိယတစ်ယောက် ဖြစ်တယ်လို့ မင်းကိုယ်ကို ထင်မှတ်နေတယ်။ အဲဒါ မင်းအမှားပဲ။ မင်းဟာ ကိုယ့် အာစရိယဘဝ၊ ဆရာဂုရုဘဝကို ရောင်းစားလိုက်ပြီးပြီ။ အခုအချိန်မှာဆိုရင် မင်းဟာ ဟတ္ထိနာပူရရဲ့ မင်းမှုထမ်း အစေအပါးတစ်ယောက်သာ ဖြစ်တယ်။ နန်းတွင်းအမိန့် မရရှိဘဲနဲ့ မင်း ဘယ်သူ့ကိုမှ ပညာသင်ပေးလို့မရဘူး။ မင်းဟာ သူတစ်ပါးအပေါ် မှီခို နေရတဲ့အလုပ်ကို ကလေ့စားချေလိုတဲ့ မီးလျှံ မီးတောက် ငြိမ်းအေးသွားစေရန်အတွက် ရည်ရွယ်ချက်သက်သက်နဲ့သာ လုပ်ခြင်းဖြစ်တယ်။ ဘယ်မှာလဲ မင်းရဲ့ အာစရိယဘဝ၊ ဘယ်မှာလဲ မင်းရဲ့ ဂုရုဘဝ။ မင်းဟာ အာဃာတ တရားရဲ့အစုအပုံမျှသာ ဖြစ်တယ်မဟုတ်လား။ တုံ့ပြန်ရန်ပြုလိုတဲ့ စိတ်ဓာတ် အစုအပုံမျှသာ ဖြစ်တယ်မဟုတ်လား"

ကျွန်ုပ်ဦးနှောက် ချာချာလည်သွားသည်။ ကျွန်ုပ် အလွန်တရာ မြင့်သောနေရာမှ ရုတ်တရက် အောက်သို့ ဘုံးခနဲလိမ့်ကျသွားသလို ဖြစ်သွားလေသည်။

ထိုအချိန်၌ ထိုသူငယ် အဝေးသို့ရောက်သွားပြီ။ ကျွန်ုပ် သူ့ကို လှမ်းခေါ်လိုက်သည်။ သူငယ်က တစ်ကျော့ပြန်လာပြီးလျှင် အပိုးကျိုးနေသည့် သူ၏အမူအရာအတိုင်း ကျွန်ုပ်ခြေထောက်ပေါ် တစ်ဖန်လှဲချ လိုက်ပြန်လေသည်။ သူ့ကို ကြည့်ရသည်မှာ အလွန်တရာ အားထားမျှော်လင့်နေပုံရသည်။ ဆရာ စိတ်ပြောင်းသွားပြီး သူ့ကို တပည့်အဖြစ် လက်ခံတော့မည်ဟူ၍ သူ စိတ်ချယုံကြည်သွားသည်။ သို့သော်လည်း သူ့ကို ကျွန်ုပ် "မင်းနာမည် ဘယ်သူလဲ"ဟု မေးရုံသာ မေးလိုက်လေသည်။

"ကျွန်တော့်နာမည် ဧကလလို့ ခေါ်ပါတယ်"

ကျွန်ုပ် သူ့ကိုတစ်ဖန် သွားနိုင်ပြီဖြစ်ကြောင်း အရိပ်အမြွက် ပြလိုက်လေသည်။ သူ၏ ဖျော့တော့ပါးလွှာသော မျှော်လင့်ချက်ရောင်ခြည်သည် မျှော်လင့်ချက်ကင်းမဲ့ခြင်း မိုးသားတိမ်တိုက်များကြားထဲတွင် ပျောက်ကွယ်သွားလေသည်။ ဒယိမ်းဒယိုင်ဖြစ်နေသော ခြေလှမ်းများကိုပင် သူ ပြန်နင်းရပြန်လေသည်။

သုံး ပြန်လည်ထွက်ခွာသွားလေပြီ။

အဖြစ်အပျက်ယာဉ်ရထားသည် အချိန်သမယလမ်းမပေါ်၌ ပြေးသွား

mgyoe.com

mgyoe.com

နေလေသည်။

ကျွန်ုပ်၏တပည့်များသည် သေနင်္ဂဗျူဟာ လက်နက်အတတ်ပညာ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်နေကြလေပြီ။ တစ်နေ့သောအခါ၌ ကျွန်ုပ်သည် သူတို့၏အတတ်ပညာကို စစ်ဆေးစမ်းသပ်ကြည့်ရန် အကြံရလေသည်။

အဇ္ဈုနကို ပြိုင်နိုင်သူမရှိဟုသိထားသော်လည်း ကျွန်ုပ်သည် သံသယစိတ် ဝင်နေသည်။ အကြောင်းမှုကား အဓိရထ၏သား ကဏ္ဏ၏ အရည်အသွေးမှာလည်း မည်သည့်အောက်မှ လျှိုမနေပေ။ ထိုအချိန်က သူ့ကို ကဏ္ဏအဖြစ်မသိဘဲ ရာဓေယဟူသောအမည်ဖြင့် သိနေကြသည်။ သူ့တွင် ဘုရားပေးသော မွေးရာပါ ချပ်မိန်ညိုနှင့် နားတောင်းရှိနေသည်ဖြစ်၍ ကဏ္ဏသည် မာနတောင်ကြီး တစ်တောင်ဖြစ်နေသည်။

နှိမ့်ချရိုကျိုးခြင်းကို သူ လုံးဝနားမလည်ပေ။ အကယ်၍ သူသာ နှိမ့်နှိမ့်ချချလုပ်တတ်လျှင် သူ၏အတတ်ပညာသည် အဇ္ဈုန၏ အတတ်ပညာထက် ယုတ်လျော့လိမ့်မည် မဟုတ်သည်ကို ကျွန်ုပ် အတပ်သိသည်။

ကဏ္ဏသည် ဒုယောဓနေ၏ သူငယ်ချင်းဖြစ်ပြီး အဇ္ဈုနကို မျက်စိစပါးမွေး စူးနေသူဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်ကိုလည်း မနာလိုဝန်တိုဖြစ်နေသည်။ ကျွန်ုပ်ကလည်း မည်သည့် အခြေအနေ၌မဆို သူ အဇ္ဈုနကို ကျော်လွှားမသွားစေရန် စိတ်ဆန္ဒပြင်းပြနေသူ ဖြစ်သည်။ ထိုကြောင့် ကျွန်ုပ်သည် သူတို့နှစ်ယောက် ပိန်မသာ လိမ်မသာအဆင့်သို့ ရောက်စေသည့် အခါအခွင့်မျိုး ဖြစ်ပေါ်မလာစေလိုပေ။

သို့သော်လည်း အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေသည်။

ကျွန်ုပ်သည် တပည့်အားလုံးအတွက် လူပုံအလယ်တွင် လက်နက်အတတ်ပညာပြိုင်ပွဲ ကျင်းပရန် အစီအစဉ်တစ်ခု ပြုလုပ်လိုက်လေသည်။ ထိုကြီးမားခမ်းနားသော လက်နက်အတတ်ပညာပြိုင်ပွဲသို့ ဟတ္ထိနာပူရ မြို့သူမြို့သားများကိုလည်း ဖိတ်မန္တက ပြုလိုက်လေသည်။

ဒုယောဓနေသည် ထိုပြိုင်ပွဲသို့ ကဏ္ဏကိုလည်း ဖိတ်ခေါ်ချင်သည့် အာသီသ ရှိနေသည်။ ပထမ သူ ဆရာကရိပါကို ပြောသည်။ ထိုနောက် တစ်ဖန် ကျွန်ုပ်ကို တိုက်တွန်းတောင်းပန်ပြန်သည်။

mgyoe.com

mgyoe.com

"ရာဓေယကိုလည်း ဖိတ်ဖို့ကောင်းပါတယ် ဆရာ"

"ဟတ္ထိနာပူရ တစ်မြို့လုံးကို ဖိတ်ထားတာပဲ။ သူလည်း လာနိုင်ပါတယ်"

"ဟတ္ထိနာပူရ မြို့သူမြို့သားတွေကို ပွဲကြည့်ပရိသတ်အနေနဲ့ ဖိတ်တာမဟုတ်လား"

"အေးလေ၊ သူလည်း ပွဲကြည့်ပရိသတ် တစ်ဦးအနေနဲ့ လာနိုင်တယ်။ မင်းတို့ ယာယီတည်းနန်းမှာပဲ သူ့ကို နေရာချပေးလိုက်ပါလား"

"အဲဒီလို မလုပ်ပါနဲ့ ဆရာ"

"မင်းက ဘယ်လို လုပ်စေချင်လို့လဲ"

"ရာဓေယကိုလည်း ပြိုင်ပွဲဝင်သူတစ်ဦးအနေနဲ့ ဖိတ်စေချင်တယ်။ သူလည်း ပြိုင်ပွဲမှာ ဝင်ပြိုင်သင့်တဲ့ လူတစ်ယောက်ဖြစ်ပါတယ်"

"အဲဒီလိုတော့ ဘယ်ဖြစ်နိုင်မလဲ" ကျွန်ုပ်၏အသံ၌ ခိုင်မာသောဆုံးဖြတ်ချက် ရှိနေသည်။ "ဒီပြိုင်ပွဲက ဘုရင့်သားတော်တွေသာ ပါဝင်ယှဉ်ပြိုင်ရတဲ့ပွဲ ဖြစ်တယ်။ ရာဓေယက ဘုရင့်သားတော်မှ မဟုတ်ဘဲ" ကျွန်ုပ်၏စိတ်ကမူ ကျွန်ုပ်ကို ဖြည်းဖြည်းဆေးဆေး ပြောနေသည်။ "ရာဓေယက ခတ္တိယမျိုးနွယ်မှ မဟုတ်ဘဲ။ ခတ္တိယမျိုးနွယ်တွေရဲ့ ပြိုင်ပွဲမှာ ဇာတ်နိမ့်ရဲ့သားတစ်ယောက်က ဘယ်မှာ ပါဝင်ယှဉ်ပြိုင်လို့ ဖြစ်ပါ့မလဲ" သို့သော်လည်း ဒုယောဓနကိုမူ ထိုစကား ပြောမပြလိုက်ပေ။ ကဏ္ဏကို ဇာတ်နိမ့်သားဟုပြောပြီး သူ စိတ်မချမ်းမသာဖြစ်သွားအောင် မပြုလုပ်လိုပေ။ ဒုယောဓနသည် ကဏ္ဏကို ကိုယ့်ညီနောင်များထက်ပင် ခင်မင်လိုလားနေသူ ဖြစ်လေသည်။

ဒုယောဓန အထင်ရောက်သွားသည်မှာမူ ဤမျှသာ ဖြစ်သည်။ ရာဓေယသည် ဘုရင့်သားတော်မဟုတ်။ ထို့ကြောင့် ဤပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်း မပြုနိုင်ပေ။

သတ်မှတ်ထားသော နေ့ရက်တွင် လက်နက်အတတ်ပညာ ပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်လေသည်။ ဟတ္ထိနာပူရတစ်မြို့လုံး ပြုဆင်းလာသည်ဟုထင်ရသည်။ သို့ရာတွင် အစီအစဉ်မှာ အလွန်တရာ စနစ်ကျသဖြင့် မည်သူမှ အခက်အခဲ မတွေ့ရပေ။ ဘုရင့်အနွယ်တော်များက စင်မြင့်ပေါ်တွင်

mgyoe.com

ထိုင်နေကြသည်။ မြောက်ဘက်စင်မြင့်တွင် မိတရဋ္ဌ (ဓရိတရာရှတရ)–ဝိဒူရ စသော ဘုရင်နှင့် မှူးမတ်များရှိနေသည်။ တောင်ဘက်စင်မြင့်ပေါ်တွင်ကား ကုန္တီ၊ ဂန္ဓာရီ စသော မိဖုရားများရှိနေကြသည်။

ကျွန်ုပ် ဘုရင့်သားတော်များ၏ ယာယီတဲနန်းအနီး၌ ရှိနေသည်။ ဆရာကရိပါသည် ပြိုင်ပွဲကြီးကို အုပ်ချုပ်ကွပ်ကဲနေသည်။ ဘုရင့်သားတော်များသည် တစ်ယောက်စီ မိမိတို့၏ပညာစွမ်းကို ပြကြလေသည်။

ဘုရင့်သားတော်များ၏ ယာယီတဲနန်းဘေးရှိ မြေပြင်ပေါ်၌ ထိုင်နေကြသော မြို့သူမြို့သားတို့သည် အချင်းချင်းစကားပြောနေကြသည်။ သူတို့ အချင်းချင်းပြောနေသည့် စကားသံကို ပြတ်ပြတ်သားသား ကြားနေရသည်။

"မိတရဋ္ဌက သူ့သားတော်တွေ ပညာပြိုင်ကြတာကို ဘယ်မျက်လုံးနဲ့ ကြည့်မှာလဲ" တစ်ယောက်ကမေးလိုက်သောအခါ အနီးအနားရှိ လူတွေက ဝိုင်းရယ်ကြလေသည်။

အဘိုးအိုတစ်ယောက်က ပြန်ဖြေပေးလေသည်။ "ဝိဒူရရဲ့ မျက်လုံးနဲ့ ကြည့်မှာပေါ့"

"နို့…ဂန္ဓာရီကကော" ပထမလူကပင် မေးလိုက်ပြန်သည်။

"ကုန္တီရဲ့ မျက်လုံးနဲ့" အဘိုးအိုက ပြန်ဖြေပြန်သည်။

"အဘပြောတာ လုံးလုံးမှားတယ်။ ကမ္ဘာလောကကို အဘ ကိုယ့်မျက်လုံးနဲ့ ကြည့်တယ်မဟုတ်လား" လူအုပ်ထဲက လုလင်တစ် ယောက်က ဝင်ပြောလေသည်။

"ဟေ့…ငါက မင်းမျက်လုံးနဲ့ ကြည့်ရမှာလား"

"ကျွန်တော့်မျက်လုံးနဲ့ ကြည့်ဖို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မိတရဋ္ဌက ဝိဒူရရဲ့မျက်လုံးနဲ့ မကြည့်နိုင်ဘူးဆိုတာနဲ့ ဂန္ဓာရီက ကုန္တီရဲ့ မျက်လုံးနဲ့ မကြည့်နိုင်ဘူးဆိုတာကိုတော့ လက်ခံရလိမ့်မယ်။ တကယ်လို့ သူတို့နှစ်ယောက် အဲဒီလိုသာကြည့်နိုင်ရင် ဟတ္ထိနာပူရ နတ်ပြည် ဖြစ်နေပြီ"

"အခုတော့ ငရဲပြည် ဖြစ်သွားလို့လား"

"ငရဲပြည် ဖြစ်သွားတာတော့ မဟုတ်သေးဘူး။ ဒါပေမဲ့ ငရဲပြည် ဖြစ်ဖို့တော့ စနေပြီ"

ဘုရင့်အနွယ်တော်တွေ တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲနေကြပြီဆိုသည့်

mgyoe.com
သတင်းအရိပ်အမြွက်သည် ပြည်သူလူထုနားသို့အထိ ပေါက်ကြားသွားပြီ ဆိုသည်ကို ကျွန်ုပ်ရိပ်မိလိုက်လေသည်။ အနာဂတ်ကို စိုးရိမ်တကြီးနှင့် ကြည့်နေကြသော သူတို့၏မျက်လုံးသည် သောကအိပ်မက်တွေ မြင်မက်နေကြလေပြီ။ သို့သော်လည်း ကျွန်ုပ်သည် ယင်းအချက်များကို စဉ်းစားတွေးတောချိန် မရပေ။ ပြိုင်ပွဲ ကျင်းပနေပြီ။

အဇ္ဈုန အလှည့် ရောက်လာသည်။ အဇ္ဈုနကား ထူးချွန်သူဖြစ်သည်။ သူ အစွမ်းပြသော လေးအတတ်အမျိုးမျိုးကို တွေ့ရသဖြင့် ပွဲကြည့်ပရိသတ်ရင်သပ်ရှုမော ဖြစ်နေကြသည်။ ပြိုင်ပွဲကျင်းပသည့်နေရာ၏ တည်ငြိမ်လေးနက်မှုသည် အကြိမ်များစွာ ဩဘာလက်ခုပ်တီးသံနှင့် ဟာစ်ကြွေးသံများကြောင့် ဆူပွက်လှုပ်ရှားသွားလေသည်။

ထိုအတောအတွင်း ဝင်းတံခါးဝဆီ၌ ထုသံ၊ တွန်းသံကြားရပြီး ရုတ်ရုတ်သဲသဲ ဖြစ်နေလေသည်။ ပြိုင်ပွဲစကတည်းက ဝင်ပေါက်တံခါးမကြီးကို ပိတ်ထားလေသည်။ လူတချို့ တံခါးကို အရှိန်နှင့်တွန်းထိုး ချိုးဖျက်နေကြပုံရလေသည်။ အစောင့်ချထားသော လက်နက်ကိုင်စစ်သားများသည် ထိုနေရာသို့ ပြေးသွားကြလေသည်။ ပြိုင်ပွဲကိုမူ ဣန္ဒြေမပျက် ဆက်လက်ကျင်းပနေသည်။ ပြိုင်ပွဲလုပ်နေသည့် ပြိုင်ပွဲရုံအတွင်းသို့ကား ဘယ်လို အနှောင့်အယှက်အဖျက်အဆီးမျိုးမှ ရောက်မလာပေ။

အဇ္ဈုန သူ့ပညာအစွမ်းပြ၍ မပြီးသေးခင်မှာပင် ဘီမသည် ပြိုင်ပွဲလုပ်နေသည့်နေရာသို့ ထွက်လာပြီးလျှင် "ကဲ...ငါ့ညီတော်နဲ့ ယှဉ်ပြိုင်နိုင်မယ့်လူ ရှိသေးသလား"ဟု အော်ပြောလိုက်လေသည်။

ဘီမ ပါးစပ်ပင် မပိတ်ရသေးပေ။ တစ်နေရာမှ ကဏ္ဏ ထွက်ပေါ်လာလေသည်။ ဝင်းတံခါးကို ချိုးဖျက်ပြီး ပြိုင်ပွဲရုံအတွင်းဝင်လာလျက် ပွဲကြည့်ပရိသတ်ကြားထဲတွင် ပုန်း၍ကြည့်နေသူမှာ ကဏ္ဏဖြစ်ပုံရသည်။

"သင်တို့ရဲ့ အဇ္ဈုနနဲ့ယှဉ်ပြိုင်ဖို့အတွက် ကျွန်ုပ်ရောက်လာပါပြီ" ကဏ္ဏက ကြေညာလိုက်လေသည်။

ကဏ္ဏ၏ ကိုယ်ခန္ဓာမှ လုံ့လဥဿာဟသည် ဝင်းလက်တောက်ပသောနေရောင်ခြည်ပမာ ဖြာထွက်လာသည်ဟူ၍ထင်နေရလေသည်။ သူ့ကို ကြည့်ပြီး အားလုံး အံ့အားသင့်သွားကြသည်။ သူကတစ်ဖန် ဟာစ်အော်
mgyoe.com

mgyoe.com


ပြောလိုက်ပြန်သည်။ "အဓ္ဓုနုပြသွားတဲ့ ပညာစွမ်းကို ကျွန်ုပ် တစ်ခုမကျန် အကုန်ပြနိုင်တယ်။ တကယ်လို့ ဆရာသမားက ခွင့်ပြုမယ်ဆိုရင် အဓ္ဓုနုပြသွားတဲ့ ပညာစွမ်းထက် သာတဲ့ ပညာစွမ်းကိုလည်းပဲ ကျွန်ုပ် ပြနိုင်ပါတယ်"

ကျွန်ုပ် ဆရာကရိပါကို လှမ်းကြည့်လိုက်သည်။ ကရိပါကလည်း ကျွန်ုပ်ကို လှမ်းကြည့်သည်။ မိမိ ခွင့်မပြုနိုင်သည့်အကြောင်းကို ကျွန်ုပ် မဆွကပင် ဒုယောဓနကို ပြောပြထားပြီး ဖြစ်သည်။ ထိုကြောင့် အသာ ငြိမ်နေလိုက်လေသည်။

သို့သော်လည်း ဆရာကရိပါကမူ ငြိမ်မနေပေ။ "ဒါ ဘုရင့်သားတော်တွေရဲ့ ပြိုင်ပွဲဖြစ်တယ်။ မင်းနဲ့ တစ်ဦးချင်းယှဉ်ပြိုင်ဖို့ အဓ္ဓုနု အဆင်သင့်ပဲ။ ဒါပေမဲ့ မင်းဘယ်သူလဲဆိုတာ အရင်ပြောပြပါဦး။ မင်းက ဘယ် ဘုရင့်မျိုးနွယ်က ဆင်းသက်လာတဲ့လူလဲ။ တစ်ဦးနဲ့တစ်ဦး ယှဉ်ပြိုင်တယ်ဆိုတာ တန်းတူရည်တူ အချင်းချင်းသာ ယှဉ်ပြိုင်ရတယ်။ အမျိုးအနွယ် ဇာစ်မြစ် မသိဘဲနဲ့တော့ အဓ္ဓုနုမပြောနဲ့၊ ဘယ်သားတော်မှ မင်းနဲ့ ယှဉ်ပြိုင်မှာ မဟုတ်ဘူး"

ကဏ္ဏ၏ပါးပျဉ်းကို တစ်စုံတစ်ဦးက တုတ်နှင့်သွားရိုက်သလို ဖြစ်သွားသည်ဟု ကျွန်ုပ် ထင်မိလေသည်။ "ကျွန်ုပ် အမျိုးအနွယ်ကိုမေးပြီး ဘာလုပ်မှာလဲ။ ကျွန်ုပ်ရဲ့ပညာစွမ်း ပညာစကိုသာ ကြည့်ပါလား"

ဆရာ ကရိပါက ရယ်လိုက်လေသည်။ ပရိသတ်များသည် တစ်ဦးနှင့်တစ်ဦး လက်တို့ပြီး တီးတိုးပြောနေကြသည်။ အပြင်းထန်ဆုံး ဒေါသဖြစ်နေသူမှာ ဒုယောဓနေ ဖြစ်သည်။ "ဒါ လုံးဝ မတရားဘူး"ဟူ၍ ဟစ်အော်ပြောလိုက်လေသည်။

"ဆရာသမားရဲ့ ရှေ့မှောက်မှာ တရားတယ်၊ မတရားဘူးဆိုတာကို တပည့်တစ်ဦးအနေနဲ့ ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး" ဆရာကရိပါ၏အသံ၌ ဤမျှ ခိုင်မာပြတ်သားမှုရှိသည်ကို ကျွန်ုပ် ယခင်က တစ်ခါမှမတွေ့ဖူးပေ။

ခိုင်မာပြတ်သားမှုနှင့် ရည်မှန်းချက်ကြီးမားမှုနှစ်မျိုး ထူးခြားစွာ ရောနှောပေါင်းစပ်ခြင်းဖြင့် ပြုလုပ်ဖန်တီးထားသော ဒုယောဓန၏ ကိုယ်ခန္ဓာသည် ဒေါသကြောင့် တဆတ်ဆတ်တုန်နေသည်။ ဆရာကရိပါထံမှ

mgyoe.com

mgyoe.com


ဤကဲ့သို့သော အဖြေစကား ကြားရလိမ့်မည်ဟူ၍ ဒုယောဓနမျှော်လင့် မထားပေ။

"ကောင်းပြီ။ ကျွန်တော် အခုပဲ ရာဓေယကို ရာဇဘိသိက် သွန်းလောင်းပေးလိုက်မယ်။ သူ့ကို ဘုရင်တစ်ပါးဖြစ်အောင် လုပ်ပေးလိုက်မယ်"။ ယင်းသို့ပြောပြီးလျှင် ရာဇဘိသိက်သွန်းလောင်းရန်အတွက် လိုအပ်သော ပစ္စည်းပစ္စယများကို ယူခိုင်းလိုက်လေသည်။

ယခုအချိန်၌ ဒုယောဓနကို မခံချင်အောင်လုပ်ခြင်းသည် မီးနှင့် ကစားခြင်းသာလျှင် ဖြစ်သည်။ ကျွန်ုပ်သည် စိတ်ထဲကမပါသော်လည်း နှုတ်မှ ထွက်သွားသည်။ "ဘုရင်ထင်ရှား ရှိနေပါလျက်နဲ့ ဘုရင်သားတော်က ရာဇဘိက်သိက် သွန်းလောင်းပေးတယ်ဆိုတာ သျှတ္တရကျမ်းဂန်အဆိုအမိန့်နဲ့ မညီညွတ်ဘူး"

ရာဓေယအား ဘုရင်အဖြစ် ကြေညာခြင်းကို မိတရဋ္ဌ မည်သည့်အခါမှ နှစ်သက်လိမ့်မည်မဟုတ်ဟူ၍ ကျွန်ုပ်ယုံကြည်စိတ်ချသည်။ ပြင်ပပုဂ္ဂိုလ် တစ်ဦးက သူတို့၏ မျိုးနွယ်သိက္ခာ ထိပါးလာသည်ကို သူ လက်ခံလိမ့်မည် မဟုတ်ပေ။

သို့သော်လည်း ဒုယောဓနက သူ အခုပင် ဘုရင်မင်းကြီးထံ အခွင့်တောင်းမည်ဟု ဟစ်အော်ကြွေးကြော်လိုက်သောအခါ စင်မြင့်ပေါ်၌ ထိုင်နေသော မျက်မမြင်ဘုရင်သည် သူ၏ဦးခေါင်းကို ပုတ်သင်ညိုဦးခေါင်းကဲ့သို့ လက်ခံသဘောတူသည့်အနေဖြင့် ကြိမ်ဖန်များစွာ ညိတ်ပြလေသည်။ ဒုယောဓနအပေါ်ထားသော ကြီးမားသော သံယောဇဉ်သည် မိတရဋ္ဌအား အဓွန့်နှင့် အလှမ်းအဝေးကြီးဝေးအောင် လုပ်ပစ်လိုက်လေသည်။ အဓွန့် အရှက်တကွဲ အကျိုးနည်းဖြစ်သွားသည်ကို မိတရဋ္ဌ လိုလားနေပုံရသည်။

နဖူးတွင် စန္ဒကူးဆေးစက်တို့လျက် မန္တန်ရွတ်ဆို မန်းမှုတ်ထားသော ရေဖြင့် ဖျန်းပက်ပြီးလျှင် ရာဓေယအား အင်္ဂတိုင်းဘုရင်အဖြစ် ကြေညာလိုက်လေသည်။ ရာဓေယသည် အင်္ဂတိုင်းအရှင်သခင် ဘုရင်ဖြစ်သွားလေပြီ။ ယင်းအထိမ်းအမှတ်အဖြစ် လူတချို့သြဘာလက်ခုပ် တီးကြလေသည်။ သို့သော်လည်း လူအများစုမှာ မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ယင်းထူးခြားဆန်းကြယ်သော ပြဇာတ်ဆန်ဆန် အဖြစ်အပျက်ကို ငေးကြည့်

mgyoe.com

mgyoe.com


နေကြလေသည်။

ကဏ္ဍာသည် ဒုယောဓနအား လည်ချင်းယှဉ်ဖက်လိုက်လေသည်။ အလွန်တရာ အားရဝမ်းသာဖြစ်နေသည်။ ကုရုညီနောင်တို့၏ ယာယီတဲနန်းဆီမှ "ကဏ္ဍာကွ"ဟူ၍ အော်လိုက်သော အဝကာသကောင်းကင်ကို ဖောက်ထွင်းသွားသည့် ကြွေးကြော်သံကြီးကို ကြားလိုက်ရလေသည်။ ကုရုညီနောင်နှင့် ပဏ္ဍုညီနောင်တို့နှစ်သင်း နှစ်ပက္ခကွဲသွားကြပြီးဆိုသည်က သိသာထင်ရှားလှပေသည်။

ထိုအချိန်၌ ဘယ်ထောင့်ကမှန်းမသိ၊ အဘိုးအိုတစ်ယောက်သည် တောင်ဝှေးတဒေါက်ဒေါက်ထောက်ပြီး ထွက်လာလေသည်။ အဘိုးအိုသည် တစ်စုံတစ်ခုပြောလိုပုံရသည်။ သို့သော်လည်း လည်မျိုတစ်ဆို့နေလေသည်။ ကဏ္ဍာအား လည်ချင်းယှဉ်ဖက်လိုသည်ဖြစ်၍ လက်မောင်းနှစ်ဖက်ကို ဆန့်တန်းလိုက်သည်။ ထို့နောက် တောင်ဝှေးကို ပစ်ချလိုက်ပြီးလျှင် တုန်လှုပ်အက်ကွဲသောအသံဖြင့် "လာ...လာ၊ ငါ့သားဘုရင်"ဟု ပြောလိုက်လေသည်။

ကဏ္ဍာသည် အဘိုးအို၏ခြေထောက်ပေါ် ပစ်လှဲချလိုက်လေသည်။ စိတ်မထိန်းနိုင်ဖြစ်ပြီးလျှင် သူ၏မျက်လုံးတွင် မျက်ရည်ဝိုင်းလာလေသည်။ တုန်တုန်ယင်ယင်ဖြစ်နေသော အဘိုးအိုက သူ့ကို မထူခင်ပင် ကဏ္ဍာသည် ကိုယ်တိုင်ကုန်းထပြီးလျှင် ထိုအဘိုးအိုအား ဖက်လိုက်လေသည်။

လျှပ်တစ်ပြက်အတွင်း ယင်းအဖြစ်အပျက်များ ဖြစ်ပျက်နေသော်လည်း ထိုအဘိုးအိုကို ကျွန်ုပ်မသိပေ။ စူးစမ်းမေးမြန်းသော အကြည့်ဖြင့် ဆရာကရိပါကို ကြည့်လိုက်လေသည်။ ကရိပါက ရာဓေယ၏ဖခင် အဓိရထဖြစ်ကြောင်း၊ ဘုရင်ဓိတရဋ္ဌ၏ ယာဉ်မောင်းရထားထိန်းဟောင်းဖြစ်ကြောင်း၊ ယခု အိုကြီးအိုမအရွယ် ရောက်လာပြီဖြစ်ကြောင်း၊ သူ့ကို မတွေ့ရသည်မှာလည်း ကြာပြီဖြစ်ကြောင်း ပြောပြလေသည်။

ကဏ္ဍာ၏အောင်မြင်မှု တောင်ထွတ်တောင်ထိပ်ပေါ်၌ ဖခင်မေတ္တာမိုးသားတိမ်လိပ်များ တစ်ခဲနက်လွှမ်းမိုးအုံ့ဆိုင်းနေသည်ဖြစ်၍ အဓိရထသည် ကဏ္ဍာထံမှ မခွဲနိုင် မခွာရက် ဖြစ်နေလေသည်။

ဆရာကရိပါသည် အတန်ငယ် စဉ်းစားဆင်ခြင်ပြီးလျှင် ကဏ္ဍာအနီးသို့ကပ်လာလျက် ပြောလိုက်သည်။ "အင်္ဂတိုင်းဘုရင်ဖြစ်လာတဲ့အတွက်

mgyoe.com

mgyoe.com

ရာဓေယကို ဂုဏ်ပြုချီးကျူးပါတယ်။ ငါ ဂုဏ်ပြုချီးကျူးတာကို လက်ခံစေချင်ပါတယ်"

ကဏ္ဏသည် သူ့ဖခင်ကိုဖက်ထားရာမှ လွတ်လိုက်ပြီးလျှင် "ကျေးဇူးတင်ပါတယ်"ဟု ပြောလျက် ဆရာကရိပါကို ဦးညွှတ်အရိုအသေ ပြုလိုက်လေသည်။

ဆရာကရိပါက တစ်ဖန် ပြောလိုက်ပြန်လေသည်။ "အင်္ဂတိုင်း ဘုရင်ဖြစ်လာရုံသက်သက်နဲ့တော့ မင်း အဇ္ဇုနနဲ့ ယှဉ်ပြိုင်နိုင်တဲ့ အခွင့်အရေးရရှိသူ ဖြစ်မလာနိုင်ဘူး"

"ဘာဖြစ်လို့လဲ" ဒုယောဓနက ပေါက်ကွဲတော့မည့်အကြည့်ဖြင့် ကြည့်လိုက်သည်။ ကဏ္ဏ၏ အမူအရာတွင်လည်း တင်းမာခက်ထန်သည့် အသွင် ပေါ်လာလေသည်။

"ဘာဖြစ်ရမှာလဲ။ သူက ဇာတ်နိမ့်ရဲ့သား မဟုတ်လား။ ဇာတ်နိမ့်သားသမီးတစ်ယောက်ဟာ ဘုရင့်သားတော်နဲ့ ပညာချင်းယှဉ်ပြိုင်လို့ ဘယ်ဖြစ်မလဲ"

"ဒီပြိုင်ပွဲဟာ ဘုရင့်သားတော်တွေ အားလုံးအတွက် ကျင်းပပြုလုပ်တဲ့ ပြိုင်ပွဲဖြစ်တယ်။ ရာဓေယကလည်း ဘုရင့်သားတော်တစ်ယောက် မဟုတ်လား" ဒုယောဓနက ပြောလေသည်။

"ဒါပေမဲ့ ဘုရင့်သားတော်အစစ် မဟုတ်ဘူး။ လုပ်ယူထားတဲ့ ဘုရင့်သားတော် ဖြစ်တယ်။ သူ့ပင်ရင်းက ဘုရင့်သားတော် မဟုတ်ဘူး။ ဇာတ်နိမ့်ရဲ့သား" ဆရာကရိပါက ရှင်းပြသည်။

ကဏ္ဏ တစ်စခန်းထလေသည်။ "ဇာတ်နိမ့်သားကော ဘုရင့် သားတော် မဖြစ်နိုင်ဘူးလား"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ ဘုရင့်သားတော်တော့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ခတ္တိယမျိုးတော့ ဖြစ်မလာနိုင်ဘူး"

"လေးအတတ်က ခတ္တိယမျိုးတွေရဲ့ ဘိုးဘွားပိုင်ပစ္စည်းလား" ကဏ္ဏ၏ ဒေါသမီးသည် အခိုးအလျှံများကို ထုတ်လွှင့်လိုက်လေသည်။

"ဟုတ်တယ်...ဟုတ်တယ်။ ဘိုးဘွားပိုင်ပစ္စည်း ဖြစ်တယ်"

အော်လည်းအော်၊ ဟားတိုက်၍လည်း ရယ်ပြီးလျှင် ဘီမ ကြားဝင်

mgyoe.com

mgyoe.com


လာလေသည်။ ဘီမသည် မြေပြင်ပေါ်၌ကျနေသော အဓိရထ၏ တောင်ဝှေးကို ကောက်ယူလျက် ကြာပွတ်ကဲ့သို့ မွှေ့ယမ်းပြီးလျှင် ပြောလိုက်လေသည်။

"ရထားထိန်းသား၊ မင်းလက်ထဲမှာ လေးမတင့်တယ်ပါဘူး။ လေးကို လွှင့်ပစ်လိုက်ပြီး ဒီကြာပွတ်ကို ကိုင်ပါ။ မင်းအဖေဟာ တစ်သက်လုံး မြင်းဇက်ကြိုးကို ကိုင်လာခဲ့တဲ့လူ ဖြစ်တယ်။ မင်းက အဇ္ဇုနနဲ့ ယှဉ်ပြိုင် တိုက်ခိုက်မလို့လား"

ဤမျှသာ ပြောလိုက်ရသည်။ ဒုယောဓနသည် ဒေါသမီးတောင်ပေါက်ကွဲသွားပြီးလျှင် စွန်ရဲကဲ့သို့ ဘီမအပေါ် အတင်းခုန်အုပ်လိုက်လေသည်။ သို့သော်လည်း ကဏ္ဏကမူ သူ၏ ရပ်မြဲနေရာ၌သာလျှင် ရပ်နေပြီး ဒေါသကြောင့် အသားဆတ်ဆတ်တုန်နေလေသည်။ အပိုင်းအခြားမရှိသည့် စော်ကားမှု အုတ်နံရံထဲတွင် သူ၏အသိဉာဏ် အကျဉ်းချထားခြင်းခံရသကဲ့သို့ ဖြစ်သွားသည်။ မည်သို့မှ မကြံတတ် မစည်တတ် ဖြစ်နေသည်။

အနီး၌ပင် ငြိမ်းတော့မည့်မီးစာကဲ့သို့ အဓိရထလည်း လှုပ်ခါနေလေသည်။

ဆရာကရိပါက ဘီမကို လည်းကောင်း၊ ကျွန်ုပ်က ဒုယောဓနကိုလည်းကောင်း ဆွဲထားလိုက်ကြသည်။ ဒုယောဓနကို နားချလိုက်သည်။

"သား၊ အတိုင်းအတာကို မချိုးဖောက်ချင်ပါနဲ့"

ဒုယောဓနက ပြန်လှန် ရန်တွေ့သည်။

"ဆရာကလည်း ကျွန်တော့်ကိုချည်း အပြစ်တင်နေတာပဲ။ အတိုင်းအတာကို ကျွန်တော်က စချိုးဖောက်တာလား။ ဘီမက စချိုးဖောက်တာလား"

"သူ့ကို မပြောနဲ့၊ သူက လူမိုက်ပဲ"

ယင်းသို့ပြောပြီးလျှင် ယာယီတဲစခန်းသို့ ချော့ခေါ်သွားလေသည်။

ပွဲပျက်သွားလေပြီ။ လူထုပရိသတ်သည် ထိန်းမနိုင် အုပ်မရ ဖြစ်သွားသည်။ တစ်နေရာမှ တစ်ယောက်က ခရုသင်းမှုတ်လေသည်။ အခြားနေရာမှ အခြားတစ်ယောက်က တံပိုးမှုတ်လေသည်။ တချို့ကမူ မိမိတို့၏ပါးစပ်ဖြင့်ပင် ဆန်းဆန်းကြယ်ကြယ် သံသေးသံကြောင်များ ထွက်အောင်လုပ်နေကြသည်။

mgyoe.com

mgyoe.com


နေဝင်သွားလေပြီ။ မီးတိုင်များ ထွန်းညှိကြသည်။ ရုတ်ချည်းပင် လက်နက်အတတ်ပြိုင်ပွဲ ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း ကြေညာလိုက်လေသည်။

ထိုအချိန်ကျမှပင် စင်မြင့်ပေါ်ရှိ မိဖုရားကုန္တီ သတိမေ့လဲကျသွားသည်ဆိုသည်ကို ကျွန်ုပ် သိရသည်။ အားလုံး အံ့အားသင့်သွားကြသည်။ ပြောလောက်ဆိုလောက် အကြောင်းထူးမရှိဘဲနှင့် ကုန္တီ အဘယ့်ကြောင့် နှလုံးထိခိုက်သွားသည်ကို နားမလည်နိုင်အောင် ဖြစ်သွားကြသည်။ သတိမေ့သွားသူအား သတိပြန်ရအောင် ကြိုးစားကြသည်။ ပဏ္ဍုညီနောင်တို့ ပို၍ ပျာယာခတ်နေသည်ကို တွေ့ရသည်။

ကုန္တီ သတိမေ့သွားသည့်အတွက် အကျိုးထူးတရားတစ်ခုရှိလာသည်မှာ လူတွေ၏အာရုံသည် ရန်ပွဲကခွာပြီးလျှင် ကုန္တီဆီရောက်လာလေသည်။ ထိုအချိန်၌ ရန်ဖြစ်မှာ၊ တစ်ယောက်နှင့်တစ်ယောက် ထိုးနှက်တိုက်ခိုက်မှာ မပူရတော့ပေ။

ဤလက်နက် အတတ်ပြိုင်ပွဲသည် ရန်ငြိုး၏၊ အာဃာတ၏ အဆိပ်ပင် ဖြစ်လေသည်။ ထိုအဆိပ်ပင်သည် ပတ်ဝန်းကျင် အခြေအနေ အရ ဆတက်ထမ်းပိုး အဆိပ်သီးများသီးပွင့်လာကြသည်။

❑

mgyoe.com

mgyoe.com

[ ၅ ]

အတိတ်သည် ဆင်းရဲဒုက္ခပြွမ်းနေသော အတိတ်ပင် ဖြစ်သော်ငြား လည်း ထိုဒုက္ခအတိရှိနေသည့် အတိတ်ကိုပင်ဖြစ်စေ ပြန်ပြောင်း သတိတရ ရှိနေသည်မှာ အရသာတစ်မျိုးရှိနေသည်။ တစ်နေ့သောအခါ၌ ယင်းကဲ့သို့ အရသာတစ်မျိုးရှိသည့် အတိတ်ကာလ အောက်မေ့တသခြင်း ဆီသို့ ကျွန်ုပ်၏စိတ်နှလုံးသည် ပြေးထွက်သွားလေသည်။

အကြောင်းအရာမှာ မပြောပလောက်သည့် သာမန်အကြောင်းအရာ မျှသာဖြစ်သော်လည်း အတော်အတန် ထူးခြားသလိုလို ဖြစ်နေသည် ဟူ၍မှု ထင်ရလေသည်။

ညနေဆည်းဆာမတိုင်မီ ကျွန်ုပ် အိမ်သို့ ပြန်လာခဲ့သည်။ နေလို့ သိပ်မကောင်းပေ။ အဖျားဝင်လာသည်ဟု ထင်နေရသည်။

ကိုယ်ခန္ဓာ အတန်ငယ် ပျော့တိပျော့ခွေ ဖြစ်လာသည်ဖြစ်၍ ကျွန်ုပ် သည် အခန်းထဲဝင်သွားသည်။ ထိုအခါ အခန်းဝ၌ နွားနို့များ ဖိတ်ကျ စီးဆင်းနေပြီး နွားနို့ထည့်သည့်မြေကရားသည် တစ်နေရာ၌ တုံးလုံး ပက်လက် ဖြစ်နေသည်ကို တွေ့ရသည်။ တစ်စုံတစ်ယောက်က နွားနို့ အပြည့်နှင့် ကရားကို ခြေနှင့်ကန်ပြီး မှောက်ပစ်လိုက်သည်ဆိုသည်မှာ ထင်ရှားပြတ်သားနေသည်။

ယင်းအခြေအနေကို တွေ့ရသည်နှင့် တစ်ပြိုင်နက် "အလို... ဒါ

mgyoe.com